ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

၁၃၈၀ ပြည့်နှစ် တပေါင်းလဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 13 March 2019 ၉၅၈၉

# မန္တလေးမြို့တွင် ပုဂ္ဂလိကကုမ္ပဏီများက ပြုလုပ်သည့် ကျောက်စိမ်းပြပွဲများ၏ အခွန်ငွေပေးဆောင်မှု အခြေအနေ တိုင်ကြားစာနှင့်စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် မတ် ၁၂

**ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့တွင် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ (၅/၂၀၁၉)နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းလေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာတို့အပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။**

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးပြီးဖြစ်သည့် ဦးညွန့်စိန်၊ ဦးသက်ထွန်း၊ ဦးမြင့်အောင်၊ ဦးစောဒယ်နီရယ်ကြည်၊ ဦးအောင်စိုးဝင်း၊ ဦးသန်းအောင်၊ ဦးမင်းဆွေနှင့် ဦးဆွေတင့်လွင်တို့က ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ် ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးဇော်ဝင်းက **နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော စားသုံးသူကာကွယ်ရေး ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးကျော်ကျော်က **လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး** **စာမျက်နှာ ၄ ကော်လံ ၁ သို့** ❖



ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်

**ကြေးမုံ သတင်း အညွှန်း**

**အာဖရိကဝက်အပြင်းဖျားရောဂါ မြန်မာနိုင်ငံသို့ မကူးစက်လာစေရန် ကြိုတင်ကာကွယ်ရေးဆောင်ရွက်**

စာမျက်နှာ » ၇

**ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံတွင် ကျဆုံးခဲ့သော အမေရိကန်စစ်သည်များ၏ ရုပ်ကြွင်းများအား မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဂုဏ်ပြုသယ်ဆောင်**

စာမျက်နှာ » ၁၃

# အထွေထွေအာမခံလုပ်ငန်းကို နိုင်ငံခြားကုမ္ပဏီနှင့် ဖက်စပ်လုပ်ကိုင်ရန် ဆွေးနွေး


**ရန်ကုန် မတ် ၁၂**

ဂလိုဘယ်ဝေါ(လ်)အာမခံကုမ္ပဏီသည် အထွေထွေအာမခံလုပ်ငန်းကို ဖက်စပ် (JV) ပူးပေါင်းလုပ်ဆောင်ရန် နိုင်ငံခြားအာမခံကုမ္ပဏီများနှင့် ဆွေးနွေးမှုပြုလုပ်နေကြောင်း အဆိုပါကုမ္ပဏီမှ သိရသည်။

ယင်းကဲ့သို့ ပူးပေါင်းဆောင်ရွက်ရန်အတွက် အထွေထွေအာမခံလုပ်ငန်းကို Global World Insurance ကုမ္ပဏီအနေဖြင့် လုပ်ဆောင်သွားမည်ဖြစ်ပြီး အသက်အာမခံလုပ်ငန်းကို Global Light Insurance ကုမ္ပဏီအနေဖြင့် သီးခြားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"အခု ကျွန်တော်တို့ကုမ္ပဏီက ဖက်စပ်လုပ်ကိုင်ဖို့အတွက် နိုင်ငံခြားကုမ္ပဏီတချို့နဲ့ ဆွေးနွေးနေဆဲဖြစ်ပါတယ်။ နိုင်ငံခြားကုမ္ပဏီတွေက ဒီမှာကိုယ်စားလှယ်ရုံးလာဖွင့်ထားတဲ့ ကုမ္ပဏီတွေကို စဉ်းစားနေတယ်။ ကျွန်တော်တို့ JV လုပ်ရင် သူတို့ဆီက နည်းပညာအကောင်းဆုံးရရှိနိုင်မယ့် ကုမ္ပဏီကို စဉ်းစားပါတယ်။ နိုင်ငံတကာမှာလည်း JV လုပ်ငန်းအတွေ့အကြုံရှိတဲ့ ကုမ္ပဏီနဲ့ ပူးပေါင်းဆောင်ရွက်မှာပါ"ဟု Global World Insurance ကုမ္ပဏီ၏ ဒါရိုက်တာ ဦးစိုးဝင်းသန့်က ပြောသည်။

လက်ရှိတွင် Global World Insurance ကုမ္ပဏီအနေဖြင့် အသက်အာမခံလုပ်ငန်းနှင့် အထွေထွေအာမခံလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်နှစ်မျိုးစလုံးကို **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❍



# ကြေးမုံ

## အဂတိလိုက်စားမှုအရှိန်အဟုန်ဖြင့် တိုက်ဖျက်

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်း ရောဂါဆိုးသဖွယ် အမြစ်တွယ်နေသော အဂတိလိုက်စားမှုကို ရွံရှာစက်ဆုပ်ဖွယ်ရာ ကိုယ်ကျင့်သိက္ခာပျက်ယွင်းမှုကြီးတစ်ရပ်အဖြစ် အားလုံးက ရှုမြင်လာကြရန်၊ အဂတိလိုက်စားမှုဆိုးကျိုးများကို သိမြင်လာကြစေရန်အတွက် ပညာပေးမှု၊ စည်းရုံးဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိသည့်အပြင် ကျူးလွန်သူများကိုလည်း မျက်နှာကြီး၊ ငယ်မရွေး အရေးယူလျက်ရှိသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် နှစ်သစ်ကူးနေ့က နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နိုင်ငံတစ်ဝန်းလုံးသို့ ပြောကြားသည့် နှုတ်ခွန်းဆက်စကားတွင် အဂတိလိုက်စားမှုနှင့် ပတ်သက်၍ "ဌာနဆိုင်ရာ တော်တော်များများတွင် ခလေ့သဖွယ် စွဲကပ်နေသည့် အဂတိလိုက်စားမှုများကို ပိုမိုတိုက်ဖျက်ရာတွင် ဝန်ထမ်းများ၏ ရပိုင်ခွင့် အခွင့်အရေးနှင့် တာဝန်ကို ဘက်ညီမျှတစေရန် ပြန်လည်သုံးသပ်ပြီး ဌာနဆိုင်ရာတစ်ခုချင်းက အသီးသီးတာဝန်ခံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အပြင် မီဒီယာနှင့် ပြည်သူလူထုကလည်း မှန်ကန်စွာ ရှာဖွေဖော်ထုတ်ရေးကို ဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း၊ လုပ်ပိုင်ခွင့်အာဏာ အရှိန်အဝါရှိသူများ၏ ပါဝင်ပတ်သက်မှု၊ ဝင်ရောက်စွက်ဖက်မှုများအား တိကျခိုင်လုံသည့် အချက်အလက်၊ အထောက်အထားများဖြင့် တိုင်ကြားကြရန်လည်း အထူးလိုအပ်ကြောင်း" ထည့်သွင်းပြောကြားသည်။

ပြည်သူ့အစိုးရလက်ထက်တွင် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းစေရန် ရည်မှန်းချက်ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ပြင်ဆင်ဖြည့်စွက်ပြီး အတည်ပြုပြဋ္ဌာန်းထားသည်။ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ကို ပြင်ဆင်ဖွဲ့စည်းပြီး တာဝန်နှင့်လုပ်ပိုင်ခွင့်များ ပိုမိုပေးအပ်ထားသကဲ့သို့ လွတ်လပ်စွာ စုံစမ်းစစ်ဆေးခြင်း၊ အရေးယူခြင်း၊ တရားစွဲဆိုခြင်း စသည်တို့ကိုလည်း ခွင့်ပြုပေးထားသည်။

ယခုအခါ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ တားဆီးရေး၊ အရေးယူဆောင်ရွက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် တိုးတက်ဆောင်ရွက်လာနိုင်ပြီဟု ဆိုရမည်ဖြစ်သည်။ အထူးသဖြင့် ဌာနဆိုင်ရာများနှင့် အစိုးရအဖွဲ့အစည်းများအတွင်း အဂတိလိုက်စားမှုကျူးလွန်သူများကို ရာထူးကြီး၊ ငယ်မရွေး၊ မျက်နှာကြီး၊ ငယ်မရွေး ရှာဖွေဖော်ထုတ် အရေးယူဆောင်ရွက်လာနိုင်သည်မှာ ပြည်သူများ၏ တာဝန်သိမှု၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် တာဝန်ရှိသူများက ဥပဒေနှင့်အညီ တိတိကျကျဆောင်ရွက်နိုင်မှုကြောင့်ဟု ဆိုရမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်နိုင်ခြင်းသည် ပြည်သူများ၏ အသိပညာနှင့် ကိုယ်ကျင့်သိက္ခာ မြှင့်တင်နိုင်ရေး၊ နိုင်ငံတော်ကြီး မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်လာစေရေး၊ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုများ ပိုမိုဖြစ်ထွန်းလာရေး၊ နိုင်ငံတော်ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ ပြည်သူလူထု၏ အကျိုးစီးပွားများ ဆုံးရှုံးနစ်နာမှု မရှိစေရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ပြည်သူလူထု လူနေမှုအဆင့်အတန်းမြင့်မားရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လွယ်ကူလျင်မြန်စေရေးတို့အတွက် များစွာအထောက်အကူပြုလာမည်ဖြစ်သည့်အပြင် ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိသော နိုင်ငံတစ်နိုင်ငံအဖြစ် ဝင့်ထည်စွာရပ်တည်လာနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် အစိုးရဝန်ကြီးဌာနအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ သတင်းမီဒီယာများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက စုပေါင်းအင်အားဖြင့် အင်တိုက်အားတိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ၂၀၁၉ ခုနှစ်၊ (၇၄) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးတို့ကို အဓိကထားဆောင်ရွက်ရေး။

(ခ) သမိုင်းကြောင်းအရ နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် စဉ်ဆက်မပြတ် ခံယူလုပ်ဆောင်ရေး။

(ဂ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသောပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် မဖြစ်မနေလိုအပ်သော ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို အခြေခံသော ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ဖြင့် တပ်မတော်မှ ခိုင်ခိုင်မာမာဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော် တည်ဆောက်ရေး။

## နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးသင်တန်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဟောပြောပို့ချ

**နေပြည်တော် မတ် ၁၂**

လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများအတွက် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးသင်တန်းကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော် ဇမ္ဗူသီရိခန်းမဆောင်၌ ကျင်းပသည်။



စွမ်းရည်မြှင့် သင်တန်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက် (၈၈) ချက်အနက် (၈၇)ချက်ကို လုပ်ငန်းစဉ်များချမှတ်၍ ဆောင်ရွက်လျက်ရှိမှု၊ အဓိကကဏ္ဍကြီး ၁၈ ခုရှိမှု ယင်းအကြံပြုချက်ကဏ္ဍများအလိုက် သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်ရာတွင် လက်တွေ့မြေပြင်၌ ကြုံတွေ့နေရသည့်အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပို့ချသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးစိုးအောင်က ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်တိုးတက်မှုများနှင့်စပ်လျဉ်း၍ ကော်မတီ၏ဖွဲ့စည်းမှု၊ လုပ်ငန်းဆောင်ရွက်ချက်များ၊ ငွေစာရင်းဖွင့်လှစ်ထားရှိမှု၊ ပြန်လည်လက်ခံရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ အာဆီယံနှင့် ဒေသတွင်းနိုင်ငံများ၏ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုများ၊ ပြန်လည်နေရာချထားရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ကြုံတွေ့ရသည့် အခက်အခဲနှင့်စိန်ခေါ်မှုများ၊ ရှေ့ဆက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပို့ချသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များက သိရှိလိုသည့်အချက်များကို မေးမြန်းခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်း ဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မတ် ၁၂**

ရန်ကုန်(ရွှေဈေး) ၁၀၅၆၅၀၀ - ၁၀၅၆၅၀၀   မန္တလေး(ရွှေဈေး) ၁၀၅၆၅၀၀ - ၁၀၅၆၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၈၀/၉၅၅ ကျပ် | ၉၅၀/၉၆၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၉၀/၈၇၀ ကျပ် | ၈၉၀/၉၀၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၉၅/၇၇၀ ကျပ် | ၇၉၅/၈၃၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၉၀/၉၆၅ ကျပ် | ၉၆၅/၉၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၀၀/၉၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၁၀/၉၃၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၇၆၅/၇၈၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၉.၉ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၁၄.၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၆.၄၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၀၁၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၂.၁၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၈၄၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၆၄.၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၄.၅၆ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၇၄.၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၂၀.၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957 ၁၉၅၇ ခုနှစ် ဒီ ၁ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၅၂၇

# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဇေကူနဝီသတိမအစည်းအဝေး ဒုတိယနေ့ကျင်းပ



**ရန်ကုန် မတ် ၁၂**

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဇေကူနဝီသတိမအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့် ဦးမိုးဇော်ရွှေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းညွန့်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဦးစိုးမင်းထွန်းနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်က ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာရက ဆောင်ရွက်တော်မူသည်။

အစည်းအဝေးတွင် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ ဆဋ္ဌအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်များအနက် သာသနာ့ရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဖွဲ့ဝင် ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ထို့နောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ ဆဋ္ဌအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာ၊ ဝေဖန်ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ အဖွဲ့ဝင် ဆရာတော်ကြီးများက ပြန်လည်ရှင်းလင်း လျှောက်ထားတော်မူကြပြီး ဆဋ္ဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော်က အတည်ပြုချက်ရယူ၍ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများက ဇယန္တောဗောဓိယာမူလေ အစချီသော နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူပြီး သာဓုသုံးကြိမ်ခေါ်ဆိုကာ သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဇေကူနဝီသတိမအစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ အရုဏ်ဆွမ်းအတွက် ဦးရန်မျိုးအောင်၊ ဇနီး ဒေါ်မေဖြူစင် မိသားစု၊ နေ့ဆွမ်းအတွက် ကျိုက္ကစံဝေဠုဝန်(ရွှေကျင်)ကျောင်းတိုက် ဆရာတော်သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတနှင့် တပည့်ဒါယကာ ဒါယိကာမများက ဆဝ္ဗီသတိမ (၂၆) ကြိမ်မြောက် ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

❖ **ကျောဖုံးမှ**

ဦးစားပေးလုပ်ငန်းတာဝန်အဖြစ် အစွမ်းကုန်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးနှင့် စပ်လျဉ်း၍ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများနှင့် အခြားအားနည်းသူအုပ်စုအတွက် ထိရောက်သော အရေးယူဆောင်ရွက်မှုများကို ပြုလုပ်လျက်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ် နိုင်ငံများအားလုံးအပေါ် လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အလှည့်ကျသုံးသပ်ဆွေးနွေးမှု (Universal Periodic Review) တတိယအကြိမ်မြောက် ပြန်လည်သုံးသပ်ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ အမျိုးသားအစီရင်ခံစာကို တင်သွင်းသွားမည်ဖြစ်ကြောင်း၊ ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာစာချုပ်(CRC)၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးစာချုပ် (CEDAW)၊ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာစာချုပ် (CRPD) နှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ်(ICESCR)တို့၏ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံသည် ယခုနှစ်တွင် အရပ်ဘက်နှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာစာချုပ်(ICCPR) ကို လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေသစ်နှင့် အမုန်းစကား တားဆီးကာကွယ်ရေးနှင့် အမျိုးသမီးများအား အကြမ်းဖက်မှုကိစ္စများကို ဖြေရှင်းမည့် ဥပဒေမူကြမ်းများအပါအဝင် လူ့အခွင့်အရေးဆိုင်ရာဥပဒေများ ပြဋ္ဌာန်းရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိကြောင်း။

### လုပ်ငန်းအစီအစဉ်တစ်ခုရေးဆွဲ

အစိုးရနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်တို့အကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အထူးကိုယ်စားလှယ်၏ ရုံးခန်း နေပြည်တော်တွင် ဖွင့်လှစ်ထားကြောင်း၊ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခများနှင့်ဆက်စပ်သည့် ကြီးမားသော လူ့အခွင့်အရေးချိုးဖောက်မှု (၆) မျိုးကို ကာကွယ်သည့် အမျိုးသားကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်တို့ လက်မှတ်ရေးထိုးခဲ့ကြသည့် ပူးတွဲကြေညာချက်ကို အကောင်အထည်ဖော်ရန် အမျိုးသားအဆင့် လုပ်ငန်းအစီအစဉ်တစ်ခုကိုလည်း ရေးဆွဲမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ မကြာသေးမီက "အေအေ" သောင်းကျန်းသူတို့က ရဲစခန်းများကို တိုက်ခိုက်ရာမှ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမှုကြောင့် အခြေအနေကို ပိုမိုရှုပ်ထွေးစေခဲ့ကြောင်း၊ အစိုးရ၏ကတိကဝတ်များကို ထပ်လောင်းပြောကြားရာတွင် အစိုးရအနေဖြင့် ကိုဖီအာနန်အကြံပေးကော်မရှင်၏ အကြံပြုချက်များ အကောင်အထည်ဖော်မှုအပါအဝင် ရခိုင်ပြည်နယ်ရှိ ပြည်သူများအားလုံး၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်တည်တံ့သည့်ဖြေရှင်းမှုကို ရှာဖွေသွားရန် ကြိုးပမ်းမှုများကို ရှင်းလင်းပြောကြားခဲ့သည်။




မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်း။

ဆက်လက်၍ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့်စပ်လျဉ်း၍ ဘင်္ဂလားဒေ့ရှ်နှင့် လက်မှတ်ရေးထိုးထားသည့် နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ နေရပ်ပြန်လာမည့်သူများကို စိစစ်လက်ခံရန် အသင့်ရှိကြောင်း၊ မိမိဆန္ဒအလျောက် နေရပ်ပြန်လာလိုသည့် ဟိန္ဒူဘာသာဝင် (၄၄၄) ဦး အပါအဝင် ပြန်လည်စိစစ်ပြီးသော နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်ကို စတင်ရန် ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးကို ဧပြီလအတွင်း ပြန်လည်ကျင်းပရန် ဘင်္ဂလားဒေ့ရှ်ဘက်သို့ အကြောင်းကြားခဲ့ပြီးဖြစ်ကြောင်း၊ ကော့ဇ်ဘဇားရှိ နေရပ်စွန့်ခွာသူများစခန်းထဲမှ ရခိုင်ဒေသသို့ ပြန်လာလိုကြောင်း မကြာခဏထုတ်ဖော်ပြောကြားသူများရှိသည်ကို သိရှိခြင်းရှိ၊ မရှိ အထူးအစီရင်ခံစာတင်သွင်းသူအား မေးမြန်းလိုပါကြောင်း၊ မြန်မာနိုင်ငံသည် နေရပ်ပြန်လာမည့်သူများအတွက် သင့်တင့်လျောက်ပတ်သော ပတ်ဝန်းကျင်ဖန်တီးပေးရေး UNDP ၊ UNHCR အပြင် အာဆီယံနှင့်ဒေသတွင်း နိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

### မြန်မာနိုင်ငံကလည်း စိုးရိမ်ပူပန်

၂၀၁၆ ခုနှစ် အောက်တိုဘာလနှင့် ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ရဲကင်းစခန်းများကို "အာဆာ" အကြမ်းဖက်များက ကြိုတင်အကွက်ချတိုက်ခိုက်မှုမှ စတင်သည့် အကြမ်းဖက်မှုများကြောင့် ထိခိုက်ခံစားခဲ့ရသည့် အသိုက်အဝန်းများနှင့်ထပ်တူ မြန်မာနိုင်ငံကလည်း စိုးရိမ်ပူပန်ပါကြောင်းနှင့် "အာဆာ" အဖွဲ့၏ အကြမ်းဖက်မှုများအား ကြောက်ရွံ့ခြင်းကြောင့် လူအမြောက်အမြား နေရပ်စွန့်ခွာမှုများဖြစ်ပွားစေခဲ့ကြောင်းနှင့် အကြမ်းဖက်မှုလှုံ့ဆော်မှုကို "အာဆာ" အဖွဲ့က ဆောင်ရွက်ခြင်းဖြစ်ကြောင်း အလေးပေးပြောကြားခဲ့သည်။

ထို့နောက် မြန်မာအမြဲတမ်းကိုယ်စားလှယ်က မြန်မာနိုင်ငံကို နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံးသို့ ရောက်ရှိစေရန် လုပ်ဆောင်သည့် မည်သည့်တောင်းဆိုမှုမျိုးကိုမဆို ပယ်ချကြောင်း၊ သို့ရာတွင် ရခိုင်ပြည်နယ်တွင် လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုများနှင့်ပတ်သက်၍ ခိုင်လုံသော သက်သေအထောက်အထား ပြသနိုင်ပါက တာဝန်ခံမှု၊ တာဝန်ယူမှုရှိစေရေး အစိုးရအနေဖြင့် အပြည့်အဝ အာမခံကြောင်း၊ မြန်မာအစိုးရကဖွဲ့စည်းခဲ့သည့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်သည် လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုများအားလုံးကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ အစိုးရအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့်ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းရန် စိတ်ဆန္ဒသာမက ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းလည်းရှိကြောင်း အလေးအနက်ထား ပြောကြားခဲ့သည်။

ယင်းနောက် လက်ရှိအထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ယန်ဟီလီနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို ပြောကြားရာတွင် မြန်မာနိုင်ငံသည် လက်ရှိအထူးအစီရင်ခံစာတင်သွင်းသူနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် မဖြစ်နိုင်ကြောင်းနှင့် အထူးအစီရင်ခံစာတင်သွင်းသူ အသစ်ခန့်အပ်ရန် မေတ္တာရပ်ခံကြောင်း၊ လက်ရှိအထူးအစီရင်ခံစာ တင်သွင်းသူနှင့် တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်ခဲ့သော်လည်း ၎င်း၏တာဝန်ကို ထမ်းဆောင်ရာ၌ ကျင့်ဝတ်စည်းကမ်းဘောင်ကို ကျော်လွန်လုပ်ဆောင်ခြင်းနှင့် ဘက်လိုက်မှုရှိခြင်းတို့ကြောင့် ပြည်သူများက နှစ်သက်လိုလားမှုမရှိသဖြင့် မြန်မာနိုင်ငံသို့ လာရောက်ခွင့်မပြုရန် လွှတ်တော်မှ ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် ဆုံးဖြတ်ခဲ့ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

### ထည့်သွင်းစဉ်းစားရမည်

ထို့နောက် မြန်မာအမြဲတမ်းကိုယ်စားလှယ်က လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရာတွင် စေ့စပ်ညှိနှိုင်းဆွေးနွေးမှု၊ အပြုသဘောဆောင်သော ထိတွေ့ဆောင်ရွက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့မှာ အရေးကြီးကြောင်း၊ အလေးထားပြောကြားခဲ့ပြီး လူ့အခွင့်အရေးကောင်စီမှ ခန့်အပ်ထားသော သီးခြားလွတ်လပ်သော အထူးအစီရင်ခံစာ တင်သွင်းသူတိုင်း သို့မဟုတ် ယန္တရားတိုင်းသည် သီးခြားလွတ်လပ်မှု၊ ဘက်မလိုက်မှု၊ ရိုးသားမှုတို့ ရှိရမည်ဖြစ်ကြောင်း၊ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုနောက်ခံစသည့် နိုင်ငံတစ်နိုင်ငံ၏ထူးခြားသည့် သီးခြားအခြေအနေများ၊ စွမ်းဆောင်ရည်ကန့်သတ်ချက်နှင့် အခြားသောရင်ဆိုင်ကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့် ရှုပ်ထွေးမှုများကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း။

ထို့ပြင် သတင်းအချက်အလက်တိကျမှန်ကန်ရေးသည် မှန်ကန်သောမူဝါဒဆုံးဖြတ်ချက် ချမှတ်ရာတွင် မရှိမဖြစ်လိုအပ်ကြောင်း၊ အထူးအစီရင်ခံစာတင်သွင်းသူများအနေဖြင့် နိုင်ငံတစ်နိုင်ငံ၏ လူမှုရေးသဟဇာတဖြစ်မှုနှင့် စည်းလုံးညီညွတ်မှုကို ထိခိုက်စေသော ဘက်လိုက်သည့် အစီရင်ခံစာများ၊ အပြုသဘောမဆောင်သောမိန့်ခွန်းများစသည့် အန္တရာယ်ရှိသော ဆောင်ရွက်ချက်များကို ရှောင်ရှားရန်လည်း အရေးကြီးကြောင်း အလေးပေးပြောကြားခဲ့သည်။

နိဂုံးချုပ်တွင် မြန်မာအမြဲတမ်းကိုယ်စားလှယ်က မြန်မာနိုင်ငံအနေဖြင့် သန္နိဋ္ဌာန်ချထားသည့်အတိုင်း လူ့အခွင့်အရေးနှင့် ဒီမိုကရေစီစနစ်တို့ ခိုင်မာစွာ အမြစ်တွယ်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသို့ ဆက်လက်ချီတက်သွားမည်ဟု ပြောကြားခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

❖ ရှေ့ဖုံးမှ

**ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ ဖတ်ကြားတင်သွင်းရာတွင် ကော်မတီသည် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် အချက်များနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း၏ အပိုဒ် ၇ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၃ နှင့် အပိုဒ် ၂၅တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ပြုပြဋ္ဌာန်းသင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသောနယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၂ နှင့်အညီ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းက **လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေအား ဖြည့်ဆည်းရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူရေးဆွေးနွေးချက်များနှင့် စပ်လျဉ်း၍** စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်က ပြည်ထောင်စုအစိုးရအဖွဲ့သည် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်လာမည့် ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်း၏ လိုငွေအတွက် ငွေကျပ် ၁၀၁၆ ဒသမ ၈၁၈ ဘီလီယံကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အစိုးရငွေတိုက်လက်မှတ်များကို အာမခံပေး၍ ချေးငွေရရှိနိုင်ရေးသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဥပဒေ ပြဋ္ဌာန်းချက်များနှင့်လည်း ကိုက်ညီသည့်အတွက် ပြည်ထောင်စုလွှတ်တော်မှ ခွင့်ပြုချက်ရယူပေးပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါ ကိစ္စနှင့် စပ်လျဉ်း၍ အတည်ပြုရန် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၅၁၃ မဲ၊ ကန့်ကွက်မဲ ၁၆မဲ၊ ကြားနေမဲ ၂မဲ ဖြစ်၍ ထောက်ခံမဲများသဖြင့် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံတရားသူကြီးချုပ်များကောင်စီ ပဋိညာဉ်စာတမ်းကို အတည်ပြုနိုင်ရေးနှင့် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စ**တို့နှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ရန် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ဂျပန်ယန်း ၈၂ ဒသမ ၂၇၃ ဘီလီယံ ချေးငွေရယူရန်ကိစ္စ**နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတို့က အကောင်အထည်ဖော်ဆောင်ရွက်မည့် ရန်ကုန်မြို့မိလ္လာပြွန်စနစ်ဖွံ့ဖြိုးမှုစီမံကိန်းအတွက် ဂျပန်ယန်း ၄၅ ဒသမ ၉၀၀ ဘီလီယံ၊ ရန်ကုန်မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းအတွက် ဂျပန်ယန်း ၂၄ ဒသမ ၀၈၅ ဘီလီယံနှင့် မြို့ပြဧရိယာဓာတ်အားဖြန့်ဖြူးမှု တိုးတက်ကောင်းမွန်ရေးစီမံကိန်းအတွက် ဂျပန်ယန်း ၁၂ ဒသမ ၂၈၈ ဘီလီယံ စုစုပေါင်း ဂျပန်ယန်း ၈၂ ဒသမ ၂၇၃ ဘီလီယံအား ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ အိုဒီအေချေးငွေအဖြစ် ရယူနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြမည်ဖြစ်ပါကြောင်း။

အဆိုပါ ချေးငွေစီမံကိန်းသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ၊ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေ၊ ၂၀၁၈ ခုနှစ် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာ၊ ဖွံ့ဖြိုးမှုအကူအညီများဆိုင်ရာ မူဝါဒတို့နှင့် ကိုက်ညီမှု ရှိသည့်အပြင် မကြာသေးမီက ထုတ်ပြန်ထားသော မြန်မာနိုင်ငံ၏ ရေရှည်တည် တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀) ၏ မဟာဗျူဟာလုပ်ငန်းစဉ်များနှင့်လည်း ကိုက်ညီမှု ရှိပါကြောင်း။


သို့ဖြစ်ပါ၍ ရန်ကုန်မြို့တော်၏ လူမှုစီးပွားပတ်ဝန်းကျင်အား မြှင့်တင်နိုင်ရန်နှင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုစနစ် တိုးတက်နိုင်ရန် တင်ပြပါစီမံကိန်း သုံးခုအတွက် JICA ထံမှ အိုဒီအေချေးငွေ ဂျပန်ယန်း ၈၂ ဒသမ ၂၇၃ ဘီလီယံ ရယူရန် ကိစ္စအား ပြည်ထောင်စုလွှတ်တော်မှ ဆွေးနွေးသုံးသပ်၍ အတည်ပြုချက်ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါ ချေးငွေနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။


ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း


မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်


ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း


ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း


တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကျော်မင်းဟန်


စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဝင်းအောင်

ထို့နောက် **မန္တလေးမြို့တွင် ပုဂ္ဂလိကကုမ္ပဏီများက ပြုလုပ်နေသည့် ကျောက်စိမ်းအရိုင်းပြပွဲများ၏ အခွန်ငွေပေးဆောင်မှုအခြေအနေ တိုင်ကြားစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၅/ ၂၀၁၉)** အပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် အစီရင်ခံစာတွင် ပါဝင်သည့်အတိုင်း ကျောက်မျက်ရတနာပြပွဲများကို စနစ်တကျ ပြုလုပ်နိုင်ရေးအတွက် လိုအပ်သည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ညွှန်ကြားချက်များကို အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဥပဒေနှင့်အညီလိုက်နာသူများအတွက် လွတ်လပ်စွာရောင်းဝယ်ဖောက်ကားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အားပေးခြင်း၊ ကူညီခြင်းများ ပြုလုပ်ရမည်ဖြစ်သည့်အပြင် ဥပဒေကို ဆန့်ကျင်ဆောင်ရွက်နေသည့် စာရင်းလိမ်တင်ပြသူများ၊ အခွန်လျော့နည်းထမ်းဆောင်သူများ၊ အခွန်တိမ်းရှောင်ရာတွင် ပါဝင်သည့် ကုမ္ပဏီများနှင့် ထိုသို့ပြုလုပ်ရာတွင် ပါဝင်ပတ်သက်နေသည့် ဌာနဆိုင်ရာ တာဝန်ရှိဝန်ထမ်းများကို အဂတိလိုက်စားမှု၊ အကျင့်ပျက်ခြစားမှု၊ လာဘ်ပေးလာဘ်ယူမှုများကို ဖော်ထုတ်ဖမ်းဆီးပြီး ပြင်းပြင်းထန်ထန် ထိရောက်စွာ အရေးယူ ဆောင်ရွက်ပေးရန်လည်း လိုအပ်နေပါကြောင်း။

ထို့ပြင် ကုမ္ပဏီများက တွင်းဝခွန်များပေးဆောင်ပြီးကြောင်း အထောက်အထားများ၊ တရားဝင်ကျောက်မျက်ရတနာပြပွဲမှ ဝယ်ယူထားကြောင်း အသိအမှတ်ပြု အထောက်အထားများကို အကြိမ်ကြိမ်အသုံးပြုပြီး အခွန်တိမ်းရှောင်မှုပြုလုပ်နိုင်ခြင်း မရှိစေရေးအတွက် စိစစ်ကြပ်မတ်ဆောင်ရွက်မည့် လုပ်ငန်းများရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်း၊ ထို့ကြောင့်အစီရင်ခံစာအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းက အစီရင်ခံစာ၏ အဓိကရည်ရွယ်ချက်သည် တိုင်းပြည်အခွန် ပိုမိုရရှိရန် ဖြစ်ပါကြောင်း၊ ကုန်သည်အများစုကလည်း မိမိပစ္စည်းများကို လုံခြုံစွာသယ်ယူနိုင်ရန်အတွက် အခွန်ဆောင်လိုသည့် ဆန္ဒရှိပါကြောင်း၊ အခွန်သတ်မှတ်နှုန်းများပါက အခွန်ရှောင်လေ့ရှိသောကြောင့် အခွန်ကို သင့်တော်သည့်ပမာဏနှင့် ဦးရေများများ ဆောင်နိုင်အောင် စီမံပေးရမည်ဖြစ်ပါကြောင်း၊ ကျောက်စိမ်းဈေးကွက်တွင် ဝယ်လက်များမှာ ပြည်တွင်းမှနိုင်ငံသားများ ဖြစ်သကဲ့သို့ အနည်းစုပြည်ပဝယ်လက်များကလည်း ထိုနေရာတွင် အချောထည်ပြန်အပ်ပြီး တစ်ခါတည်းအခွန်ဆောင်သွားကြသောကြောင့် ကြိုဆိုရမည်ဖြစ်ပါကြောင်း။

ကျောက်စိမ်းတစ်လုံးချင်း အခွန်ဆောင်မှတ်တမ်း သတ်သတ်မှတ်မှတ် မရှိခြင်းနှင့် နည်းပညာအကူအညီမပါ ပါက အခွန်များ ထပ်ဆောင်ရနိုင်ပြီး ကျောက်စိမ်းတန်ဖိုးမကျန်ဘဲ ဖြစ်နေမည်ဖြစ်ပါကြောင်း၊ အခွန်ဆောင်နှုန်းသက်သာလေ တရားမဝင်ရောင်းဝယ်မှု ပပျောက်လေဖြစ်ပါကြောင်း၊ ပြည်တွင်း၌ ပင် ရသည့်အခွန်နှင့် ကျေနပ်မနေဘဲ အိမ်နီးချင်းပြင်ပကမ္ဘာတွင် မိမိတို့ထံမှ သယံဇာတများနှင့် ကြီးပွားချမ်းသာအောင် လုပ်ဆောင်သည့်နည်းများကို အမြန်ဆုံး အတုယူနိုင်ရန် ဌာနဆိုင်ရာများအနေဖြင့် ထိပ်ပိုင်းမှ အောက်ခြေအထိ ပြုပြင်ပြောင်းလဲနိုင်ရန်အတွက် မမေ့ကြရန် အသိပေးလိုပါကြောင်း ဆွေးနွေးသည်။

အလားတူ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) မှ ဦးကျော်သောင်း၊ လိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး တိုးလွင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး တင်ထွန်းဦး၊ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးခင်မောင်မြင့်နှင့် ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုးတို့က ဆက်လက် ဆွေးနွေးကြသည်။

ယင်းနောက် **ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာ**အပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကျော်မင်းဟန်က ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)သည် ပြင်ဆင်ရန် ခက်ခဲသော ဖွဲ့စည်းပုံအခြေခံ ဥပဒေအမျိုးအစားတွင် ပါဝင်သော်လည်း တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ လိုအင်ဆန္ဒ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ လိုအင်ဆန္ဒများဖြစ်သော ထာဝရငြိမ်းချမ်းရေး၊ တန်းတူညီမျှမှုရှိရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊ ဗဟိုချုပ်ကိုင်မှုစနစ် လျော့ပါးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကျင့်သုံးခွင့်ရရှိရေး၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားရရှိရေးတို့အတွက် အများဆန္ဒအတိုင်း ဒီမိုကရေစီနည်းလမ်းကျကျ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြင်ဆင်ရန် တင်သွင်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းပါ ပုဒ်မ ၂၆၁ ပြင်ဆင်ရေးကို ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ခြင်း ပြဋ္ဌာန်းချက်ပါ ဥပဒေ၊ နည်းဥပဒေများအတိုင်း လိုက်နာအတည်ပြု ဆောင်ရွက်နိုင်ပါရန် ပြောကြားလိုပါကြောင်း ဆွေးနွေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဝင်းအောင်က အခြေခံဥပဒေတစ်ရပ်လုံးကို လေ့လာသုံးသပ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေသည့်အချိန်တွင် ဆက်စပ်ပုဒ်မများ မပါဝင်ဘဲ ပုဒ်မတစ်ခုတည်းကိုသာ ပြင်ဆင်သုံးသပ်ရေးလုပ်ငန်းများ ယှဉ်ပြိုင်သည့်သဘော ဖြစ်နေမည်ဆိုပါက လွှတ်တော်၏ အချိန်ကို ဖြုန်းတီးရာရောက်ပါကြောင်း၊ ထိုသို့ သဘောသဘာဝမတူသည့် ယှဉ်ပြိုင်လုပ်ဆောင်ခြင်းများရှိလာပါက မည်သို့ဖြေရှင်းရမည်ကို ပြည်ထောင်စုလွှတ်တော် နည်းဥပဒေတွင် ပြဋ္ဌာန်းမထားပါကြောင်း၊ သို့သော် အဆိုပါဥပဒေကို ပြုစုခဲ့ကြသည့် ပညာရှင်များက ပုဒ်မတစ်ခုထည့်သွင်းပေးထားခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေအခန်း(၃) ပုဒ်မ ၈ ပုဒ်မခွဲ(ပ)ပါ နာယက၏ လုပ်ပိုင်ခွင့်များဖြစ်ပါကြောင်း။

ထို့ပြင် နောက်ထပ်ပုဒ်မ တစ်ခုအနေဖြင့် ပြည်ထောင်စုလွှတ်တော် နည်းဥပဒေ ပုဒ်မ ၁၉ ပုဒ်မခွဲ(ည) တွင် ဆွေးနွေးပြီးပြတ်ပြီးသော ကိစ္စတစ်ရပ်ကို ထပ်မံတင်ပြခြင်း မပြုရဟူ၍ အတိအလင်းပြဋ္ဌာန်းထားချက် ရှိပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်က ဆွေးနွေးဆုံးဖြတ် အတည်ပြုပြီးပြတ်ပြီး ကိစ္စများကို ကန့်ကွက်သည့်သဘော၊ မကျေနပ်သည့် သဘော ထပ်ခါတလဲလဲ တင်ပြဆွေးနွေးနေခြင်းများသည် လွှတ်တော်၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းရာ ရောက်သကဲ့သို့ ကိုယ်စားလှယ်၏ ဂုဏ်သိက္ခာကိုလည်း ညှိုးနွမ်းစေပါကြောင်း၊ ၄၅ ဦးကော်မတီ၊ ၃၀ ကော်မတီ စသည်ဖြင့် မည်သို့ပင် ဖြစ်စေကာမူ အားလုံးသည် ပါတီပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံမှ ဆွေးနွေးအဖြေရှာနေကြသည် ဖြစ်သည့်အတွက် အစီရင်ခံစာကို လေးနက်စွာထောက်ခံပါကြောင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ကိုသာ ရယူသင့်ပါကြောင်း ဆွေးနွေးသည်။

ယင်းအစီရင်ခံစာအပေါ် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် ကျော်ကျော်စိုး၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်မင်းလတ်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်ဇေယျ၊ မွန်ပြည်နယ်မဲဆန္ဒ နယ်အမှတ်(၈)မှ ဦးမျိုးဝင်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး ရဲထွန်း၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်နှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးတင်လင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို မတ် ၁၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မော်၊ အေးအေးသန့် (သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ရောင်ခြည်သစ်အဖွဲ့ လာရောက်လေ့လာ

**နေပြည်တော်  မတ်  ၁၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ရောင်ခြည်သစ်အဖွဲ့မှ ဒါရိုက်တာ ဒေါ်ခင်လှ ဦးဆောင်သော သင်တန်းသူ ၅၁ ဦးနှင့် ဝန်ထမ်း ၁၂ ဦးတို့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် လာရောက်လေ့လာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များက နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။



**နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းဆောင်ရွက်**

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်အနေဖြင့် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများကို အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကိုလည်း စံ(၅)ချက်သတ်မှတ်၍ ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း၊ မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂)ကို ရေးဆွဲပြီး ၂၀၁၉ ခုနှစ်ကို မဲစာရင်းပြုစုခြင်း နှစ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိရာ မဲစာရင်း ပြည့်စုံမှန်ကန်ရေးအတွက် မဲဆန္ဒရှင်ပြည်သူများက ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ အမျိုးသမီးများ ရွေးကောက်ပွဲနှင့် နိုင်ငံရေးတွင် ပိုမိုပါဝင်လာနိုင်ရေးအတွက် ၂၀၁၆ ခုနှစ်မှစတင်၍ နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သင်တန်းသူများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ကော်မရှင်၏ ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးကဏ္ဍမြှင့်တင်ရေးဆိုင်ရာ မူဝါဒများကိုလည်း လေ့လာစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ကော်မရှင်ရုံး၏ သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို အကျဉ်းချုပ် ရှင်းလင်းတင်ပြပြီး လာရောက်လေ့လာသူများ၏ သိရှိလိုသည်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားကာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားသည်။

**သတင်းစဉ်**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၅/ ၂၀၁၉) ကျင်းပ

**နေပြည်တော်  မတ်  ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ အစည်းအဝေး(၅/ ၂၀၁၉)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချိုနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့တို့မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

❍ **အထွေထွေအာမခံမှ**

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့(IBRB)မှ ရရှိထားခြင်းဖြစ်ပြီး အာမခံလုပ်ငန်းကို ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၂၃ ရက်မှစတင်၍ လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေး**

နိုင်ငံတော်အတွင်း အာမခံလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ၏ ခွင့်ပြုချက်ဖြင့် ၂၀၁၃ ခုနှစ်တွင် ပြည်တွင်းပုဂ္ဂလိက အာမခံကုမ္ပဏီ ၁၁ ခုကို အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးခဲ့သည်။

ထို့အပြင် Global World Insurance ကုမ္ပဏီသည် အာမခံအမျိုးအစားပေါင်း ၁၇ မျိုးကို ပြည်သူများသို့ ဝန်ဆောင်မှုပေးလျက်ရှိပြီး ယင်းတို့မှာ အသက်အာမခံ၊ မီးအာမခံ၊ သမာဓိအာမခံ၊ ငွေပို့ငွေသယ်အာမခံ၊ ငွေသားလုံခြုံမှုအာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ အထူးခရီးသွားအာမခံ၊ ကျန်းမာရေးအာမခံ၊ ရေကြောင်းကုန်စည်အာမခံ၊ ရေယာဉ်ကိုယ်ထည်အာမခံ၊ တောင်သူလယ်သမားအသက်အာမခံ၊ ခရီးသွားအာမခံ၊ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ၊ နှစ်တိုငွေပင်ငွေရင်း အာမခံ၊ စရိတ်မျှပေးကျန်းမာရေးအာမခံ၊ စနစ်သစ်ကျန်းမာရေးအာမခံနှင့် ပြင်းထန်သောရောဂါ ကုသမှုအာမခံတို့ဖြစ်ကြောင်း သိရသည်။

**အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်**

“MoU ထိုးပြီးမှသာ ဘယ်နိုင်ငံခြားကုမ္ပဏီနဲ့ JV လုပ်တယ်ဆိုတာ ပြောလို့ရမှာဖြစ်ပါတယ်။ သူတို့နဲ့ ပူးပေါင်းတဲ့အတွက် ပိုပြီးအောင်မြင်မယ်လို့ မျှော်လင့်ပါတယ်။ ဂျပန်၊ ကိုရီးယားနဲ့ ထိုင်းတို့က အများစုဖြစ်ပါတယ်။ အဲဒီနိုင်ငံတွေက ကိုယ်စားလှယ်တွေနဲ့ စကားပြောနေပါတယ်။ သူတို့ထဲကနေ တစ်ခုဖြစ်သွားနိုင်ပါတယ်”ဟု ဦးစိုးဝင်းသန့်က ပြောသည်။

မြန်မာနိုင်ငံအတွင်း နိုင်ငံခြားအာမခံကုမ္ပဏီများအား လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုရန် အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၂၉ တွင် “ဝန်ကြီးဌာနသည် အာမခံလုပ်ငန်း၊ အာမခံအလုပ်လက်ခံ ကိုယ်စားလှယ်လုပ်ငန်း သို့မဟုတ် အာမခံအကျိုးဆောင်လုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်လိုသော ကုမ္ပဏီများအား အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်သည်”ဟု ပြဋ္ဌာန်းထားကြောင်း ၂၀၁၉ နှစ်ဆန်းပိုင်းက ထုတ်ပြန်ထားသည်။

**အေးယမုံ**



## ပြည်ထောင်စုရှေ့နေချုပ် ဗြိတိန်နိုင်ငံမှ ဥပဒေပညာရှင်အား လက်ခံတွေ့ဆုံ

**နေပြည်တော်  မတ်  ၁၂**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ဗြိတိန်နိုင်ငံမှ ဥပဒေပညာရှင် Sir Jeffrey Jowell QC အား ယနေ့ညနေ ၄ နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဥပဒေရေးရာနှင့် တရားစီရင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးညီလာခံကို ၂၀၁၈ ခုနှစ် မတ်လတွင် ကျင်းပခဲ့ပြီး အဆိုပါညီလာခံမှ ရရှိသည့် အကြံပြုချက်များ၊ ဆွေးနွေးမှုရလဒ်များအပေါ် အခြေပြုရေးဆွဲခဲ့သည့် “ပြည်သူ့အတွက် တရားမျှတမှု” မဟာဗျူဟာစီမံကိန်း(၂၀၁၉-၂၀၂၃) အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နှင့် အဖွဲ့ခွဲများ၏ လုပ်ငန်းများ၊ တရားလွှတ်တော်ရှေ့နေများ ကောင်စီအက်ဥပဒေ ပြင်ဆင်ဆောင်ရွက်နေမှုနှင့် တရားစီရင်ရေးကဏ္ဍ တိုးတက်ကောင်းမွန်ရေးအတွက် ရှေ့နေများ၏ အခန်းကဏ္ဍ၊ UNDP နှင့် IDLO တို့၏ တရားဥပဒေစိုးမိုးရေးစင်တာများမှ ဥပဒေအသိပညာပေးလုပ်ငန်းများ၊ MyJustice နှင့် IBJ တို့၏ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးက ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

### မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော်  မတ်  ၁၂**

ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

### နောက် နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော်  မတ်  ၁၂**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေ့အပူချိန်များ တိုးလာနိုင်သည်။

**မိုး/ဇလ**

# ခုခံအားကျဆင်းမှု ကူးစက်ရောဂါ၊ တီဘီနှင့် ငှက်ဖျားရောဂါစီမံချက်များဆိုင်ရာ စီမံချက် ပြန်လည်မွမ်းမံရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၁၂**

ကမ္ဘာ့ရန်ပုံငွေအဖွဲ့ အထောက်အပံ့ဖြင့် ဆောင်ရွက်သော ခုခံအားကျဆင်းမှု ကူးစက်ရောဂါ၊ တီဘီနှင့် ငှက်ဖျားရောဂါ စီမံချက်များအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ UNOPS နှင့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စီမံချက်ပြန်လည် မွမ်းမံရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပသည်။

**အထောက်အကူဖြစ်စေ**

အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ခုခံအားကျဆင်းမှုကူးစက်ရောဂါ (အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်)၊ တီဘီရောဂါနှင့် ငှက်ဖျား ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများအတွက် မိမိတို့မြန်မာနိုင်ငံကို အကူအညီပေးခဲ့သော ကမ္ဘာ့ရန်ပုံငွေအဖွဲ့ (Global Fund) ကို အထူးကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း၊ Global Fund အဖွဲ့သည် ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း အမေရိကန်ဒေါ်သန်း ၅၀၀ နှင့် ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း အမေရိကန်ဒေါ်လာ ၄၃၉ သန်း ပံ့ပိုးကူညီပေးခဲ့သဖြင့် ရောဂါသုံးမျိုး ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများအတွက် များစွာအထောက်အကူဖြစ်စေပါကြောင်း၊ အဆိုပါပမာဏသည် မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအတွက် အလွန်များသည့် ပမာဏပင်ဖြစ်ပါကြောင်း။

၂၀၁၈ ခုနှစ်တွင် ဆောင်ရွက်ခဲ့သော ရောဂါသုံးမျိုး ကာကွယ်နှိမ်နင်းရေးလုပ်ငန်း ဆောင်ရွက်ချက်များ၏ အောင်မြင်မှု၊ ရန်ပုံငွေသုံးစွဲမှုနှင့် စီမံခန့်ခွဲမှု၊ ရန်ပုံငွေစုဆောင်းနိုင်မှုများကို ပြန်လည်သုံးသပ်၍ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တွင် ဆောင်ရွက်မည့် စီမံချက်ပြန်လည် မွမ်းမံပြင်ဆင်ရေးဆွဲရာ၌ ဂရုပြုဆောင်ရွက်ရမည့်အချက်များကို မိမိအနေဖြင့် မှာကြားလိုပါကြောင်း။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ခုခံအားကျဆင်းမှုကူးစက်ရောဂါ၊ တီဘီနှင့် ငှက်ဖျားရောဂါစီမံချက်များဆိုင်ရာ စီမံချက် ပြန်လည်မွမ်းမံရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

**လိုအပ်သောနည်းပညာပံ့ပိုး**

ယခုအလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီး/ ပြည်နယ်များမှ ဒုတိယဦးစီးဌာနမှူးများလည်း တက်ရောက်နေသည့်အတွက် ဤရောဂါ သုံးမျိုးအတွက် ကာကွယ်နှိမ်နင်းရေးဆိုင်ရာ လုပ်ငန်းများတွင် တိုင်းဒေသကြီး ပြည်နယ်များက မိမိတို့၏ အဓိက ကိုယ်ပိုင်အရေးသဖွယ် ဆောင်ရွက်ရန်လိုပြီး ဗဟိုမှ လိုအပ်သောနည်းပညာပံ့ပိုးမှုသာ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ အကြံဉာဏ်များလည်း ရယူရန်နှင့် ယခုအစည်းအဝေးတွင် အပြန်အလှန် တက်ကြွစွာ ဆွေးနွေးကြရန်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ကမ္ဘာ့ရန်ပုံငွေအဖွဲ့၏ အဓိကရန်ပုံငွေ လက်ခံဆောင်ရွက်သော UNOPS အာရှဒေသမှ စီမံချက်ညွှန်ကြားရေးမှူး Dr. Attila Molnar က နှုတ်ခွန်းဆက်စကားပြောကြားသည်။

**အဖွင့်အမှာစကားပြောကြား**

ယင်းနောက် ကမ္ဘာ့ရန်ပုံငွေအဖွဲ့၏ အဓိကရန်ပုံငွေ လက်ခံသူအဖွဲ့များဖြစ်သည့် UNOPS နှင့် Save the Children အဖွဲ့တို့က ရရှိခဲ့သော ရန်ပုံငွေဖြင့် ရောဂါသုံးမျိုး ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်တွင် ကျင်းပသော မြန်မာနိုင်ငံ လူထုအခြေပြု ကင်ဆာရောဂါ စာရင်းကောက်ယူခြင်းလုပ်ငန်း လက်ရှိဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲသို့တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

**တင်ပြဆွေးနွေး**

ထို့နောက် ညွှန်ကြားရေးမှူး ဒေါက်တာကျော်ကံကောင်း (မကူးစက်)က လူဦးရေအခြေပြု ကင်ဆာရောဂါ စာရင်းကောက်ယူခြင်းဆိုင်ရာလုပ်ငန်း၏ နောက်ခံအကြောင်း၊ အောင်မြင်မှုနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကိုလည်းကောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ကင်ဆာရောဂါဆေးပညာဌာနမှ ပါမောက္ခ ဒေါက်တာခင်သင်းမူက ရန်ကုန်တိုင်းဒေသကြီးတွင် ဆောင်ရွက်ထားရှိသော လူဦးရေအခြေပြု ကင်ဆာရောဂါ စာရင်းကောက်ယူခြင်း လုပ်ငန်းမှ ရရှိထားသော ကနဦးအချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုမည့် စံလုပ်ထုံးလုပ်နည်းလမ်းညွှန်ကို လည်းကောင်း၊ International Association of Cancer Control and Informative Services, National Cancer Center (Japan ) ၏ ဥက္ကဋ္ဌ Professor Tomohiro Matsuda က ဂျပန်နိုင်ငံတွင် ကင်ဆာရောဂါ စာရင်းကောက်ယူခြင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအပေါ်မူတည်၍ မြန်မာနိုင်ငံ ကင်ဆာရောဂါစာရင်းကောက်ယူခြင်းဆိုင်ရာ လုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရေး အဆိုပြုလုပ်ငန်းစဉ်များနှင့် အကြံပြုချက်များကို လည်းကောင်း တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက မြန်မာနိုင်ငံလူဦးရေ အခြေပြုကင်ဆာရောဂါ စာရင်းကောက်ယူခြင်းဆိုင်ရာနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအတွက် ပိုမိုကောင်းမွန်တိုးတက်စေရေးအတွက် အကြံပြုဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် လေ့လာရေးခရီးလာရောက်သည့် တိုင်းရင်းသား သင်တန်းသား သင်တန်းသူများအား တွေ့ဆုံ

**နေပြည်တော် မတ် ၁၂**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနိုင်သက်လွင်သည် နေပြည်တော်သို့ လေ့လာရေးခရီးရောက်ရှိနေသော မန္တလေးမြို့ Mandalay Social Science Institute (MSSI) တွင် သင်တန်းတက်ရောက်နေသည့် မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ တိုင်းရင်းသားသင်တန်းသား သင်တန်းသူများအား ယနေ့မွန်းလွဲ ၂ နာရီတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အထူးအလေးထားရမည်ဖြစ်**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံ၏ အနာဂတ်သည် တိုင်းရင်းသား လူငယ်လူရွယ်များ၏ လက်ထဲတွင်ရှိပါကြောင်း၊ လူငယ်များအနေဖြင့် မိမိတို့နိုင်ငံ၏အတိတ်သမိုင်းကို အစဉ်သတိရပြီး အတိတ်ကဖြစ်ရပ်များမှ သင်ခန်းစာယူရမည်ဖြစ်ပါကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော ကမ္ဘာ့ရေစီးကြောင်းတွင် အိမ်နီးချင်းနိုင်ငံများအနေဖြင့် လိုက်ပါတိုးတက်နေကြပြီဖြစ်ပါကြောင်း၊ ထိုသို့ တိုးတက်နိုင်ရေးမှာလည်း ပြည်တွင်းငြိမ်းချမ်းရေးပေါ်တွင် မူတည်နေပါကြောင်း၊ လိုက်ပါတိုးတက်နိုင်ခြင်းမရှိပါက မိမိတို့တိုင်းရင်းသားများ၏ ရိုးရာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း အစဉ်အလာ သမိုင်းအမွေအနှစ်များသည် အိမ်နီးချင်းနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်နေသော ရေစီးကြောင်းတွင် နစ်မျောပါဝင်သွားနိုင်ပါကြောင်း၊ အနာဂတ်၏ လူငယ်လူရွယ်များအနေဖြင့် အဆိုပါအချက်ကို အထူးအလေးထားရမည်ဖြစ်ပါကြောင်း။

**ဝိုင်းဝန်းအကောင်အထည်ဖော်**

နိုင်ငံသားနှင့် တိုင်းရင်းသားသည် အဓိပ္ပါယ်အားဖြင့် မတူညီပါကြောင်း၊ နိုင်ငံသားသည် သက်ဆိုင်ရာနိုင်ငံ၏ သတ်မှတ်ချက်များနှင့် ကိုက်ညီပါက အဆိုပါနိုင်ငံတွင် မည်သူမဆို နိုင်ငံသားဖြစ်ခွင့် ရရှိနိုင်မည်ဖြစ်သော်လည်း တိုင်းရင်းသားသည် နိုင်ငံတစ်နိုင်ငံကို မူရင်းနိုင်ငံအဖြစ် သတ်မှတ်၍ စဉ်ဆက်မပြတ် မှီတင်းနေထိုင်ခဲ့သော လူမျိုးနွယ်စုများကိုသာ တိုင်းရင်းသားအဖြစ် သတ်မှတ်ပါကြောင်း၊ သို့ဖြစ်ပါ၍ တိုင်းရင်းသားမျိုးနွယ်စုများအနေဖြင့် မိမိတို့၏ ရိုးရာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို မပျောက်ပျက်အောင် လူမျိုးစုတိုင်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည် ဖြစ်ပါကြောင်း၊ မိမိတို့ တိုင်းရင်းသားများအနေဖြင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည်ဖြင့် လူမျိုးစုအစွဲများကို ပယ်ဖျောက်၍ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ပါက တိုင်းရင်းသားပြည်သူများအားလုံး လိုလားတောင့်တနေသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖော်ဆောင်နိုင်မည်ဖြစ်ပါ၍ တိုင်းရင်းသားမျိုးနွယ်စုများအနေဖြင့် မျိုးနွယ်စုအမည်စွဲများ၊ ကျဉ်းမြောင်းသော ဝါဒစွဲများအား ပယ်ဖျောက်၍ စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ် စစ်စစ်ဖြင့် တန်းတူညီမျှသော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကို ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

**ဆွေးနွေးဖြေကြား**

ဆက်လက်၍ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပေါ်ပေါက်လာပုံ၊ ဖွဲ့စည်းမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဒုတိယညွှန်ကြားရေးမှူး ဦးကျော်အောင်ဝင်းက ရှင်းလင်းတင်ပြပြီး Mandalay Social Science Institute (MSSI) သင်တန်းမှ တိုင်းရင်းသား သင်တန်းသား သင်တန်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားသည်။

**လေ့လာကြည့်ရှု**

ထို့နောက် လေ့လာရေးအဖွဲ့သည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၌ ခင်းကျင်းပြသထားသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုနှင့် ဝတ်စားဆင်ယဉ်မှုပြခန်းများကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## စာရေးဆရာမ မိုးမိုး(အင်းလျား) (၇၅) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် အမျိုးသမီးစာပေနှင့် အနုပညာပွဲတော် ကျင်းပမည်

**နေပြည်တော် မတ် ၁၂**

ပျောက်သောလမ်းမှာ စမ်းတဝါး လုံးချင်းဝတ္ထုရှည်ဖြင့် မြန်မာ့ရသစာပေလောကသို့ စတင်ဝင်ရောက်ခဲ့သည့် စာရေးဆရာမ မိုးမိုး(အင်းလျား)၏ (၇၅) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် စာပေနှင့် အနုပညာရှင်များ ပါဝင်သော အမျိုးသမီးစာပေနှင့် အနုပညာပွဲတော်ကို အောက်တိုဘာ ၂၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သမီး ဖြစ်သူ မသွယ်မျိုးညွန့်ထံမှ သိရသည်။

**ဆက်သွယ်နိုင်**

အမျိုးသမီးစာပေနှင့် အနုပညာပွဲတော် ဖြစ်မြောက်ရေးကော်မတီကို စာပေနှင့်အနုပညာနယ်ပယ်မှ ဆရာ ဆရာမများဖြင့် မတ် ၁၆ ရက်တွင် စတင်ဖွဲ့စည်းမည်ဖြစ်ပြီး ဝိုင်းဝန်းပါဝင်ကူညီလိုသူများအနေဖြင့် မသွယ်မျိုးညွန့် ဖုန်း-၀၉၇၈၇၀၈၇၅၅၄ ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ပွဲတော်၌ မြန်မာအမျိုးသမီးစာပေနှင့် အနုပညာရှင်များ ပူးပေါင်းပါဝင်ဆင်နွှဲနိုင်အောင် စီစဉ်သွားမည်ဖြစ်ပြီး ဟောပြောပွဲများ၊ ကဗျာရွတ်ဆိုပွဲများ၊ စကားဝိုင်းများ၊ မိုးမိုး(အင်းလျား) အမှတ်တရများနှင့် မြန်မာအမျိုးသမီး စာရေးဆရာမများ၏ အမှတ်တရများကို ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း မသွယ်မျိုးညွန့်က ပြောသည်။

**သူရဇော်**



# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း RFA ၏ အရှေ့တောင်အာရှဆိုင်ရာ ဒါရိုက်တာသစ်အား လက်ခံတွေ့ဆုံ

**နေပြည်တော်  မတ်  ၁၂**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် RFA ၏ အရှေ့တောင်အာရှဆိုင်ရာ ဒါရိုက်တာအသစ်ဖြစ်သူ Matthew Pennington အား ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။(ဓါတ်ပုံ)

တွေ့ဆုံစဉ် လက်ရှိမီဒီယာကဏ္ဍအခြေအနေများနှင့် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ၊ ဒီမိုကရေစီအသွင်ကူးပြောင်းချိန်တွင် နိုင်ငံတကာမီဒီယာများ၏အရေးပါမှု၊ ပြန်ကြားရေးဝန်ကြီးဌာန၏ ဦးဆောင်စီစဉ်မှုဖြင့် ပြည်တွင်း၊ ပြည်ပမီဒီယာများအတွက် ရခိုင်ပြည်နယ်သို့ guided media tour စီစဉ်ပေးနေမှု၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် RFA တို့ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# အာဖရိကဝက်အပြင်းဖျားရောဂါ မြန်မာနိုင်ငံသို့ မကူးစက်လာစေရန် ကြိုတင်ကာကွယ်ရေးဆောင်ရွက်

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အာဖရိကဝက်အပြင်းဖျားရောဂါ မြန်မာနိုင်ငံသို့ မကူးစက်လာစေရန် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားမှုများနှင့်ပတ်သက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်-**

**တွေ့ဆုံမေးမြန်း- ရှင်မင်း**
**ဓာတ်ပုံ- မွှေးကြူ**

**မေး။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက အာဖရိကဝက်အပြင်းဖျားရောဂါနဲ့ပတ်သက်ပြီး ကြေညာချက်ထုတ်ပြန်ထားပါတယ်။ ဒီလိုထုတ်ပြန်ထားရတဲ့ အခြေအနေနဲ့ပတ်သက်ပြီး သိရှိပါရစေ။**

ဖြေ။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ အိမ်နီးချင်း တရုတ်နိုင်ငံမှာ ရောဂါဖြစ်ပွားကြောင်း တွေ့ရှိရတာကြောင့် မြန်မာနိုင်ငံကို ရောဂါမကူးစက်လာစေဖို့ အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေးအတွက် တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေ (၁၇/၉၃)အရ ပထမဦးစွာ ဒီရောဂါကို (ခ)စာရင်းဝင် ကူးစက်ရောဂါအဖြစ် သတ်မှတ်ကြောင်း ကြေညာချက်ကို ဖေဖော်ဝါရီ ၂၀ ရက်က ထုတ်ပြန်ခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ မဖြစ်ပွားသေးသော်လည်း ရောဂါအချိန်မရွေး ဝင်ရောက်လာနိုင်တဲ့အတွက်ကြောင့် ဒီရောဂါကို အသင့်အနေထားနဲ့ ရောဂါကာကွယ်ရေး ကြိုတင်ပြင်ဆင်မှုတွေနဲ့ စောင့်ကြည့်လျက်ရှိပါတယ်။

**မေး။ ။ မွေးမြူရေးနှင့် ကုသရေးရဲ့ရည်ညွှန်းချက်စာနဲ့ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ဝက်နဲ့ဝက်ထွက်ပစ္စည်းတွေတင်သွင်းမှုကို ကန့်သတ်ကြောင်း သိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး သိပါရစေ။**

ဖြေ။ ။ တရားမဝင်ဝက်နဲ့ ဝက်ထွက်ပစ္စည်းတွေကို သယ်ဆောင်ခြင်းနဲ့ စားသုံးဖို့ တစ်နိုင်တစ်ပိုင်သယ်ယူခြင်းတွေကနေ ရောဂါကူးစက်မှုတွေ ဖြစ်ပွားနိုင်တာကြောင့် လေကြောင်းပို့ဆောင်ရေးနှင့် ညွှန်ကြားမှုဦးစီးဌာနကို ဝက်နဲ့ ဝက်ထွက်ပစ္စည်းတွေ တင်သွင်းမှုကို ကန့်သတ်ဖို့အတွက် ညှိနှိုင်းအကြောင်းကြားရခြင်းဖြစ်ပါတယ်။

**တားဆီးကန့်သတ်ခြင်းတွေ လုပ်ဆောင်**

တရုတ်၊ ဗီယက်နမ်၊ မွန်ဂိုလီးယားနိုင်ငံတို့က ဝက်နဲ့ ဝက်ထွက်ပစ္စည်း (ဝက်သား၊ အေးခဲသား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်း)တွေကို လေဆိပ်၊ ရေဆိပ်၊ နယ်စပ်ဂိတ်တွေကနေ မဝင်ရောက်လာစေဖို့အတွက် မတ် ၅ ရက်မှာ လေဆိပ်ပူးပေါင်းညှိနှိုင်းရေးကော်မတီ၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်နဲ့ အကောက်ခွန်ဦးစီးဌာနတွေကို အကြောင်းကြားထားပြီး တားဆီးကန့်သတ်ခြင်းတွေ လုပ်ဆောင်လျက်ရှိပါတယ်။

ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ပြည်ပဆိုက်ရောက်လေဆိပ်ခန်းမမှာ ဝက်သား၊ အေးခဲသား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်း၊ အခြားဝက်ထွက်ပစ္စည်းတွေကို မြန်မာနိုင်ငံအတွင်း သယ်ဆောင်ခွင့်မပြုကြောင်းကို Notifiable Screen Advertisement မှာ ၁၀ မိနစ်တစ်ခါနှုန်းနဲ့ Slide show ပြသပြီးတော့ အသိပညာပေး လုပ်ဆောင်လျက်ရှိပါတယ်။

**မေး။ ။ မြန်မာနိုင်ငံနဲ့ အိမ်နီးချင်းနိုင်ငံတွေမှာလည်း အာဖရိကဝက်အပြင်းဖျားရောဂါ ဖြစ်ပွားနေတဲ့အတွက် မြန်မာနိုင်ငံအနေနဲ့ရော ကြိုတင်ပြီး ဘာတွေ လုပ်ဆောင်နေပါသလဲ။**

ဖြေ။ ။ ဝက်ရောဂါ စူးစမ်းလေ့လာရေးသင်တန်းကို အန္တရာယ်အလားအလာ မြင့်မားတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးက ဝန်ထမ်းတွေကို သင်တန်းပို့ချခဲ့ပြီးဖြစ်ပါတယ်။

ဝက်ရောဂါ စူးစမ်းလေ့လာခြင်းလုပ်ငန်းကို တိုင်းဒေသကြီး၊ ပြည်နယ်



ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်း

ခုနစ်ခုမှာ ဆောင်ရွက်လျက်ရှိပါတယ်။ ရောဂါနဲ့ပတ်သက်ပြီး အသိပညာပေးခြင်း awareness တွေအတွက် လက်ကမ်းစာစောင်တွေကို ဖြန့်ဝေထားပါတယ်၊ ရောဂါဖြစ်ပွားတဲ့ နိုင်ငံတွေက ဝက်နဲ့ ဝက်ထွက်ပစ္စည်းတွေကို ယာယီတားမြစ်ပိတ်ပင်ထားပြီးတော့ ရောဂါဖြစ်ပွားခြင်းမရှိသေးတဲ့ နိုင်ငံတွေကသာလျှင် လိုအပ်ချက်အရ တင်သွင်းခွင့်ကို စိစစ်ခွင့်ပြုလျက်ရှိပါတယ်။

ပြီးတော့ နယ်စပ်ဒေသကုန်သွယ်ရေး ဝင်ပေါက်၊ ထွက်ပေါက်တွေမှာ စစ်ဆေးကြပ်မတ်ခြင်းတွေ ပိုမိုအားကောင်းလာစေဖို့ တိုးမြှင့်ဆောင်ရွက်သွားရပါမယ်။

**မေး။ ။ စားသုံးသူပြည်သူတွေအနေနဲ့လည်း စိုးရိမ်မှုတွေရှိနေပါတယ်။ ဒါကြောင့် အာဖရိကဝက် အပြင်းဖျားရောဂါလက္ခဏာတွေနဲ့ ဘယ်လိုကူးစက်တယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ကနေ အာဖရိကဝက် အပြင်းဖျားရောဂါဟာ လူကိုကူးစက်တတ်သောရောဂါမဟုတ်ကြောင်း တရားဝင်ထုတ်ပြန်ကြေညာထားခဲ့ပါတယ်။ ဒါကြောင့် ဒီရောဂါဟာ လူကို မကူးစက်နိုင်ပါဘူး။ ဒီရောဂါဟာ တိရစ္ဆာန်တွေမှာသာ ဖြစ်ပွားတဲ့ ရောဂါဖြစ်တာကြောင့် ပြည်သူလူထုအနေနဲ့ ရောဂါကူးစက်မှာကို စိုးရိမ်ဖို့မလိုပါဘူး။

**စီးပွားရေးကို ဆုံးရှုံးထိခိုက်စေ**

ဒီရောဂါဟာ ဝက်အုပ်စုအတွင်း ကူးစက်ကျရောက်ရင် ရောဂါကူးစက်ခံရတဲ့ ဝက်အားလုံးသေစေနိုင်ပြီးတော့ သေဆုံးနှုန်း ၁၀၀ ရာခိုင်နှုန်းရှိတာကြောင့် ဝက်မွေးမြူသူတွေရဲ့ စီးပွားရေးကို ဆုံးရှုံးထိခိုက်စေပါတယ်။

အဓိကအနေနဲ့ ဒီရောဂါဟာ ရောဂါကူးစက်ခြင်းခံရတဲ့ဝက်၊ အညစ်အကြေး၊ ဝက်ထွက်ပစ္စည်းတွေနဲ့ တိုက်ရိုက်ထိတွေ့ခြင်း၊ မွှားလို ကြားခံလက်ခံကောင် တွယ်ခြင်းကိုက်ခြင်း၊ ရောဂါပိုးနဲ့ထိတွေ့ထားတဲ့ ဆေးထိုးအပ်၊ အသုံးဆောင်ပစ္စည်းတွေနဲ့ ယင်တို့ကတစ်ဆင့် ကူးစက်ပျံ့နှံ့ခြင်းတို့ဖြစ်ပါတယ်။

ရောဂါပိုးကူးစက်ခံထားရတဲ့ အေးခဲဝက်သားတွေနဲ့ ထိတွေ့မိခြင်းကနေ ကူးစက်နိုင်ပါတယ်။ ဝက်တွေမှာကတော့ ရောဂါလက္ခဏာတွေက ခြေလက်အဆစ်ရောင်ခြင်း၊ အရေပြားအနာဖြစ်ခြင်း၊ အရေပြား(နားရွက်၊ အမြီး၊ ဝမ်းဗိုက်) နီရဲခြင်း၊ ကိုယ်ပူချိန်မမှန်ခြင်း၊ အစာအနည်းငယ်သာစားခြင်း၊ အလေးချိန်လျော့ကျခြင်း၊ ပျို့အန်ခြင်း၊ သွေးဝမ်းသွားခြင်း၊ ဇီးဝက်များမှာ သားလျှောခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာလက္ခဏာတွေ့ရခြင်းတို့ဖြစ်ပါတယ်။

ဒီရောဂါဟာ ဝက်နားရွက်ပြာရောဂါ၊ ဝက်ဝမ်းကျရောဂါတွေ၊ တခြားရောဂါတွေနဲ့ ရောဂါလက္ခဏာဆင်တာကြောင့် မျက်မြင်အားဖြင့် ရောဂါကို အတည်ပြုမခွဲခြားနိုင်ပါဘူး။ ဒါကြောင့် ဓာတ်ခွဲခန်းတွေကို နမူနာပစ္စည်း ပေးပို့စစ်ဆေးဖို့ လိုအပ်ပါတယ်။

**မေး။ ။ အိမ်နီးချင်းနိုင်ငံတွေနဲ့ သက်ဆိုင်ရာနိုင်ငံတကာ အဖွဲ့အစည်းတွေက ရောဂါဖြစ်ပွားမှုနဲ့ပတ်သက်ပြီး ဆက်သွယ်လာတာမျိုးရှိပါသလား။ ဒီလိုအဖွဲ့အစည်းတွေနဲ့ ဘယ်လိုဆက်သွယ် ဆောင်ရွက်နေတယ်ဆိုတာနဲ့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေနဲ့ မြန်မာနိုင်ငံမှာ ကူးစက်ဖြစ်ပွားမှုမရှိအောင် ဘယ်လိုတွေ ဆောင်ရွက်နေတယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ OIE အဖွဲ့ကြီးက နောက်ဆုံးအခြေအနေတွေကို ဖြန့်ဝေပေးလျက်ရှိပါတယ်။ FAO အဖွဲ့က အာဖရိကဝက်ရောဂါဖြစ်ပွားမှု အခြေအနေတွေကို သတင်းပေးပို့ခြင်းနဲ့ ရောဂါကြိုတင်ကာကွယ်ရေးနဲ့ ရောဂါရှာဖွေရေးအတွက် နည်းပညာပံ့ပိုးကူညီမှုတွေကို လုပ်ဆောင်လျက်ရှိပါတယ်။

**ကောင်းမွန်တဲ့ဇီဝလုံခြုံမှုများ ပြုလုပ်ရန်လိုအပ်**

ဒါ့အပြင် FAO က Dr.LeeMyers ကနေ မြန်မာနိုင်ငံအနေနဲ့ ASF ရောဂါကြိုတင်ကာကွယ်ရေးနဲ့ Contingency Plan ရေးဆွဲရေးအတွက် လာရောက်ညှိနှိုင်းပြီး “Emergency Preparedness Training For African Swine Fever”သင်တန်းကို မတ် ၁ ရက်က နေပြည်တော် မင်္ဂလာသီရိဟိုတယ်မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

**မေး။ ။ ညွှန်ကြားရေးမှူးချုပ်အနေနဲ့ ပြည်သူတွေသိရှိအောင် ဖြည့်စွက်ပြောကြားပေးချင်တာရှိရင်လည်း ပြောကြားပေးပါ။**

ဖြေ။ ။ ရောဂါဖြစ်ပွားလျက်ရှိတဲ့ နိုင်ငံတွေက ခရီးသွားလာသူတွေအနေနဲ့ တစ်နိုင်တစ်ပိုင်စားသောက်ဖို့ ဝက်နဲ့ ဝက်ထွက်ပစ္စည်းတွေ သယ်ဆောင်မလာဖို့၊ မွေးမြူသူတွေအနေနဲ့ ကိုယ့်ဝက်ခြံအတွင်း ကောင်းမွန်တဲ့ ဇီဝလုံခြုံမှုများပြုလုပ်ဖို့ လိုအပ်ပါတယ်။

**ပြန်လည်ကျိုချက်သင့်**

တစ်နိုင်တစ်ပိုင် ဝက်မွေးမြူသူတွေအနေနဲ့ ကိုယ့်ရဲ့ဝက်တွေကို တခြားသော အိမ်မွေးဝက်၊ တောဝက်တွေနဲ့ မထိတွေ့စေဖို့နဲ့ အစာကြွင်းအစာကျန်တွေ ကျွေးမယ်ဆိုရင် ပြန်လည်ကျိုချက်သင့်ပါတယ်။

မီးဖိုချောင်ထွက် အသားအပိုင်းအစတွေကို အစာကြွင်းကျန်ထဲ မထည့်ဖို့နဲ့ အိမ်မွေးဝက်တွေမကျွေးဖို့၊ တောဝက်တွေကို ဖမ်းဆီးသတ်ဖြတ်ခြင်းမပြုဖို့၊ ဝက်တွေ နေမကောင်းခြင်းနဲ့ သေဆုံးခြင်းတွေ ကိုယ့်ရဲ့ပတ်ဝန်းကျင်နဲ့ ဝက်ခြံအတွင်းတွေ့ရှိရင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကို ဆက်သွယ်အကြောင်းကြားပေးဖို့နဲ့ ရောဂါနမူနာပစ္စည်းတွေ ဓာတ်ခွဲခန်းတွေကို ပေးပို့ပေးဖို့ ပြောကြားလိုပါတယ်။

အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံတပ်ရင်းမှူးအဆင့် အလံတင်အစည်းအဝေးပြုလုပ်

**နေပြည်တော် မတ် ၁၂**

တောင်ပြို(ဝဲ)မြို့နှစ်နိုင်ငံချစ်ကြည်ရေးတံတားအနီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်း၌ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံတပ်ရင်းမှူးအဆင့် မိတ်ဖက်တွေ့ဆုံအစည်းအဝေးကို မတ် ၁၁ ရက် ညနေပိုင်းတွင် ပြုလုပ်ခဲ့ရာ အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး ကျော်ဝင်းလှိုင် ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ အမှတ်(၃၄) နယ်ခြားစောင့်တပ်ရင်းမှူး Lieutenant Colonel Ali Haidur Azad Ahamad ဦးစီးသည့်အဖွဲ့တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။**

# ဆရာကြီး ဟံသာဝတီဦးဝင်းတင်၏ (၈၉) နှစ်မြောက်မွေးနေ့၊ ဟံသာဝတီဦးဝင်းတင် ဖောင်ဒေးရှင်းတည်ထောင်ခြင်း (၇)နှစ်မြောက် နှစ်ပတ်လည်နှင့် ထောက်ပံ့ငွေပေးအပ်ပွဲ ကျင်းပ




**ရန်ကုန် မတ် ၁၂**

ဆရာကြီး ဟံသာဝတီဦးဝင်းတင်၏ (၈၉) နှစ်မြောက်မွေးနေ့၊ ဟံသာဝတီဦးဝင်းတင် ဖောင်ဒေးရှင်းတည်ထောင်ခြင်း (၇) နှစ်မြောက် နှစ်ပတ်လည်နေ့နှင့် (၃၆) ကြိမ်မြောက် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ဗဟန်းမြို့နယ် တော်ဝင်နှင်းဆီစားသောက်ဆိုင်ရှိ ငြိမ်းချမ်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ ဖောင်ဒေးရှင်းနာယက ဦးမောင်မောင်ခင်က အမှာစကားပြောကြားပြီး ဟံသာဝတီဦးဝင်းတင်ဖောင်ဒေးရှင်း၏ (ယာယီ) ဥက္ကဋ္ဌ မုံရွာအောင်ရှင်က ဆရာကြီး ဟံသာဝတီ ဦးဝင်းတင်၏ (၈၉) နှစ်မြောက်မွေးနေ့ အထိမ်းအမှတ်အဖြစ် အမှတ်တရစကား ပြောကြားသည်။

ထို့နောက် ဖျာပုံနီလုံဦးက ဆရာကြီး ဟံသာဝတီဦးဝင်းတင်အတွက် ဂုဏ်ပြုကဗျာကို အမှတ်တရ ရွတ်ဆိုပြီး နိုင်ငံရေးအကျဉ်းသားဟောင်းနှင့် ဘဝတူစာနယ်ဇင်းသမားခုနစ်ဦးတို့နှင့်အတူ NLD လူငယ်ဘုံရိပ်သာအတွက် စုစုပေါင်း အလှူငွေကျပ် ၁၇ သိန်းကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဟံသာဝတီဦးဝင်းတင်ဖောင်ဒေးရှင်းစေတနာဆေးကုခန်းတွင် ပရဟိတစိတ်ဖြင့်ဆေးဝါးကုသပေးလျက်ရှိသော စေတနာ့ဝန်ထမ်း ဆရာဝန်နှင့် ဆရာမကြီးများ၊ အလှူရှင်များအား ဖောင်ဒေးရှင်းတာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ဟံသာဝတီဦးဝင်းတင် ဖောင်ဒေးရှင်းကို ၂၀၁၂ ခုနှစ်တွင် ဆရာကြီး ဟံသာဝတီဦးဝင်းတင်ကိုယ်တိုင် နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ၎င်းတို့၏မိသားစုများ၊ အကူအညီလိုအပ်နေသော ဘဝတူစာနယ်ဇင်းသမားများအား တတ်အားသမျှ ကူညီထောက်ပံ့နိုင်ရန် ရည်ရွယ်၍ တည်ထောင်ခဲ့ခြင်းဖြစ်သည်။

ဖောင်ဒေးရှင်း၏ ငွေကြေးထောက်ပံ့မှုအနေဖြင့် ပထမအကြိမ်မှ ယခု (၃၆)ကြိမ်မြောက်အထိ နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ဘဝတူစာနယ်ဇင်းသမားများ စုစုပေါင်း ၈၆၄ ဦးတို့အတွက် ငွေကျပ် ၂၀၆၈ သိန်း ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံရေးအကျဉ်းသားဟောင်း မိသားစုများအတွက် ပညာရေးထောက်ပံ့မှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အလုပ်အကိုင်ရှာဖွေပေးရေး လုပ်ငန်းစဉ်များကိုလည်း ပြည်တွင်းမှ အလှူရှင်တစ်ဦးနှင့် ပေါင်းကူးဆက်စပ်ကာ ဆောင်ရွက်ပေးခဲ့ကြောင်း ယနေ့အခမ်းအနားမှ သိရသည်။

ယခုအခါ အဆိုပါဖောင်ဒေးရှင်းအနေဖြင့် ပုဇွန်တောင်မြို့နယ် လမ်း(၅၀) အမှတ်(၁၃၉)တွင် ဟံသာဝတီဦးဝင်းတင် ဖောင်ဒေးရှင်းစေတနာဆေးကုခန်းကို ဖွင့်လှစ်၍ နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ၎င်းတို့၏ မိသားစုများ၊ အကူအညီလိုအပ်နေသော ဘဝတူစာနယ်ဇင်းသမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးကုသမှု အစီအစဉ်များကို အခမဲ့ဆောင်ရွက်ပေးလျက်ရှိသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့တွင် ပုလဲအတွဲပေါင်း ၁၇၈ တွဲ တင်ဒါအောင်မြင်

**နေပြည်တော် မတ် ၁၂**

၂၀၁၉ ခုနှစ် (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့တွင် ပုလဲအတွဲပေါင်း ၁၇၈ တွဲကို ယူရိုငွေစုစုပေါင်း ၁ ဒသမ ၀၂၉ သန်းဖြင့် တင်ဒါအောင်မြင်သွားကြောင်း သိရသည်။



ယနေ့ကျင်းပသည့် ပြပွဲဒုတိယနေ့တွင် ပုလဲအတွဲပေါင်း ၁၈၂ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ခြင်းဖြစ်ပြီး ပုလဲအတွဲ ၁၇၈ တွဲ တင်ဒါအောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ရောင်းချရာတွင် နိုင်ငံတော်ပိုင် ပုလဲ ၁၃၂ တွဲ တင်ပြခဲ့ရာ ၁၃၂ တွဲလုံး ရောင်းချခဲ့ရပြီး ယူရိုငွေ ၇၁၉၇၉၄ ရရှိခဲ့ကြောင်းနှင့် ကုမ္ပဏီပိုင် ပုလဲအတွဲ ၅၀ တွင် ၄၆ တွဲ ရောင်းချခဲ့ရပြီး ယူရိုငွေ ၃၀၉၄၂၂ ရရှိခဲ့ကြောင်း ပုလဲလုပ်ငန်းကော်မတီအတွင်းရေးမှူး လက်ထောက်အထွေထွေမန်နေဂျာ ဒေါ်မြမြဝင်းက ပြောသည်။

မြန်မာ့ပုလဲသည် ပြည်တွင်း၊ ပြည်ပ ပြပွဲများမှတစ်ဆင့် လူသိများလာခဲ့ပြီး ဈေးကွက်ဝေစု ကြီးထွားလာနေပြီဖြစ်ကြောင်း၊ ကမ္ဘာ့ပုလဲဈေးကွက်တွင် တောင်ပင်လယ်ပုလဲသည် အရှားပါးဆုံးနှင့် တန်ဖိုးအရှိဆုံးဖြစ်ပြီး ရွှေရောင်နှင့် ငွေရောင်ရှိသည့်အနက် မြန်မာနိုင်ငံက ထွက်ရှိသည့် ရွှေရောင်ပုလဲသည် အရည်အသွေးကောင်းရုံသာမက ရေရှည်ခိုင်မာသည့်အတွက် ကမ္ဘာ့ဈေးကွက်တွင် လူကြိုက်များလာပြီ ဖြစ်ကြောင်း၊ မြန်မာ့ပုလဲထုတ်လုပ်မှုများကို တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြိတ်ကျွန်းစုဧရိယာတစ်ဝိုက်တွင် မွေးမြူထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ရန် တရုတ်၊ ထိုင်း၊ သြစတြေးလျ၊ အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့မှ ပြည်ပရတနာကုန်သည်စုစုပေါင်း ၂၄၀၀ ကျော်နှင့် ပြည်တွင်းရတနာကုန်သည် ၁၀၀၀ ကျော် တက်ရောက်ရန် မှတ်ပုံတင်ထားပြီး ယနေ့ပြပွဲသို့ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည် အများအပြားတက်ရောက်ကြ၍ ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများအား စိတ်ကြိုက်ရွေးချယ်၍ ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းကြသည်။

(၅၆) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၁၁ ရက်မှ ၂၀ ရက်အထိ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပလျက်ရှိပြီး ပြပွဲကာလအတွင်း ကျောက်စိမ်းအတွဲ ၆၉၇၄ တွဲ၊ ကျောက်မျက်အတွဲ ၅၀၀ နှင့် ပုလဲအတွဲ ၂၇၄ တွဲ တို့ကို ပြသရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူထက်၊ ဓာတ်ပုံ-အေးသန်း(သတင်းစဉ်)**

# ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း ပြည်ပသို့ တရားဝင်အလုပ်သွားရောက်လုပ်ကိုင်သူ ၂၂၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ်နေရာ ၂၅၀၀၀ ကျော် ခန့်ထားနိုင်ခဲ့

**နေပြည်တော် မတ် ၁၂**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်းဝင်ငွေတိုးပွားစေရေးအတွက် ရည်ရွယ်၍ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

၂၀၁၇ ခုနှစ်အတွင်း ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့အား လုပ်ဆောင်လျက်ရှိရာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်ရရှိမှု အခြေအနေမှာ အစိုးရအလုပ်အကိုင်၁၂၄၆ ဦး၊ ပုဂ္ဂလိကအလုပ်အကိုင် ၂၄၂၀၅ ဦး စုစုပေါင်း ၂၅၄၅၁ ဦး ဖြစ်သည်။

ဖေဖော်ဝါရီလအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှု အခြေအနေမှာ မလေးရှားနိုင်ငံသို့ ၄၂၂၅ ဦး၊ စင်ကာပူနိုင်ငံသို့ ၃၀၊ ကိုရီးယားနိုင်ငံသို့ ၁၅၄ ဦး၊ ထိုင်းနိုင်ငံသို့ ၁၇၇၄၈ ဦး၊ ဂျပန်နိုင်ငံသို့ ၃၁၇ ဦး၊ ယူအေအီးသို့ ၂၀ ၊ ကာတာနိုင်ငံသို့ ၁၀ ဦး၊ ဂျော်ဒန်နိုင်ငံသို့ ၁၇ ဦး၊ မကာအိုနိုင်ငံသို့ နှစ်ဦး စုစုပေါင်း ၂၂၅၂၃ ဦး စေလွှတ်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် လေးဒေါင့်ကန်လမ်း စံပြဈေးရှေ့တွင် မတ် ၁၂ ရက်က မှူးခင်းပြခန်း ယာဉ်ဖြင့် ဈေးသွားဈေးလာများနှင့် ရပ်ကွက်နေပြည်သူများအား ယာဉ်ထိန်းတပ်ဖွဲ့စု၊ လူမှောင်ခို/လူကုန်ကူးတပ်ဖွဲ့၊ မူးယစ်တပ်ဖွဲ့စုတို့နှင့်အတူ သဃ်န်းကျွန်းမြို့မရဲစခန်းမှူး ဒုရဲမှူးတင်ဦး အသိပညာပေးဆွေးနွေးဟောပြောစဉ်။ ကိုရဲ

# (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ ဓာတ်ပုံမြင်ကွင်း

(၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို မတ် ၁၁ ရက်မှ ၂၀ ရက်အထိ နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပလျက်ရှိပြီး ပြပွဲကာလအတွင်း ကျောက်စိမ်းအတွဲ ၆၉၇၄ တွဲ၊ ကျောက်မျက်အတွဲ ၅၀၀ နှင့် ပုလဲအတွဲ ၂၇၄ တွဲ တို့ကို ပြသရောင်းချပေးမည်။

















# အမျိုးသားပညာရေးမူဝါဒကော်မရှင်က ပညာရေးမူဝါဒပိုင်းဆိုင်ရာလုပ်တာဆိုတော့ ပါမောက္ခချုပ်များကော်မတီက အဆင့်မြင့်ပညာနဲ့ပတ်သက်တဲ့ မူဝါဒပိုင်းဆိုင်ရာတွေကို လုပ်ပေးရတာပါ

ဒေါက်တာဇော်ဝေစိုး

## ပါမောက္ခချုပ်များကော်မတီဖွဲ့စည်းထားရှိမှုအခြေအနေ ပညာရေးစကားဝိုင်း

သတင်းအဖွဲ့

**ပါမောက္ခချုပ်များကော်မတီဖွဲ့စည်းထားရှိမှုအခြေအနေ ပညာရေးစကားဝိုင်းကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် ပါမောက္ခချုပ်များကော်မတီဥက္ကဋ္ဌ ဆေးတက္ကသိုလ်(၁)ရန်ကုန် ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုး၊ ပါမောက္ခချုပ်များကော်မတီ ဒုတိယဥက္ကဋ္ဌ မန္တလေးနည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဆင့်စိုး၊ ပါမောက္ခချုပ်များကော်မတီ ဗဟိုအလုပ်အမှုဆောင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမီမီသက်သွင်၊ ပါမောက္ခချုပ်များကော်မတီ ဗဟိုအလုပ်အမှုဆောင် သမဝါယမတက္ကသိုလ် (သန်လျင်) ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းတို့၏ ပါဝင်ဆွေးနွေးမှုများကို ဖော်ပြလိုက်ပါသည်။**

**အစီအစဉ်မှူး။** ။ ဆရာကြီး ပါမောက္ခဒေါက်တာဇော်ဝေစိုးအနေနဲ့ ပါမောက္ခချုပ်များကော်မတီ ဖြစ်ပေါ်လာပုံနဲ့ပတ်သက်ပြီးတော့ ရှင်းပြပေးပါ။

**ဒေါက်တာဇော်ဝေစိုး။** ။ ပါမောက္ခချုပ်များ ကော်မတီဆိုတာ ဟိုအရင်တုန်းက မရှိဘူး။ အခု မြန်မာပြည်ရဲ့ပြုပြင်ပြောင်းလဲမှုကနေ ပေါ်လာတာပါ။ အဆင့်မြင့်ပညာနဲ့ပတ်သက်ပြီးတော့ အမျိုးသားပညာရေးဥပဒေ ၂၀၁၄ ထွက်ခဲ့တယ်။ ထွက်ပြီးတော့ အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်တဲ့ ဥပဒေဆိုတာ ၂၀၁၅ ခုနှစ် ဇွန်လထဲမှာ ထွက်လာတယ်။ အဲဒီဥပဒေအရ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဆိုတာ ရှိတယ်။ ကျွန်တော်တို့မြန်မာပြည်မှာ ပညာရေးနဲ့ပတ်သက်ရင် အဆင့်အမြင့်ဆုံးမူဝါဒ အဖွဲ့အစည်းတစ်ခုလို့ ပြောလို့ရတယ်။ အဲဒီအဆင့်မြင့်ဆုံးမူဝါဒအဖွဲ့အစည်းရဲ့အောက်မှာ ဖွဲ့စည်းထားတာက Curriculum ပါ။ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီဆိုတာရှိတယ်။ ပြီးတော့ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီဆိုတာရှိတယ်။

### ပါမောက္ခချုပ်များကော်မတီဖွဲ့စည်း

ပြီးရင် အဆင့်မြင့်ပညာနဲ့ပတ်သက်ရင် ကျွန်တော်တို့ ပါမောက္ခချုပ်များကော်မတီဆိုတာ ရှိတယ်။ ပါမောက္ခချုပ်များကော်မတီဆိုတာက ၂၀၁၈ ခုနှစ်မှာပေါ်လာတယ်။ ၂၀၁၈ ခုနှစ် မတ်လ ၁၂ ရက်နေ့မှာ အမျိုးသားပညာရေးမူဝါဒကော်မရှင်ကနေပြီးတော့ မြန်မာပြည်မှာရှိတဲ့ တက္ကသိုလ်တွေကို ခေါ်လိုက်တယ်။ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နဲ့ အဆင့်မြင့်ပညာကျောင်းတွေကို အစည်းအဝေးခေါ်လိုက်တယ်။ ခေါ်ပြီးတော့ အဲဒီအစည်းအဝေးမှာ ပါမောက္ခချုပ်တွေ၊ ကျောင်းအုပ်ကြီးတွေပါတဲ့ အစည်းအဝေးလုပ်တယ်။ အဲဒီအစည်းအဝေးကနေပြီးတော့ ပါမောက္ခချုပ်များကော်မတီဖွဲ့စည်းဖို့အတွက် စီစဉ်တယ်။ အမျိုးသားပညာရေးဥပဒေအပိုဒ်(၂၇)ထဲမှာ ဘယ်လိုပါလဲဆိုရင် ဒီအဆင့်မြင့်ပညာကျောင်းတွေနဲ့ပတ်သက်ရင် ပေါင်းစပ်ညှိနှိုင်းမယ့်ကော်မတီဆိုတာ ဥပဒေထဲမှာ ဖွဲ့စည်းဖို့ ရေးထားတယ်။ အဲဒီအမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေ ၂၀၁၅ ထဲမှာရေးထားတဲ့ဟာက တက္ကသိုလ်တွေနဲ့ ဒီဂရီကောလိပ်၊ အဆင့်မြင့်ပညာကျောင်းတွေရဲ့ ကိုယ်ပိုင်စီမံခန့်ခွဲမှုကို မထိခိုက်စေဘဲ ပေါင်းစပ်ညှိနှိုင်းပေးမယ့် ကော်မတီတစ်ခုဖွဲ့မယ်ဆိုတဲ့ အဲဒီအထဲက အတိုင်းပဲ ဒီဟာကို ဖွဲ့စည်းလိုက်တယ်။ ခုနက ပုဒ်မ (၂၇) အရ ပေါ်ပေါက်လာတဲ့ ပါမောက္ခချုပ်များကော်မတီ၊ အဲဒီအထဲမှာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီလို့ရေးထားတဲ့ဟာက အခု ပါမောက္ခချုပ်များကော်မတီ ဆိုပြီးတော့ ပေါ်လာတာပါ။ မတ်လ ၁၂ ရက်နေ့မှာ အစည်းအဝေးလုပ်ပြီးတော့ အဲဒီနေ့မှာ ကျွန်တော်တို့ မဲတွေပေးပြီးတော့ ရွေးလိုက်တယ်၊ အဆင့်ဆင့်အုပ်စုလိုက်၊ ဘာသာရပ်အလိုက်တွေ အဲဒီကနေပြီးတော့ တစ်ဆင့် ကျွန်တော်တို့ ရွေးလိုက်တဲ့ အခါကျတော့ ပထမဦးဆုံး ၄၄ ဦး၊ တကယ်တော့ မြန်မာပြည်မှာ တက္ကသိုလ်တွေအားလုံး ၁၇၃ ခုရှိတယ်။ အဲဒီအထဲမှာ ကာကွယ်ရေးနဲ့၊ နယ်စပ်ဒေသတွေနဲ့ ပတ်သက်တဲ့၊ သာသနာရေးနဲ့ပတ်သက်တဲ့ဟာကို ဖယ်ထုတ်လိုက်တယ်။ ဖယ်ထုတ်လိုက်ရင် အားလုံးတက္ကသိုလ်ပေါင်း ၁၆၁ ကျောင်း ကျန်တယ်။ အဆင့်မြင့်ပညာကျောင်း ၁၆၁ ကျောင်းကို ခုနက ပါမောက္ခချုပ်များကော်မတီအနေနဲ့ ဖွဲ့တယ်။

### အလုပ်အမှုဆောင်အဖွဲ့

အဲဒီပါမောက္ခချုပ်များ ကော်မတီထဲမှာ တစ်ဆင့်ထပ်ပြီးတော့ ရွေးလိုက်တဲ့အခါကျတော့ အလုပ်အမှုဆောင်အဖွဲ့ဆိုတာရှိတယ်။ အဲဒါက ၄၄ ဦးပါတဲ့ အလုပ်အမှုဆောင်အဖွဲ့ဖွဲ့တယ်။ အဲဒီအလုပ်အမှုဆောင်တွေထဲကနေမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဆိုပြီးတော့ ၁၅ ဦးပါတဲ့ ကော်မတီကို ဖွဲ့တယ်။ ၁၅ ဦးပါတဲ့ကော်မတီမှာမှ ကျွန်တော်တို့ ရွေးလိုက်တဲ့အခါ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနဲ့ ဗဟိုကော်မတီဝင်တွေအားလုံး ၁၅ ဦး ရှိသွားတယ်။ အဲဒီအထဲမှာ ကျွန်တော် ဥက္ကဋ္ဌအနေနဲ့ ဆောင်ရွက်ပါတယ်။ ရွေးကောက်ပြီးတော့ ကျွန်တော်တို့ရဲ့ ဖွဲ့စည်းပုံနဲ့ တရားဝင် ဒီဟာကို ထုတ်ပြန်လိုက်တာကတော့ ၂၀၁၈ ခုနှစ် ဧပြီလ ၆ ရက်နေ့မှာ စတင်ပြီး ဖွဲ့စည်းတယ်။ ဒီအဖွဲ့ရဲ့ ရည်ရွယ်ချက်နဲ့ အဓိက လုပ်ငန်းကတော့ မူဝါဒပိုင်းဆိုင်ရာနဲ့ ပေါင်းစပ်ညှိနှိုင်းရေးပဲ။

### မူဝါဒပိုင်းဆိုင်ရာ

အမျိုးသားပညာရေးမူဝါဒကော်မရှင်ကို အဆင့်မြင့်ပညာနဲ့ပတ်သက်ပြီးတော့ အလုပ်လုပ်ပေးတဲ့သဘောပါ။ အမျိုးသားပညာရေးမူဝါဒကော်မရှင်က ပညာရေးမူဝါဒပိုင်းဆိုင်ရာလုပ်တာဆိုတော့ ပါမောက္ခချုပ်များကော်မတီက အဆင့်မြင့်ပညာနဲ့ပတ်သက်တဲ့ မူဝါဒပိုင်းဆိုင်ရာတွေကို လုပ်ပေးရတာပါ။ တကယ်တော့ Administration မဟုတ်ဘူး။ အုပ်ချုပ်တာ မဟုတ်ဘူး။ တကယ်တော့ ကျွန်တော်တို့တက္ကသိုလ်တွေရဲ့အုပ်ချုပ်ရေးက အမျိုးသားပညာရေးဥပဒေအရ သူက ပညာရေးဝန်ကြီးဌာနကနေ စီမံပေးတာတွေကို တက္ကသိုလ်တွေက အမှန်က ဒီဥပဒေအရဆို ကိုယ့်ဘာသာကိုယ် အုပ်ချုပ်ကြတာ။ ဒီတက္ကသိုလ်တွေရဲ့ ပဋိညာဉ်စာတမ်းတွေရေးပြီးတော့ အဲဒီပဋိညာဉ်စာတမ်းနဲ့အညီ တက္ကသိုလ်တွေက ကိုယ်ပိုင် ကိုယ့်ဟာကိုယ် အုပ်ချုပ်ဖို့အတွက် ဒီဥပဒေက ရေးထားတာပါ။ ဒါက နောက်ကျရင် ဖြစ်လာမယ်။ အခုဟာကတော့ ကျွန်တော်တို့က ပြောင်းလဲနေတဲ့ အချိန်။ အခု ကျွန်တော်တို့ ပါမောက္ခချုပ်များကော်မတီရဲ့အလုပ်ကလည်းပဲ ဘာကို လုပ်ရမလဲဆိုတော့ ပေါင်းစပ်ညှိနှိုင်းတဲ့အလုပ်ကို လုပ်ရတယ်။ အင်္ဂလိပ်လိုဆိုရင်တော့ Coordination Cooperation နဲ့ Negotiation တွေလုပ်ဖို့အတွက် ဖွဲ့စည်းထားရှိခြင်း ဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။ ပါမောက္ခချုပ်များ ကော်မတီရဲ့ ဖွဲ့စည်းပုံနဲ့ လုပ်ငန်းတာဝန်ဝတ္တရားတွေကိုလည်း သိပါရစေ။

**ဒေါက်တာဆင့်စိုး။** ။ စောစောက တင်ပြဆွေးနွေးသွားတဲ့ အတိုင်းပဲ၊ ပါမောက္ခချုပ်များကော်မတီကို ဗဟိုအလုပ်အမှုဆောင် ၄၄ ဦးနဲ့ ကော်မတီဝင်များအားလုံးကတော့ ရှိတဲ့တက္ကသိုလ်၊ ကောလိပ်များ ပါဝင်ပါတယ်။ အဲဒါကို ဖွဲ့စည်းပြီးပြီးချင်းမှာပဲ အလုပ်အမှုဆောင် ၄၄ ဦးထဲမှ ဗဟိုအလုပ်အမှုဆောင် ၁၅ ဦး အနေနဲ့ ပါမောက္ခချုပ်များကော်မတီကို ရည်ရွယ်ချက်တွေ ပေါက်မြောက်အောင် ကော်မရှင်က တာဝန် ၁၅ ရပ် ပေးထားတာရှိပါတယ်။ ဒါတွေကို အောင်အောင်မြင်မြင်နဲ့ အကောင်အထည်ဖော်နိုင်အောင် ဖွဲ့စည်းမှုတစ်ခုကို ကျွန်တော်တို့ စဉ်းစားကြမယ်။ တစ်နည်းအားဖြင့် ဖွဲ့စည်းပုံ ရေးဆွဲကြမယ်၊ ဖွဲ့စည်းပြီးပြီးချင်းမှာပဲ ဒါကို ဦးစားပေးအနေနဲ့ စဉ်းစားခဲ့ကြပါတယ်။ စဉ်းစားပြီး အဖွဲ့အတွင်းမှာ ဖွဲ့စည်းပုံနဲ့ပဲပတ်သက်ပြီး ဦးဆုံးမူကြမ်းထွက်အောင်ပြုစုတယ်၊ ပြုစုပြီး အလုပ်အမှုဆောင် ၄၄ ဦးအထိ ပါဝင်ပြီး ဖွဲ့စည်းပုံမူကြမ်းနဲ့ပတ်သက်ပြီး အစည်းအဝေးတိုင်းမှာ ဆွေးနွေးတယ်။ နိုင်ငံတကာမှာရှိတဲ့ အဆင့်မြင့်ပညာကဏ္ဍဖွံ့ဖြိုးအောင် ဆောင်ရွက်နေတဲ့ ကောလိပ်တွေ၊ တက္ကသိုလ်တွေ၊ ပူးပေါင်းဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေကိုလည်း လေ့လာတယ်။

မြန်မာနိုင်ငံရဲ့ လက်ရှိ ပညာရေးအပြောင်းအလဲမှာလည်း အခြေခံပြီးကြည့်တယ်၊ ဒီနှစ်ခု ပေါင်းစပ်ပြီး မြန်မာနိုင်ငံရဲ့တက္ကသိုလ်တွေရဲ့ အဆင့်မြင့်ပညာကဏ္ဍဖွံ့ဖြိုးရေးကို ချမှတ်ထားတဲ့ ပညာရေးမူဝါဒအောက်မှာ အကောင်အထည်ဖော်နိုင်ဖို့အတွက် လိုအပ်တဲ့ ဖွဲ့စည်းမှုတွေကို ဖွဲ့စည်းထားပါတယ်။ ဖွဲ့စည်းမှုမှာ ဥက္ကဋ္ဌ တစ်ဦး၊ ဒု-ဥက္ကဋ္ဌ နှစ်ဦးရှိတယ်။ အတွင်းရေးမှူးပါတယ်။ ဒါတွေကတော့ အဆင့်မြင့်ပညာဦးစီးဌာနက တာဝန်ပေးထားတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ ကျန်တာတွေကတော့ ပါမောက္ခချုပ်များရဲ့ ဗဟိုအလုပ်အမှုဆောင်များဖြစ်တယ်။ အားလုံး ၁၅ ဦးပါ၊ ဗဟိုအလုပ်အမှုဆောင်နဲ့ အလုပ်အမှုဆောင်တွေနဲ့ပေါင်းရင် ၄၄ ဦးနှင့် ဖွဲ့စည်းထားတာရှိတယ်။ ဒီ ၄၄ ဦးက တက္ကသိုလ်အားလုံးကိုကိုယ်စားပြုပြီး ပညာရေးဖွံ့ဖြိုးအောင် ဘာလုပ်ကြမလဲဆိုတော့ အဓိကကဏ္ဍကြီး နှစ်ခု ခွဲလိုက်တယ်။

### ဆုံးဖြတ်အတည်ပြု

ပထမတစ်ခုကတော့ တက္ကသိုလ်ရဲ့သင်ကြားမှု၊ သင်ယူလေ့ကျင့်မှု၊ စီမံခန့်ခွဲမှုတွေနဲ့သက်ဆိုင်ပြီး တက္ကသိုလ်တွေရဲ့လိုအပ်မယ့်ဟာတွေ ကူညီနိုင်ဖို့အတွက် လုပ်ငန်းကော်မတီဖွဲ့မည်ဆိုပြီး လုပ်ငန်းကော်မတီ ကိုးရပ် ဖွဲ့စည်းပုံထဲမှာ ထည့်သွင်းစဉ်းစားခဲ့တယ်။ ပြီးတော့ ဘာသာရပ်ဆိုင်ရာများ ဖွံ့ဖြိုးဖို့အတွက်လည်း အထူးပြုပညာရပ်ဆိုင်ရာအဖွဲ့များ ဖွဲ့စည်းခဲ့တယ်။ ကျန်တာက လုပ်ငန်းကော်မတီများကို ပံ့ပိုးပေးဖို့အတွက် ရုံးလုပ်ငန်းဆိုင်ရာတွေပံ့ပိုးနိုင်ဖို့ အထောက်အကူပြုရုံးအဖွဲ့တွေ ဖွဲ့စည်းပေးခဲ့ပါတယ်။ ခုဆိုရင် ဖွဲ့စည်းပုံနဲ့ပတ်သက်ပြီး အလုပ်အမှုဆောင် ၄၄ ဦးရဲ့ ဆွေးနွေးညှိနှိုင်းချက်များ အပေါ် အခြေခံပြီး ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့မှာ နေပြည်တော်ရှိ အားကစားရှာခန်းမမှာ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ တက္ကသိုလ်တွေ၊ ကောလိပ်တွေက ပါမောက္ခချုပ်ကြီးတွေ၊ ဒုတိယပါမောက္ခချုပ်ကြီးတွေ၊ ကျောင်းအကြီးအကဲတွေ၊ ကျောင်းအုပ်ကြီးတွေ တက်ရောက်တဲ့ ပထမအကြိမ် မြန်မာနိုင်ငံရဲ့ပါမောက္ခချုပ်များ ညီလာခံကြီးကို ကျင်းပနိုင်ခဲ့ပါတယ်။ ညီလာခံမှာလည်း ရှေ့ဆောင်ရွက်မည့်လုပ်ငန်းတွေ ချမှတ်နိုင်တယ်။ ပိုအရေးကြီးတဲ့ မှတ်တိုင်တစ်ခု အဆင့်မြင့်ပညာကဏ္ဍရဲ့ မှတ်တိုင်တစ်ခု (သို့မဟုတ်) ပြောင်းလဲလာတဲ့ မြန်မာ့ပညာရေးမှတ်တိုင်တစ်ခုအနေနဲ့ မြန်မာနိုင်ငံ ပါမောက္ခချုပ်များကော်မတီရဲ့ ဖွဲ့စည်းပုံကို အဲဒီနေ့ ညီလာခံကြီးမှာ ဆုံးဖြတ်အတည်ပြုနိုင်ခဲ့ပါတယ်။

**အစီအစဉ်မှူး။** ။ ဆရာမကြီး ပါမောက္ခချုပ် ဒေါက်တာဒေါ်မီမီသက်သွင် အနေနဲ့ ပါမောက္ခချုပ်များကော်မတီရဲ့လုပ်ငန်းကော်မတီ ကိုးခု ဖွဲ့စည်းထားရှိမှုနဲ့ပတ်သက်ပြီး ရှင်းပြပေးပါ။

**ဒေါက်တာမီမီသက်သွင်။** ။ ကျွန်မကတော့ ပါမောက္ခချုပ်များကော်မတီ ကိုးခုနဲ့ မိတ်ဆက်ပေးလိုပါတယ်။ ပထမဆုံး လုပ်ငန်းကော်မတီ တစ်ခုကတော့ မူဝါဒစီမံကိန်း ဥပဒေရေးရာလုပ်ငန်းကော်မတီ ဖြစ်ပါတယ်။ အဲဒီကော်မတီကို ပါမောက္ခဒေါက်တာကြည်ရွှင် နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ်က ဥက္ကဋ္ဌအနေနဲ့ တာဝန်ယူဆောင်ရွက်ပါတယ်။ ဒုတိယလုပ်ငန်းကော်မတီကတော့ စီမံခန့်ခွဲရေးနဲ့ ဝန်ထမ်းရေးရာလုပ်ငန်းကော်မတီ ဖြစ်ပါတယ်။ ပါမောက္ခဒေါက်တာသိဂီ နည်းပညာတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ်ကနေ တာဝန်ယူဆောင်ရွက်နေပါတယ်။ တတိယမြောက် လုပ်ငန်းကော်မတီကတော့ ဘဏ္ဍာရေးလုပ်ငန်းကော်မတီ ဖြစ်ပါတယ်။ ပါမောက္ခ ဒေါက်တာစိုးဝင်း မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်က ဥက္ကဋ္ဌအနေနဲ့ တာဝန်ယူဆောင်ရွက်ပါတယ်။ နံပါတ်(၄)လုပ်ငန်းကော်မတီကတော့ သုတေသနနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီ ဖြစ်ပြီး ပါမောက္ခဒေါက်တာတင်ဇော်စိုး အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး) ပါမောက္ခချုပ်က ဥက္ကဋ္ဌအနေနဲ့ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ကျောင်းသားရေးရာလုပ်ငန်းကော်မတီကိုတော့ ပါမောက္ခ ဒေါက်တာဖိုးကောင်း ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်က ဥက္ကဋ္ဌအနေနဲ့ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။

### တာဝန်ယူဆောင်ရွက်

နိုင်ငံတကာဆက်ဆံရေးနဲ့ ပူးပေါင်းဆက်ဆံရေးလုပ်ငန်းကော်မတီကိုတော့ ပါမောက္ခဒေါက်တာသူရဦး မုံရွာတက္ကသိုလ် ပါမောက္ခချုပ်က ဥက္ကဋ္ဌအနေနဲ့ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီကိုတော့ ပါမောက္ခဒေါက်တာခင်မောင်ဦး မကွေးတက္ကသိုလ်ပါမောက္ခချုပ်က တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ အားကစားရေးရာလုပ်ငန်းကော်မတီကိုတော့ ပါမောက္ခဒေါက်တာကျော်ကျော်ခေါင် အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ်က ဥက္ကဋ္ဌအနေနဲ့ တာဝန်ယူဆောင်ရွက်ပါတယ်။ ပြန်ကြားရေးသတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးနည်းပညာလုပ်ငန်းကော်မတီကိုတော့ ဒေါက်တာမီမီသက်သွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ်က ဥက္ကဋ္ဌအနေနဲ့ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ဒီလုပ်ငန်းကော်မတီအသီးသီးမှာ ဘာသာရပ်ဆိုင်ရာအဖွဲ့ဝင်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ အတွင်းရေးမှူးကိုတော့ အဆင့်မြင့်ပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများက တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။

**အစီအစဉ်မှူး။** ။ ဆရာမကြီး ဒေါက်တာရီရီဝင်း အနေနဲ့လည်း ပါဝင်ဆောင်ရွက်နေတဲ့ အထူးပြုပညာရပ်များအဖွဲ့ရဲ့ လုပ်ငန်းစဉ်များကိုလည်း ပြောကြားပေးပါ။

**ဒေါက်တာရီရီဝင်း။** ။ အထူးပြုပညာရပ်များ အဖွဲ့ ရှစ်ဖွဲ့ ဖွဲ့စည်းထားပါတယ်။ အဲဒီ ရှစ်ဖွဲ့မှာ မြန်မာနိုင်ငံမှာရှိတဲ့ တက္ကသိုလ် ၁၇၃ ကျောင်းထဲက ကျောင်း ၁၆၁ ကျောင်းက အထူးပြုပညာရပ်များအလိုက် အဖွဲ့များခွဲပြီး ဖွဲ့စည်းထားရှိပါတယ်။ အဖွဲ့ ရှစ်ဖွဲ့မှာ ဝိဇ္ဇာ၊ သိပ္ပံပညာရပ်များအဖွဲ့မှာ ဆရာကြီး ပါမောက္ခဒေါက်တာတင်မောင်ထွန်း ပါမောက္ခချုပ် အနောက်ပိုင်းတက္ကသိုလ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပါတယ်။ ပြီးတော့ ဝိဇ္ဇာ၊ သိပ္ပံပညာရပ်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်၊ ဒီဂရီကောလိပ်ပေါင်းကျောင်း ၄၀ ပါဝင်ပါတယ်။



စာမျက်နှာ ၁၁ သို့

# တစ်နိုင်ငံလုံးအတိုင်းအတာအရ တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒဘာသာရပ် ဖြေဆိုသူ ၇၂၅၄၄၉ ဦးရှိ

**နေပြည်တော် မတ် ၁၂**

၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့အဖြစ် ရူပဗေဒဘာသာရပ်ကို ယနေ့ဖြေဆိုကြသည်။

မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နိုင်ငံခြားစာစစ်ဌာနများတွင် ရူပဗေဒဖြေဆိုရန် စာရင်းရှိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၆၃၆၄၃ ဦးတွင် ဖြေဆိုသူ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၂၅၄၄၉ ဦး ဖြေဆိုကြပြီး ဖြေဆိုရန်ပျက်ကွက်သူ ၃၈၁၉၄ ဦးဖြစ်၍ ဖြေဆိုမှု ရာခိုင်နှုန်း ၉၅ ရာခိုင်နှုန်း ဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**

၂၀၁၉-ခုနှစ်မတ်လတွင်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်များတွင် နေ့စဉ်ဖြေဆိုမှုအခြေပြဇယား

ရက်စွဲ- ၁၂-၃-၂၀၁၉ ဘာသာ-ရူပဗေဒ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆို % |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | |
| ၁ | ကချင်ပြည်နယ် | ၁၂၀၁၇ | ၁၈၄၃၉ | ၃၀၄၅၆ | ၁၁၁၂၂ | ၁၇၇၃၇ | ၂၈၈၅၉ | ၈၉၅ | ၇၀၂ | ၁၅၉၇ | 94.77% |
| ၂ | ကယားပြည်နယ် | ၁၅၂၉ | ၂၉၁၃ | ၄၄၄၂ | ၁၄၀၈ | ၂၈၀၉ | ၄၂၁၇ | ၁၂၁ | ၁၀၄ | ၂၂၅ | 94.93% |
| ၃ | ကရင်ပြည်နယ် | ၆၈၅၃ | ၁၁၅၅၀ | ၁၈၄၀၃ | ၆၂၄၂ | ၁၀၉၃၀ | ၁၇၁၇၂ | ၆၁၁ | ၆၂၀ | ၁၂၃၁ | 93.31% |
| ၄ | ချင်းပြည်နယ် | ၃၅၆၅ | ၅၀၅၅ | ၈၆၂၀ | ၃၀၈၂ | ၄၆၃၆ | ၇၇၁၈ | ၄၈၃ | ၄၁၉ | ၉၀၂ | 89.54% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၄၁၆၀၃ | ၅၄၀၉၈ | ၉၅၇၀၁ | ၃၉၇၀၁ | ၅၂၈၀၄ | ၉၂၅၀၅ | ၁၉၀၂ | ၁၂၉၄ | ၃၁၉၆ | 96.67% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၇၉၈၂ | ၁၄၂၀၆ | ၂၂၁၈၈ | ၇၂၃၈ | ၁၃၄၄၂ | ၂၀၆၈၀ | ၇၄၄ | ၇၆၄ | ၁၅၀၈ | 93.20% |
| ၇ | ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း) | ၁၉၄၀၈ | ၂၆၂၅၁ | ၄၅၆၅၉ | ၁၇၉၉၃ | ၂၅၁၅၂ | ၄၃၁၄၅ | ၁၄၁၅ | ၁၀၉၉ | ၂၅၁၄ | 94.49% |
| ၈ | ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) | ၁၁၁၂၃ | ၁၄၄၀၂ | ၂၅၅၂၅ | ၁၀၃၈၁ | ၁၃၇၈၀ | ၂၄၁၆၁ | ၇၄၂ | ၆၂၂ | ၁၃၆၄ | 94.66% |
| ၉ | မကွေးတိုင်းဒေသကြီး | ၃၃၄၇၃ | ၄၂၆၅၅ | ၇၆၁၂၈ | ၃၁၇၉၇ | ၄၁၇၃၆ | ၇၃၅၃၃ | ၁၆၇၆ | ၉၁၉ | ၂၅၉၅ | 96.59% |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၅၃၀၁၈ | ၆၅၆၆၈ | ၁၁၈၆၈၆ | ၅၀၂၆၆ | ၆၃၉၇၇ | ၁၁၄၂၄၃ | ၂၇၅၂ | ၁၆၉၁ | ၄၄၄၃ | 96.26% |
| ၁၁ | နေပြည်တော် | ၁၀၇၂၅ | ၁၂၉၉၃ | ၂၃၇၁၈ | ၉၉၉၈ | ၁၂၅၄၆ | ၂၂၅၄၄ | ၇၂၇ | ၄၄၇ | ၁၁၇၄ | 95.05% |
| ၁၂ | မွန်ပြည်နယ် | ၁၁၄၅၇ | ၁၇၇၉၂ | ၂၉၂၄၉ | ၁၀၅၄၆ | ၁၇၀၂၄ | ၂၇၅၇၀ | ၉၁၁ | ၇၆၈ | ၁၆၇၉ | 94.26% |
| ၁၃ | ရခိုင်ပြည်နယ် | ၁၈၅၅၇ | ၂၀၈၀၆ | ၃၉၃၆၃ | ၁၆၇၇၃ | ၁၉၈၃၈ | ၃၆၆၁၁ | ၁၇၈၄ | ၉၆၈ | ၂၇၅၂ | 92.99% |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး | ၅၅၉၂၆ | ၆၂၄၁၇ | ၁၁၈၃၄၃ | ၅၁၄၇၅ | ၅၉၃၃၁ | ၁၁၀၈၀၆ | ၄၄၅၁ | ၃၀၈၆ | ၇၅၃၇ | 93.63% |
| ၁၅ | ရှမ်းပြည်နယ်(တောင်ပိုင်း) | ၁၂၆၁၉ | ၂၀၃၉၈ | ၃၃၀၁၇ | ၁၁၈၁၃ | ၁၉၇၅၉ | ၃၁၅၇၂ | ၈၀၆ | ၆၃၉ | ၁၄၄၅ | 95.62% |
| ၁၆ | ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၆၂၂၇ | ၁၀၃၇၄ | ၁၆၆၀၁ | ၅၇၉၃ | ၉၉၆၈ | ၁၅၇၆၁ | ၄၃၄ | ၄၀၆ | ၈၄၀ | 94.94% |
| ၁၇ | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၂၀၀၈ | ၃၁၃၈ | ၅၁၄၆ | ၁၈၅၃ | ၂၉၉၄ | ၄၈၄၇ | ၁၅၅ | ၁၄၄ | ၂၉၉ | 94.19% |
| ၁၈ | ဧရာဝတီတိုင်းဒေသကြီး | ၂၂၆၀၃ | ၂၉၅၄၇ | ၅၂၁၅၀ | ၂၀၉၀၇ | ၂၈၃၅၀ | ၄၉၂၅၇ | ၁၆၉၆ | ၁၁၉၇ | ၂၈၉၃ | 94.45% |
| ၁၉ | နိုင်ငံခြား | ၅၄ | ၉၄ | ၁၄၈ | ၅၄ | ၉၄ | ၁၄၈ | ၀ | ၀ | ၀ | 100.00% |
| | စုစုပေါင်း | ၃၃၀၈၃၇ | ၄၃၂၈၀၆ | ၇၆၃၆၄၃ | ၃၀၈၅၃၂ | ၄၁၆၉၃၇ | ၇၂၅၄၆၉ | ၂၂၃၀၅ | ၁၅၈၆၉ | ၃၈၁၇၄ | 95.00% |

မှတ်ချက်။ ဓာတုဗေဒဘာသာ ဖြေဆိုသည့်နေ့တွင် ကချင်ပြည်နယ်ပညာရေးမှူးရုံးမှ ပေးပို့သည့် စာရင်းရှိ ကျား/မ ခွဲခြားရာ၌ မှားယွင်းခဲ့ပါ၍ ကျား(၁၂၁၀၈)အစား (၁၂၀၁၇)၊ မ(၁၈၄၃၈) အစား ((၁၈၄၃၉) ဟု ပြင်ဆင် ဖတ်ရှုပါရန်။ (စုစုပေါင်း စာရင်းရှိ ဦးရေ ပြောင်းလဲမှု မရှိပါ။)

# တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့ ရူပဗေဒဘာသာရပ်ကို နိုင်ငံခြားစာစစ်ဌာနများအပါအဝင် မြန်မာတစ်နိုင်ငံလုံးရှိ စာစစ်ဌာနများတွင် ဖြေဆိုသူပေါင်း ၇၂၅၄၄၉ ဦးရှိ

**နေပြည်တော် မတ် ၁၂**

၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့အဖြစ် ရူပဗေဒဘာသာရပ်ကို ယနေ့တွင်ဖြေဆိုကြရာ နိုင်ငံခြားစာစစ်ဌာန ၂၀ နှင့် မြန်မာတစ်နိုင်ငံလုံးရှိ စာစစ်ဌာန ၁၈၅၀ စာစစ်ဌာန စုစုပေါင်း ၁၈၇၀ တွင် ဖြေဆိုသူပေါင်း ၇၂၅၄၄၉ ဦးရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

**ဝင်ရောက်ဖြေဆို**

တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒဘာသာရပ်တွင် ဖြေဆိုသူပေါင်း ၇၂၅၄၄၉ ဦးအနက် တစ်နိုင်ငံလုံး၌ ဆေးရုံဖြေဆိုသူ ၁၃၉ ဦး၊ အကြားအာရုံ မသန်စွမ်းဖြေဆိုသူ ၁၁ ဦး၊ ကိုယ်အင်္ဂါ မသန်စွမ်းဖြေဆိုသူ ၁၀၁ ဦး၊ အကျဉ်းထောင်များတွင် ဝင်ရောက်ဖြေဆိုသူ ၁၀၅ ဦးနှင့် ကရင်ပြည်နယ် မြဝတီမှ ဝင်ရောက်ဖြေဆိုသူ ၁၁၈ ဦးရှိကြောင်း သိရသည်။

**သတင်းစဉ်**

❂ စာမျက်နှာ ၁၀ မှ

အင်ဂျင်နီယာနဲ့ နည်းပညာရပ်များအဖွဲ့မှာ ပါမောက္ခဒေါက်တာကြည်စိုး ပါမောက္ခချုပ် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်က အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်ပါတယ်။ အဲဒီမှာ အင်ဂျင်နီယာနဲ့ နည်းပညာရပ်ဆိုင်ရာ တက္ကသိုလ်ကျောင်းပေါင်း ၃၅ ကျောင်း ပါဝင်ပါတယ်။

**အသီးသီးဖွဲ့စည်း**

ကွန်ပျူတာနည်းပညာရပ်များ အဖွဲ့မှာတော့ ပါမောက္ခ ဒေါက်တာမိုးပွင့် ပါမောက္ခချုပ် မန္တလေးကွန်ပျူတာတက္ကသိုလ်က အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်ပါတယ်။ အဲဒီမှာဆိုရင် ကွန်ပျူတာနည်းပညာရပ်များဆိုင်ရာ တက္ကသိုလ်များ ၂၇ ကျောင်း ပါဝင်ပါတယ်။ စီးပွားရေးပညာရပ်များအဖွဲ့မှာတော့ ပါမောက္ခဒေါက်တာဒေါ်ရီရီဝင်း ပါမောက္ခချုပ် သမဝါယမတက္ကသိုလ်(သန်လျင်)က အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်ပါတယ်။ စီးပွားရေးတက္ကသိုလ်များ၊ သမဝါယမတက္ကသိုလ်များနဲ့ အမျိုးသားစီမံခန့်ခွဲမှုဒီဂရီကောလိပ်တို့၊ သမဝါယမကောလိပ် စသည့် စုစုပေါင်း ရှစ်ကျောင်းနဲ့ ဖွဲ့စည်းပါတယ်။ ဆေးနှင့်နီးနွယ်ပညာရပ်များအဖွဲ့မှာတော့ ပါမောက္ခဒေါက်တာ ဒေါ်မြတ်သန္တာ ပါမောက္ခချုပ် သူနာပြုတက္ကသိုလ်က အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်ပါတယ်။ အဲဒီမှာ ဆေးနှင့်နီးနွယ်ပညာရပ်များဆိုင်ရာ တက္ကသိုလ် ၁၆ ကျောင်း ပါဝင်ပါတယ်။ ဘာသာ၊ ယဉ်ကျေးမှုနဲ့ အနုပညာရပ်များအဖွဲ့မှာတော့ ပါမောက္ခဦးအောင်နိုင်မြင့် ပါမောက္ခချုပ် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)က အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်ပါတယ်။

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုအနုပညာတက္ကသိုလ်(ရန်ကုန်)၊ (မန္တလေး)နဲ့ ယွန်းပညာကောလိပ်(ပုဂံ) စသည့် ကျောင်း ငါးကျောင်းနဲ့ ဖွဲ့စည်းထားပါတယ်။ နောက် သစ်တော၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေးပညာရပ်များအဖွဲ့မှာတော့ ပါမောက္ခဒေါက်တာမြင့်ဦး ပါမောက္ခချုပ် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်(ရေဆင်း)က အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်ပြီး သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ် (ရေဆင်း)စတဲ့ ကျောင်း သုံးကျောင်းနဲ့ ဖွဲ့စည်းပါတယ်။ ဆရာအတတ်ပညာအဖွဲ့မှာတော့ ပါမောက္ခဒေါက်တာဌေးဌေးမော် ကျောင်းအုပ်ကြီး ရန်ကင်းပညာရေးကောလိပ်က အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်ပြီး ဆရာအတတ်ပညာသင်ကြားတဲ့တက္ကသိုလ်၊ ကောလိပ်တွေ စုစုပေါင်း ၂၇ ကျောင်းနှင့် ဖွဲ့စည်းထားတာဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ပါမောက္ခချုပ်များ ကော်မတီ အနေနဲ့ ပထမအကြိမ် ညီလာခံ ကျင်းပခဲ့တယ်လို့ သိရပါတယ်။ လက်ရှိကော်မတီရဲ့ ဆောင်ရွက်ချက်များကိုလည်း သိပါရစေ။**

**ဒေါက်တာဇော်ဝေစိုး။** ။အဆင့်မြင့်ပညာတက္ကသိုလ်တွေက မြန်မာပြည်မှာရှိတဲ့ တက္ကသိုလ်အားလုံးက နိုင်ငံပိုင်၊ အစိုးရပိုင်တက္ကသိုလ်များ ဖြစ်ကြပါတယ်။ အရင်ကတော့ အားလုံးအပေါ်က အုပ်ချုပ်ခဲ့တယ်ဆိုတော့ အဆင့်ဆင့်အုပ်ချုပ်မှုနဲ့ သွားပါတယ်။ အခုဟာက အမျိုးသားပညာရေးဥပဒေအရ တက္ကသိုလ်တွေဟာ နောင်ကျရင် ကိုယ်ပိုင်စီမံခန့်ခွဲအုပ်ချုပ်နိုင်တယ်။ အင်္ဂလိပ်လိုပြောရင် Autonomy ပါ။ ဘာဖြစ်လို့လဲဆိုတော့ အဆင့်မြင့်ပညာကျောင်းတွေ၊ တက္ကသိုလ်တွေရဲ့ တိုးတက်ဖို့ဟာ Autonomy ဟာ သိပ်အရေးကြီးတယ်။ ကိုယ်ပိုင်စီမံခန့်ခွဲနိုင်မှ ဒါကိုယ့်ကျောင်းနဲ့ ကိုယ့်တက္ကသိုလ်နဲ့ ကိုယ်ရဲ့ဘာသာရပ်အလိုက် တိုးတက်အောင် လုပ်လို့ရတာ။ နိုင်ငံတကာမှာလည်း ဒီလိုပဲဆိုတော့ ကျွန်တော်တို့ ဒီဥပဒေရေးထားတာလည်း ဒါနဲ့ရေးထားတာဆိုတော့ တက္ကသိုလ်တွေရဲ့ ကိုယ်ပိုင်စီမံခန့်ခွဲမှုကို မထိခိုက်စေဘဲနဲ့ ပါမောက္ခချုပ်များကော်မတီက ပေါင်းစပ်ညှိနှိုင်းပေးရမှာပါ။ ဒါကြောင့် ဒီဟာကို ဖွဲ့စည်းထားတာပါ။ အဲဒီရည်ရွယ်ချက်အောင်မြင်အောင် ညီလာခံတွေလုပ်တယ်။ အဖွဲ့အစည်းတွေဖွဲ့တယ်။ ဆပ်ကော်မတီတွေဖွဲ့တယ်၊ အဲဒီလိုမျိုးတွေ လုပ်ကြတာပါ။ အဲဒီမှာ တကယ်တမ်းကျတော့ ဒီလိုအဖွဲ့အစည်းတွေဖွဲ့ပြီး လုပ်တဲ့အချိန်မှာ ခုနလို ၄၄ ဦး ကော်မတီဖွဲ့တယ်၊ ၁၅ ဦး ကော်မတီဖွဲ့တယ်။ အဲဒီလိုဖွဲ့တဲ့အချိန်မှာ တကယ်တမ်းကျတော့ ကျွန်တော်တို့ ပါမောက္ခချုပ်တွေက သူ့ဟာနဲ့သူ အစကတည်းက အလုပ်ကများနေပြီးသား။ ဒီဟာတွေကိုလုပ်ဖို့အတွက်ဆိုရင် လုပ်နိုင်ဖို့အတွက် အနေအထားတွေရှိမှရမှာပါ။ ဥပမာအားဖြင့် ကျွန်တော်တို့ အခုဆိုရင် ပညာရေးဝန်ကြီးဌာနကနေပြီးတော့ တချို့ ကျွန်တော်တို့ကို အကြံဉာဏ်တောင်းတာတွေရှိတယ်။ သဘောထားမှတ်ချက်တွေ တောင်းတာတွေရှိတယ်။ အဲဒီလိုဟာတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ဒီဟာကို အမျိုးသားပညာရေးမူဝါဒ ကော်မရှင်ကနေတစ်ဆင့် ကျွန်တော်တို့ကိုမေးလာတဲ့အခါ ကျွန်တော်တို့ ဖြေနိုင်ဖို့ဆိုရင် ကျွန်တော်တို့အချင်းချင်း ဆွေးနွေးဖို့လိုပါတယ်။ ဒါကြောင့် ကျွန်တော်တို့ စနစ်တည်ဆောက်ထားတယ်။ အဲဒါ ဘာလဲဆိုရင် အနည်းဆုံးတစ်လ တစ်ကြိမ် CEC ၊ ခုနက Central က ၁၅ ဦးကော်မတီက အစည်းအဝေးလုပ်ဖို့လိုတယ်။ ညှိနှိုင်းဖို့၊ တိုင်ပင်ဖို့လိုတယ်။ တက္ကသိုလ်တွေ တိုးတက်ရာ၊ တိုးတက်ကြောင်း ဘာတွေလုပ်မလဲဆိုတာကို ကျွန်တော်တို့ ညှိနှိုင်းဖို့လိုတယ်။

**နှစ်ပတ်လည်ညီလာခံ**

ခုနက အမျိုးသားပညာရေးမူဝါဒကော်မရှင်နဲ့ ပညာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ ကျွန်တော်တို့ဆိုရင် ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာန အဲဒါတွေနဲ့ပတ်သက်တာတွေကို ကျွန်တော်တို့ ဆွေးနွေးဖို့လိုပါတယ်။ အလားတူ ၄၄ ဦးကော်မတီဆိုရင် သုံးလ တစ်ကြိမ် အစည်းအဝေးလုပ်ဖို့ လုပ်ထားတယ်။ နောက် ၁၆၁ ကျောင်းလုံးပါဝင်တဲ့ နှစ်ပတ်လည်ညီလာခံကိုတော့ ကျွန်တော်တို့ တစ်နှစ်တစ်ကြိမ်ပါ။ ဒါပေမယ့် ခုလောလောဆယ် လိုအပ်ချက်အရတော့ တစ်နှစ်ကို နှစ်ကြိမ်လောက်လုပ်ဖို့ စီစဉ်ထားတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ပြီးခဲ့တဲ့ ဩဂုတ်လ ၂၃ ရက်နေ့က ညီလာခံလုပ်တာပါ။

အဲဒီမှာ ဘယ်လိုလုပ်နေလဲဆိုတော့ tele–conferencing tele meeting ကျွန်တော်တို့ တည်ဆောက်ထားရတယ်ဆိုတော့ ဒီ CEC အဖွဲ့ဝင် ၁၅ ဦးရယ်၊ အမျိုးသားပညာရေးမူဝါဒ ကော်မရှင်ရယ်၊ ပညာရေးဝန်ကြီးဌာနရယ် ချိတ်ပြီးတော့ အခုဆိုရင် တစ်ပတ်ကို တစ်ကြိမ်ပါ။ ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီကနေပြီးတော့ ၃ နာရီအထိကို အစည်းအဝေးလုပ်ပါတယ်။ ကျွန်တော်တို့ ခုနကလို လူတွေတစ်ယောက်နဲ့တစ်ယောက်တွေ့ပြီးလုပ်ဖို့ အစည်းအဝေးဆိုတာ မဖြစ်နိုင်ဘူး။ ကျွန်တော်တို့ ဒီအဖွဲ့တွေက မြန်မာတစ်ပြည်လုံးမှာရှိတဲ့ တက္ကသိုလ်တွေဆိုတော့ အဲဒါတွေ တစ်ယောက်နဲ့တစ်ယောက် အစည်းအဝေးလုပ်ဖို့ဆိုတာ မလွယ်ဘူး။ အဲဒီတော့ အခု ကျွန်တော်တို့ Idea လည်း တိုးတက်လာတော့ အခုဆိုရင် tele meeting ပါ။ video call တွေနဲ့လုပ်ပြီးတော့ အစည်းအဝေးလုပ်တဲ့အခါ အဆင်ပြေပါတယ်။ အဲဒီလိုမျိုး တစ်ပတ်ကို တစ်ကြိမ် လုပ်ခြင်းအားဖြင့် ကျွန်တော်တို့ တိုင်ပင်နိုင်တယ်။ broadcast တွေလုပ်လို့ရပါတယ်။ အဲဒီလိုမျိုးနဲ့ ဆောင်ရွက်နေတယ်။ အဓိကကတော့ ကျွန်တော်တို့ တက္ကသိုလ်တွေဟာ Autonomy နဲ့သွားဖို့ အခုလောလောဆယ် အနေအထားကတော့ transition ပါ။ ဘာဖြစ်လို့လဲဆိုတော့ အရင်တုန်းက အားလုံးက top down နဲ့ အုပ်ချုပ်ခဲ့ပြီးတော့ အဆင့်ဆင့်နဲ့ သွားခဲ့ရတာကနေပြီး Autonomy တက္ကသိုလ်တွေကို ကိုယ်ပိုင်စီမံခန့်ခွဲမှုပေးမယ်ဆိုရင် တက္ကသိုလ်တွေမှာ Capacity ရှိဖို့လိုတယ်။ စွမ်းရည်တွေရှိဖို့လိုမယ်။ အရင်တုန်းက ဝန်ကြီးဌာနက လုပ်ခဲ့တာတွေကို တက္ကသိုလ်တွေက လုပ်နိုင်ဖို့လိုတယ်။ အဲဒီဟာတွေကို ကျွန်တော်တို့က တည်ဆောက်ဖို့ ကြိုးစားနေတဲ့အချိန်ပါ ။

**ပဋိညာဉ်စာတမ်းလိုအပ်**

အဲဒီမှာ Autonomy ဆိုရင် အဓိကက ကျွန်တော်တို့ တက္ကသိုလ်တွေမှာ ပဋိညာဉ်စာတမ်းလိုအပ်တယ်။ တက္ကသိုလ်မှာ အဓိကအကျဆုံးအဖွဲ့အစည်းကတော့ တက္ကသိုလ်ကောင်စီပဲ။ ပဋိညာဉ်စာတမ်းရေးရမယ်။ ရေးပြီးတော့ တက္ကသိုလ်ကောင်စီကို ဖွဲ့စည်းရမယ်။ တက္ကသိုလ်ကောင်စီမှာ ဘယ်သူတွေပါလဲလို့မေးရင် ကျောင်းသားတွေရဲ့ ကိုယ်စားလှယ်၊ အခုဆိုရင်တော့ ကျောင်းသားသမဂ္ဂတွေပါ။ ဆရာတွေရဲ့ ကိုယ်စားလှယ်၊ ဆရာများသမဂ္ဂလည်း ပါတယ်။ ကျောင်းသားဟောင်းအဖွဲ့တွေ ပါတယ်။ တက္ကသိုလ်ထဲမှာရှိတဲ့ ဌာနတွေပါတယ်။ ပါမောက္ခတွေပါတယ်။ ပါမောက္ခချုပ်တွေပါတယ်။ ဒီတက္ကသိုလ်ကောင်စီမှာ ပါမောက္ခချုပ်ဆိုတာ အခုဟာကတော့ နိုင်ငံတော်ကနေပြီးတော့ ခန့်တာပါ။ ကျွန်တော်ထင်တယ်။ နောင်တစ်ချိန်ကျရင် ဒါဟာ ရွေးကောက်တင်မြှောက်တဲ့ ပါမောက္ခချုပ်တွေ ပေါ်လာမယ်။

ကျွန်တော်တို့ တက္ကသိုလ်ထဲမှာရှိတဲ့ ပါမောက္ခတွေထဲကနေပြီးတော့ ခုနက တက္ကသိုလ်ကောင်စီကနေရွေးပြီးတော့ ရွေးကောက်တင်မြှောက်လိုက်တဲ့ ပါမောက္ခချုပ်ပါ။ အဲဒီပါမောက္ခချုပ်ကို နိုင်ငံတော်ကနေ အသိအမှတ်ပြုပေးတဲ့ ပုံစံမျိုးဖြစ်လာဖို့များတယ်။ အဲဒီလိုမျိုးနဲ့ဆိုရင် တက္ကသိုလ်တွေဟာ ကိုယ့်ဘာသာကိုယ်စီမံ၊ အပေါ်ကနေလာတာမျိုး မဟုတ်တော့ဘူး။ ကိုယ့်ဟာကိုယ်ရွေးကောက်တင်မြှောက်တယ်။ ကိုယ့်ဟာကိုယ် Manage လုပ်တယ်ဆိုတာတွေ ဖြစ်လာတယ်။ အဲဒီကို ကျွန်တော်တို့ သွားနေတယ်။

(ဆက်လက်ဖော်ပြပါမည်)

# ၂၀၂၀ ပြည့်နှစ် ကာကွယ်ရေးအသုံးစရိတ်အတွက် ငွေကြေးပိုမိုသုံးစွဲရန် သမ္မတထရန့် အဆိုပြု

**ဝါရှင်တန် မတ် ၁၂**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ၂၀၂၀ ပြည့်နှစ် ရသုံးမှန်းခြေစာရင်းတွင် ကာကွယ်ရေးအသုံးစရိတ်အတွက် ငွေကြေးပိုမို သုံးစွဲရန် အဆိုပြုထားကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

အိမ်ဖြူတော်က မတ် ၁၁ ရက်တွင် အစိုးရအဖွဲ့၏ ရသုံးမှန်းခြေစာရင်းအဆိုပြုချက်များကို ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပြုချက်တွင် သမ္မတထရန့်က ဒေါ်လာ ၇၅၀ ဘီလီယံကို ကာကွယ်ရေးအသုံးစရိတ်တွင် သုံးစွဲရန် အဆိုပြုထားသည်။ အဆိုပါငွေကြေးပမာဏသည် လွန်ခဲ့သော နှစ်ကထက် ငါးရာခိုင်နှုန်း ပိုမိုများပြားသည်။ ယင်း ကာကွယ်ရေးအသုံးစရိတ်တွင် တရုတ်နှင့် ရုရှားနိုင်ငံများ၏ ခြိမ်းခြောက်မှုများကို တုံ့ပြန်နိုင်ရန် အာကာသ ကာကွယ်ရေးစခန်းအသစ်တစ်ခု ဖွင့်လှစ်ရန်အတွက် ပါဝင်ကြောင်း သိရသည်။

ထို့အပြင် ကာကွယ်ရေးအသုံးစရိတ်တွင် အသံထက် ပိုမိုမြန်ဆန်သော ဒုံးကျည်များကို တန်ပြန်ချေမှုန်းနိုင်ရန် အာကာသအခြေစိုက်အာရုံခံကိရိယာစနစ်များ တပ်ဖြန့်ထားရှိရေး အစီအစဉ်များလည်း ပါဝင်သည်။

သို့သော် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အမေရိကန်အေဂျင်စီအတွက် အသုံးစရိတ်များကို ၂၃ ရာခိုင်နှုန်းမှ ဒေါ်လာ ၁၂ ဒသမ ၃ ဘီလီယံအထိ သိသိသာသာ လျှော့ချခဲ့ကြောင်း သိရသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး အေဂျင်စီအတွက် အသုံးစရိတ်များကိုလည်း ၃၁ ရာခိုင်နှုန်းမှ ဒေါ်လာ ၆ ဒသမ ၁ ဘီလီယံအထိ လျှော့ချခဲ့သည်။

သမ္မတထရန့်က ပြည်သူများအား ကတိပြုခဲ့သည့်အတိုင်း ကာကွယ်ရေးကဏ္ဍကို မြှင့်တင်ရန် ကြိုးပမ်းလျက်ရှိသည်။ သို့သော် သူ၏အစီအစဉ်များနှင့် အဆိုပြုချက်များအား ဒီမိုကရက်တစ်ပါတီက ဆန့်ကျင်ကန့်ကွက်လျက်ရှိသည်။ ဝါရှင်တန်၏ နိုင်ငံရေးလွန်ဆွဲပွဲသည် ယခုအချိန်မှစပြီး လာမည့်နှစ် ရွေးကောက်ပွဲထိတိုင် ဆက်လက်ဖြစ်ပွားနေဦးမည်ဖြစ်ကြောင်း နိုင်ငံရေး စောင့်ကြည့်လေ့လာသူများက ဆိုသည်။



**အင်န်အိတ်ချ်ကေ**

# အယ်လ်ဂျီးရီးယားနိုင်ငံ သမ္မတအား ရာထူးမှဖြုတ်ချရန် ကျောင်းသား ကျောင်းသူများ ဆန္ဒထုတ်ဖော်

**အယ်လ်ဂျီးယား မတ် ၁၂**

အယ်လ်ဂျီးရီးယားနိုင်ငံ သမ္မတ အယ်ဒီလာဇစ် ဘူတီဖလီကာက ၎င်း၏ ငါးကြိမ်မြောက်သမ္မတ သက်တမ်းကို စွန့်လွှတ်ရမည်ဖြစ်သော်လည်း သူ၏အာဏာသက်ကို ဆက်လက် တည်မြဲနိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိသည်ဟု နိုင်ငံအတွင်းရှိ ကျောင်းသား ကျောင်းသူများက စွပ်စွဲကာ ၎င်းအား ရာထူးမှနုတ်ထွက်ပေးရန် ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း ယနေ့ အေအက်ဖ်ပီ သတင်းတစ်ရပ်အရ သိရသည်။




သမ္မတ အယ်ဒီလာဇစ် ဘူတီဖလီကာက လာမည့်လအတွင်း ရွေးကောက်ပွဲ ကျင်းပမည်ကို ပယ်ဖျက်ခဲ့ပြီးနောက် နိုင်ငံအတွင်းရှိ ကျောင်းသား ကျောင်းသူများက မြို့တော် အယ်လ်ဂျီးယားရှိ စာတိုက်ရုံးအပြင်ဘက် ရင်ပြင်၌ သမ္မတ ဘူတီဖလီကာအား အထက်ပါအတိုင်း စွပ်စွဲကာ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ဧပြီ ၁၈ ရက်တွင် ရွေးကောက်ပွဲ ကျင်းပတော့မည် မဟုတ်ကြောင်း မတ် ၁၁ ရက်တွင် သမ္မတ အယ်ဒီလာဇစ် ဘူတီဖလီကာက ပြောကြားခဲ့သည်။ ထို့အပြင် အမျိုးသားညီလာခံတစ်ရပ်က ဆုံးဖြတ်ချက်ချမှတ်သည့်ရက်တွင်သာ ရွေးကောက်ပွဲတစ်ရပ် ကျင်းပမည်ဖြစ်ကြောင်း သမ္မတ ဘူတီဖလီကာက ဆိုသည်။

ယင်းသို့ သမ္မတ၏ ပြောကြားချက်သည် သူ၏အာဏာသက်ကို ကြာရှည်စေရန် လုပ်ဆောင်ခြင်းဖြစ်ကြောင်း ကျောင်းသား ကျောင်းသူများက စွပ်စွဲပြောဆိုကြသည်။

သမ္မတ အယ်ဒီလာဇစ် ဘူတီဖလီကာက ပြည်ထဲရေးဝန်ကြီး နိုရက်ဒိုင် ဘီဒိုယူအား လက်ရှိဝန်ကြီးချုပ်နေရာတွင် အစားထိုးခန့်အပ်မည်ဖြစ်ကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။

သမ္မတ အယ်ဒီလာဇစ် ဘူတီဖလီကာက လေဖြတ်ရောဂါရရှိခဲ့ခြင်းကြောင့် ၂၀၁၃ ခုနှစ်ကတည်းကစပြီး ပြည်သူ့ရှေ့မှောက်သို့ မထွက်နိုင်ခဲ့ပေ။

မတ် ၁၂ ရက်တွင် နိုင်ငံ၏အရှေ့မြောက်ပိုင်းရှိ အာနာဘာမြို့တွင်လည်း ကျောင်းသား ကျောင်းသူများက တက္ကသိုလ်နယ်မြေများ၏ အတွင်းနှင့်အပြင်ဘက်တွင်ပါ သမ္မတ အယ်ဒီလာဇစ် ဘူတီဖလီကာအား ရာထူးမှ နုတ်ထွက်ပေးရန် ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။ ထို့အပြင် ကျောင်းသား ကျောင်းသူများက နိုင်ငံတစ်ဝန်းရှိ ပြည်သူများအား သမ္မတ အယ်ဒီလာဇစ် ဘူတီဖလီကာအား ရာထူးမှ နုတ်ထွက်ရန် လှုပ်ရှားမှုတွင် ပါဝင်ကြရန် လူမှုကွန်ရက်များတွင် ဆော်ဩထားကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ဘရပ်ဆဲလ်မြို့ဂျူးပြတိုက်၌ အကြမ်းဖက်တိုက်ခိုက်ခဲ့သူအား ထောင်ဒဏ်တစ်သက်ပြစ်ဒဏ်ချမှတ်

**ဘရပ်ဆဲလ် မတ် ၁၂**

တရားလိုရှေ့နေများက ၎င်းအား သူရဲဘောကြောင်သူနှင့် စိတ်ဝေဒနာသည်အဖြစ် တံဆိပ်ကပ်ပြီးနောက် ဘရပ်ဆဲလ်မြို့ရှိ ဂျူးပြတိုက်တစ်ခုတွင် လူလေးဦးသေဆုံးအောင် သေနတ်ဖြင့် ပစ်ခတ်ခဲ့သော ပြင်သစ်လူမျိုး ဂျီဟတ်ဝါဒီတစ်ဦးကို ဘရပ်ဆဲလ်မြို့ရှိ တရားရုံးတစ်ရုံးက မတ် ၁၂ ရက်တွင် ထောင်ဒဏ်တစ်သက်ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း အေအက်ဖ်ပီ သတင်းတွင် ဖော်ပြသည်။

မက်ဒီနမ်မိုချေးသည် ဆီးရီးယားစစ်မြေပြင်မှ ပြန်လည်ရောက်ရှိလာပြီးနောက် ယင်းရာဇဝတ်မှုကို ကျူးလွန်ခဲ့ခြင်းဖြစ်သည်။ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲမြို့၌ ၂၀၁၄ ခုနှစ် မေလအတွင်းက ဂျူးပြတိုက်တစ်ခု၌ ဆီးမိုက်ဆန့်ကျင်ရေး သေနတ်ပစ်ခတ်မှုတစ်ခုကို ပြုလုပ်ခဲ့သူ မက်ဒီနမ်မိုချေးသည် အကြမ်းဖက်သတ်ဖြတ်မှုဖြင့် စီရင်ချက်ချမှတ်ခံခဲ့ရသည်။

အသက် ၃၃ နှစ်ရှိ မက်ဒီနမ်မိုချေးအား ဘရပ်ဆဲလ်မြို့ရှိ တရားရုံးတစ်ရုံးက မတ် ၁၂ ရက် နံနက်ပိုင်းတွင် ပြစ်ဒဏ်ချမှတ်ခဲ့ပြီး ၎င်းသည် ယင်းသတ်ဖြတ်မှု ကျူးလွန်ခဲ့ခြင်းအတွက် နောင်တရပုံမပြသခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

စုံစမ်းစစ်ဆေးမှုများအရ ၂၀၁၄ ခုနှစ် ဧပြီလအတွင်း လူနှစ်ဦးက နမ်မိုချေးထံ တယ်လီဖုန်းဆက်သွယ်ခေါ်ယူမှုအကြိမ်ပေါင်း ဒါဇင်များစွာပြုလုပ်ခဲ့ကြောင်း တွေ့ရှိခဲ့ရသည်။ ယင်းအချိန်မှာ ၎င်းအနေဖြင့် အကြမ်းဖက်သတ်ဖြတ်မှုကို ကျူးလွန်ရန် ပြင်ဆင်နေသည့်အချိန်ဖြစ်သည်။

ပစ်ခတ်မှုဖြစ်ပွားပြီး ခြောက်ရက်အကြာတွင် နမ်မိုချေးကို ပြင်သစ်နိုင်ငံ မာဆေးမြို့၌ ခြောက်လုံးပြူးသေနတ်တစ်လက်၊ ကလက်ရှ်နီကော့ဗ် အမျိုးအစား ချေမှုန်းရေးရိုင်ဖယ်သေနတ်တစ်လက်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

**အေအက်ဖ်ပီ**

# ဗင်နီဇွဲလားကို ထောက်ပံ့ပေးခဲ့သည့် ရုရှားဘဏ်တစ်ခုအား အမေရိကန်က ဒဏ်ခတ်ပိတ်ဆို့မှုချမှတ်

**တိုကျို မတ် ၁၂**

ဗင်နီဇွဲလားနိုင်ငံ သမ္မတမာဒူရို၏ အစိုးရအဖွဲ့အား ထောက်ပံ့မှု ပေးခဲ့သည့် မော်စကိုအခြေစိုက် ဘဏ်တစ်ဘဏ်အား အမေရိကန် အစိုးရက ဒဏ်ခတ်ပိတ်ဆို့မှုချမှတ်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

ရုရှားနှင့် ဗင်နီဇွဲလားအစိုးရပိုင် ကုမ္ပဏီတစ်ခုတို့ ပူးတွဲပိုင်ဆိုင်သည့် အီဘရိုဖိုင်းနန့်စ် မွန်နာစ်ဘဏ်အား အမေရိကန်က ဒဏ်ခတ်ပိတ်ဆို့သည့် စာရင်းတွင် ထည့်သွင်းလိုက်ကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနမှ မတ် ၁၁ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

အဆိုပါဘဏ်သည် ဗင်နီဇွဲလားအစိုးရပိုင် ရေနံကုမ္ပဏီအား ထောက်ပံ့မှုများ ပြုလုပ်ခဲ့သည်ဟု အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြပြီး ယင်းဘဏ်အား ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်ရာတွင် အမေရိကန်ပြည်ထောင်စုရှိ ယင်းဘဏ်၏ ပိုင်ဆိုင်မှုများအား ပိတ်သိမ်းမှုလည်း ပါဝင်သည်ဟု ကြေညာချက်တွင် ဖော်ပြသည်။

ရုရှားနိုင်ငံပိုင် ရေနံကုမ္ပဏီက ဗင်နီဇွဲလားနိုင်ငံမှ ရေနံစိမ်းများကို ဆက်လက်ဝယ်ယူနေကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့ပြီး ရုရှားသည် ၎င်းနှင့်ရင်းနှီးမှုရှိသည့် သမ္မတမာဒူရိုအစိုးရကို အကာအကွယ်ပေးရန် စစ်လက်နက်ပစ္စည်းပမာဏ အများအပြားကို ပေးအပ်ခဲ့ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

ကျူးဘားနိုင်ငံကလည်း ဗင်နီဇွဲလားနိုင်ငံ လျှို့ဝှက်ရဲတပ်ဖွဲ့ဝင်များအား သင်တန်းပေးရန်အတွက် ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များကို ဗင်နီဇွဲလားနိုင်ငံသို့ စေလွှတ်ခဲ့သည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံက ခရိုင်းမီးယားဒေသအား ၎င်း၏ ပိုင်နက်နယ်မြေအတွင်း သွတ်သွင်းမှုနှင့် တာလတ်ပစ် အဏုမြူဒုံးလက်နက်များဆိုင်ရာ သဘောတူညီမှုများမှ နုတ်ထွက်မှုများကြောင့် အမေရိကန်နှင့် ရုရှားနှစ်နိုင်ငံ



အကြားတင်းမာမှုများ ဆိုးရွားစွာ ဖြစ်ပေါ်နေစဉ်တွင် အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနက ရုရှားဘဏ်တစ်ခု အပေါ် ဒဏ်ခတ်ပိတ်ဆို့မှု ကြေညာချက် ထွက်ပေါ်လာခြင်း ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



ကလေးစာပေပွဲတော်ကျင်းပမည့် ဖုန်ကန်ရာဇီခန်းမ ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၊ အခြေခံပညာဦးစီးဌာနနှင့် ပူတာအိုခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော

ကလေးစာပေပွဲတော်

စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( ပူတာအိုမြို့ )

၂၀၁၉ ခုနှစ် ၊ မတ်လ (၁၈၊ ၁၉)ရက်၊ (တနင်္လာ၊ အင်္ဂါ)နေ့၊ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

ဖုန်ကန်ရာဇီခန်းမနှင့် အခြေခံပညာအထက်တန်းကျောင်း၊ ပူတာအိုမြို့

# ကလေးစာပေပွဲတော်(ပူတာအို) ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပူတာအို မတ် ၁၂**

“ကလေးစာပေပွဲတော်(ပူတာအို)” ကျင်းပနိုင်ရေးအတွက် ပွဲတော်ကျင်းပရေး ဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပူတာအိုခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(ပြန်/ဆက်) ဦးကျော်ဆင့်က ပွဲတော်ကာလအတွင်း ပြုလုပ်မည့် လုပ်ငန်းစဉ်များနှင့် ပြပွဲပြိုင်ပွဲအစီအစဉ်များကို ဆွေးနွေးပြောကြားခြင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးယောဆီက ပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေး တာဝန်ရှိသူအသီးသီးက ပူးပေါင်းဆောင်ရွက်ရေး တိုက်တွန်းဆွေးနွေးခြင်းနှင့် ကချင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းလွင်က ပွဲတော်ကျင်းပရေးလုပ်ငန်းစီမံချက်နှင့် လုပ်ငန်းတာဝန်ခွဲဝေမှုများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် လုပ်ငန်းဆပ်ကော်မတီအသီးသီးက မိမိတို့၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး ကလေးစာပေပွဲတော်ဖွင့်ပွဲအခမ်းအနားနှင့် ဖျော်ဖြေရေးအစီအစဉ်များ ကျင်းပမည့် ဖုန်ကန်ရာဇီခန်းမ ပြင်ဆင်ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ပွဲတော်ကာလအတွင်း စာအုပ်စာပေပြပွဲနှင့် စာအုပ်အရောင်းပြခန်းများ၊ တိုင်းရင်းသားယဉ်ကျေးမှုပြခန်းများ၊ ဌာနဆိုင်ရာပြခန်းများ၊ စာပေဟောပြောပွဲနှင့် စာပေစကားဝိုင်းများ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ရဝမ်၊ လီဆူ၊ ဂျိမ်းဖော့နှင့် ရှမ်းတိုင်းရင်းသားယဉ်ကျေးမှုနှင့် စာပေအဖွဲ့များ၏ တိုင်းရင်းသားကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲများ၊ အုပ်စုလိုက် ယှဉ်ပြိုင်ကစားရသည့် Team Building ပြိုင်ပွဲများ၊ ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ စသည့် အားကစားပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**လင်းဟန်ဇေ**

# ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံတွင် ကျဆုံးခဲ့သော အမေရိကန်စစ်သည်များ၏ ရုပ်ကြွင်းများအား မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ဂုဏ်ပြုသယ်ဆောင်



**မန္တလေး မတ် ၁၂**

ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံ စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးဒေသတစ်ဝိုက်တွင် မကြာသေးမီက ရှာဖွေတွေ့ရှိခဲ့သော အမေရိကန်စစ်သည်များဟု ဖြစ်နိုင်ခြေရှိသော ရုပ်ကြွင်းများကို ယနေ့ ညနေ ၅ နာရီက မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ဂုဏ်ပြုအခမ်းအနားကျင်းပ၍ အမေရိကန်လေတပ်မှ C17 အကြီးစားသယ်ယူပို့ဆောင်ရေး လေယာဉ်ဖြင့် အမေရိကန်ပြည်ထောင်စုသို့ပြန်လည်သယ်ဆောင်သွားကြောင်း သိရသည်။

အဆိုပါ ရုပ်ကြွင်းများ ရှာဖွေခြင်းကို အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာန၏ စစ်ကြွင်းရှာဖွေမှတ်တမ်းတင်ရေးအေဂျင်စီ(ဒီပီအေအေ)၏ အစီအစဉ်မှတစ်ဆင့် မြန်မာနိုင်ငံအတွင်း ရှာဖွေမှုများ လုပ်ဆောင်ခဲ့ရာတွင် ၂၀၀၃-၂၀၀၄ ခုနှစ်တွင် ရှာဖွေရေးအစီအစဉ် သုံးကြိမ်၊ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တွင် ခုနစ်ကြိမ် ပြုလုပ်ခဲ့ပြီး အဆိုပါရှာဖွေမှုများမှ စစ်သည် ၁၄ ဦး၏ ရုပ်ကြွင်းများကို ရှာဖွေတွေ့ရှိခဲ့ပြီး ယခုတွေ့ရှိသည့် ရုပ်ကြွင်းများကို အမေရိကန်ဟာဝိုင်အီရှိ ဒီပီအေအေ၏ ဓာတ်ခွဲခန်းသို့ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

“လွန်ခဲ့တဲ့ ၇၅ နှစ်ကျော်က ကျွန်တော်တို့နိုင်ငံအတွက် တာဝန်ထမ်းဆောင်ရင်း ကျဆုံးခဲ့တဲ့ အမေရိကန်နိုင်ငံသားတွေလို့ ဖြစ်နိုင်ခြေရှိတဲ့ ရုပ်ကြွင်းတွေကို ဒီကနေ့ ကျွန်တော်တို့ ပြန်လည်သယ်ယူပို့ဆောင်ခြင်းဖြစ်ပါတယ်။ သူတို့ရဲ့ အကြောင်းတွေကို ထာဝရအမှတ်တရ ဂုဏ်ပြုနေဖို့၊ သူတို့စွန့်လွှတ်အနစ်နာခံမှုတွေကို ဘယ်တော့မှ မမေ့မလျော့ဖို့နဲ့ ငြိမ်းချမ်း၊ တရားမျှတမှုရှိပြီး နေရာတိုင်းမှာ လွတ်လပ်မှုရှိတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် တည်ဆောက်ကြိုးပမ်းအားထုတ်ရေးအတွက် သူတို့ကို ပေးဆပ်ဖို့ ကျွန်တော်တို့မှာ တာဝန်ရှိနေပါတယ်။ ဒီရှာဖွေရေးမှာ ပူးပေါင်းဆောင်ရွက်ပေးတဲ့ မြန်မာနိုင်ငံအစိုးရနဲ့ မြန်မာနိုင်ငံသားတွေကို အမေရိကန်ပြည်ထောင်စုက လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်” ဟု အမေရိကန် သံအမတ်ကြီး စကော့မာစီရယ်က ပြောကြားသည်။

အဆိုပါရုပ်ကြွင်းများသည် ၁၉၄၄ ခုနှစ် ဖေဖော်ဝါရီလအတွင်းက ပျောက်ဆုံးခဲ့သော စစ်သည် ခုနစ်ဦး လိုက်ပါသွားသည့် ဘီ- ၂၅ ဂျီ လေယာဉ်နှင့်ဆက်စပ်နေမည်ဟု ယူဆရကြောင်းကို ၁၉၄၆ ခုနှစ်က အပျက်အစီးအပိုင်းအစ နေရာစုံစမ်းစစ်ဆေးမှုတစ်ရပ်က ညွှန်ပြခဲ့သော်လည်း ပျက်ကျခဲ့သည့်နေရာကို ရှာဖွေတွေ့ရှိခြင်း မရှိသေးကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**ဓာတ်ပုံ- အောင်ဖြိုးကျော်**

**❂ မြန်မာ့လက်ရွေးစင်မှ**

ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းတို့မှ ကစားသမားများမှာ AFC Cup ပြိုင်ပွဲကြောင့် နောက်ကျမှ ပူးပေါင်းနိုင်မည်ဖြစ်ပြီး ထိုင်းကလပ်အသင်းများတွင် သွားရောက်ကစားနေသည့် အောင်သူနှင့် ဇော်မင်းထွန်းမှာလည်း မတ် ၁၇ ရက်မှသာ အသင်းနှင့် ပူးပေါင်းနိုင်မည်ဖြစ်သောကြောင့် ပဏာမကစားသမား ၂၉ ဦးအထိ ရှိလာခဲ့သည်။ ယာယီနည်းပြချုပ် ဦးမျိုးမင်းထွန်းမှာလည်း ရန်ကုန်အသင်းနှင့်အတူ AFC Cup ပြိုင်ပွဲ သွားရောက်ယှဉ်ပြိုင်နေရသောကြောင့် မတ် ၁၄ ရက်မှသာ အသင်းကို စတင်ကိုင်တွယ်နိုင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ခြေစမ်းပွဲများအဖြစ် မတ် ၁၉ ရက်တွင် တရုတ်တိုင်ပေအသင်း၊ မတ် ၂၅ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် အုပ်ချုပ်သူ - ဦးမြင့်သိန်း(ရန်ကုန်)၊ နည်းပြချုပ် - ဦးမျိုးမင်းထွန်း(ရန်ကုန်)၊ လက်ထောက်နည်းပြ - ဦးဇော်လင်းထွန်း(စစ်ကိုင်း)၊ ဦးစိုးမိုး(ဧရာဝတီ)၊ ကြံ့ခိုင်ရေးနည်းပြ - ဦးမျိုးလှိုင်ဦး(ရန်ကုန်)၊ ဂိုးနည်းပြ - ဦးစိုင်းမောင်မောင်ဦး(ရတနာပုံ)၊ ကစားသမားများအဖြစ် **ဂိုးသမား** - ကျော်ဇင်ထက်(ရန်ကုန်)၊ ကျော်ဇင်ဖြိုး(ဧရာဝတီ)၊ နိုင်ဇေယျာထွန်း(ဇွဲကပင်)၊ **နောက်တန်း** - ဒေးဗစ်ဒန်း၊ ထိုက်ထိုက်အောင်၊ ဟိန်းသီဟဇော်(ရှမ်း)၊ သက်နိုင်၊ ဇော်ရဲထွန်း၊ ဟိန်းနေဆန်း(ရတနာပုံ)၊ ဇော်မင်းထွန်း(ချောင်ဘူရီ)၊ ငြိမ်းချမ်း(ရခိုင်)၊ ပြည့်ဖြိုးဇော်၊ မင်းကျော်ခန့် (ရန်ကုန်)၊ ကျော်ဇင်လွင် (ဧရာဝတီ)၊ **အလယ်တန်း** - လှိုင်းဘိုဘို(ရတနာပုံ)၊ မောင်မောင်ဝင်း (ဇွဲကပင်)၊ ချမ်းဦး(ရခိုင်)၊ လားဒင်မောရ(ဟံသာဝတီ)၊ ရန်နိုင်ဦး(ရှမ်း)၊ သီဟဇော်(ဧရာဝတီ)၊ အောင်လှိုင်ဝင်း၊ ကျော်စွာမင်း(စစ်ကိုင်း)၊ မောင်မောင်လွင်၊ ငြိမ်းချမ်းအောင်(ရန်ကုန်)၊ **ရှေ့တန်း** - အောင်သူ(မြောင်တောင်)၊ ဇင်မင်းထွန်း၊ ဒွေးကိုကိုချစ်(ရှမ်း)၊ အောင်မြင့်ထွန်း(မကွေး)၊ ဝင်းနိုင်စိုး(ရတနာပုံ) တို့ ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင်အသင်း ယာယီနည်းပြချုပ် ဦးမျိုးမင်းထွန်းသည် ပဏာမကစားသမား ၂၇ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့သော်လည်း နောက်တန်းအစွန်လူများဖြစ်သည့် ဟိန်းနေဆန်း(ရတနာပုံ)နှင့် ကျော်ဇင်လွင် (ဧရာဝတီ) တို့ကို ထပ်မံအားဖြည့်ရွေးချယ်ခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-စိုးညွှန့်**

»»» ရှမ်းယူနိုက်တက်မှ

ကစားပုံပြောင်းလဲခဲ့ပြီး တိုက်စစ်ပိုမြှင့်ကစားခဲ့သည်။ ၆၅ မိနစ်တွင် ပါဆီဂျာအသင်း ချေပဂိုးပြန်ရခဲ့ပြီး ဘရူနိုက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ပါဆီဂျာအသင်းက ဆက်တိုက်ဖိကစားသွားပြီး ၇၆ မိနစ်တွင် ပါအူလီက ဒုတိယဂိုး၊ ၈၃ မိနစ်တွင် ဘရူနိုက တတိယဂိုးသွင်းယူခဲ့သည်။ ပါဆီဂျာအသင်း နောက်ဆုံးသွင်းယူခဲ့သည့် တတိယဂိုးမှာ တန်ပြန်တိုက်စစ်မှတစ်ဆင့် ရရှိခဲ့ခြင်းဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပခဲ့သည့်ပွဲတွင် ကမ္ဘောဒီးယားကလပ် နာဂါဝေါ့အသင်းက မြန်မာကလပ် ရန်ကုန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းသည် နိုင်ပွဲရရန် ကြိုးပမ်းခဲ့သော်လည်း ပွဲအစတွင် နောက်ခံလူ ပြည့်ဖြိုးဇော် အနီကတ်ဖြင့် ထုတ်ပယ်ခံရသလိုပင်နယ်တီနှစ်ကြိမ်မှ နှစ်ဂိုးပေးလိုက်ရသောကြောင့် နှစ်ပွဲဆက် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ တစ်ယောက်လျော့သွားသည့် ရန်ကုန်အသင်းသည် အဝေးကွင်း၌ ထူးထူးခြားခြားလုပ်ပြနိုင်ခြင်းမရှိတော့ဘဲ ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ တစ်ယောက်အသာရသွားသည့် နာဂါဝေါ့အသင်းက ဂိုးသွင်းခွင့်ပိုရခဲ့ပြီး ကျော်ဇင်ထက် လက်စွမ်းပြနိုင်ခဲ့၍သာ ရန်ကုန်အသင်း ဂိုးထပ်မပေးရခြင်းဖြစ်သည်။ နာဂါဝေါ့အသင်းအတွက် ဂိုးများကို ၆၊ ၂၇ မိနစ်တွင် ကီပီဆွန်က ပင်နယ်တီမှတစ်ဆင့်သွင်းယူခဲ့ပြီး ရန်ကုန်အတွက် ချေပဂိုးကို ၉ မိနစ်တွင် မီလာက သွင်းယူခဲ့သည်။

ပြီးခဲ့သည့်ရာသီတွင် အာဆီယံဇုန် ဆီမီးဖိုင်နယ်တက်ရောက်ခဲ့သည့် ရန်ကုန်အသင်းသည် ယခုနှစ်တွင် နှစ်ပွဲဆက်အရှုံးကြောင့် ရုန်းကန်ရတော့မည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-စိုးညွှန့်**

# မိုးမောက်နှင့် တောင်ငူမြို့နယ်တို့တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၂**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၉ ရက်က မိုးမောက်မြို့နယ် နောင်းကွမ်းကျေးရွာအတွင်း တရားမဝင် သစ်စက်အင်ဂျင်ငါးလုံးအပါအဝင် ဆက်စပ်ပစ္စည်းများနှင့် တရားမဝင်သစ်မျိုးစုံ ၁၉၇ လုံး/ခြမ်း (၆၈ ဒသမ ၄၃၂ တန်)နှင့် ပြစ်မှုကျူးလွန်သူ ခြောက်ဦးအား ဖမ်းဆီးရမိခဲ့သည်။

အလားတူ ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တောဝန်ထမ်းများ၊ နယ်မြေခံတပ်မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး ဧရိယာအတွင်း တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖမ်းဆီး ခြင်း ဆောင်ရွက်လျက်ရှိရာ မတ် ၁၁ ရက်တွင် တောင်ငူမြို့နယ် ခပေါင်းကြိုးဝိုင်း အတွင်း တရားမဝင်ကျွန်း၊ ပျဉ်းကတိုး လုံး/ခြမ်း/ချောင်း ၇၀၆ လုံး/ခြမ်း/ချောင်း(၉၆ ဒသမ ၅၅၁၆ တန်)အား သိမ်းဆည်းရမိပြီး ပြစ်မှုကျူးလွန်သူများအား စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။



**မောင်လူမော်**

# ဟိုပင်၊ ပြင်ဦးလွင်နှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၂**

မူးယစ်တပ်ဖွဲ့စု ၃ မိုးညှင်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၁ ရက် ည ၇ နာရီက ဟိုပင်မြို့ သဲခုန်ကျေးရွာနှင့် တကွင်း ကျေးရွာသွားလမ်းတွင် မင်းသက်နိုင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိသည်။



ဖြိုးသီဟ(ခ)အိုက်ဖြိုး၊ သော်လ၊ အိုက်လုံးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူတွေ့ရစဉ်။

အလားတူ ယင်းနေ့ညနေ ၆ နာရီခွဲက မူးယစ်တပ်ဖွဲ့စု ၁၇ မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့နယ် ပြင်စာကျေးရွာ မန္တလေး-ပြင်ဦးလွင်သွားကားလမ်း မိုင်တိုင်(၂၇/၇)တွင် ယောဆက်၏ ယာဉ်ကိုရှာဖွေရာ ဘိန်းဖြူ ၉၇၂ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့နံနက် ၄ နာရီခွဲက မူးယစ်တပ်ဖွဲ့စု ၁၇ မန္တလေး (မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် (၁၆)မိုင်စစ်ဆေးရေးစခန်းတွင် သော်လမောင်းနှင်ပြီး အိုက်လုံးနှင့် ဖြိုးသီဟ(ခ)အိုက်ဖြိုးတို့ လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၆၈၀၀၀ နှင့် လက်ကိုင်ဖုန်း လေးလုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# မြဝတီမြို့နယ်တွင် ဆိုင်ကယ်ခိုးမှု၊ ထောင်ပြေးအမှုတို့ဖြင့် အလိုရှိနေသူတစ်ဦးအား ဖမ်းဆီးရမိ

**သဃ်န်းညီနောင် မတ် ၁၂**

ကရင်ပြည်နယ် မြဝတီမြို့နယ်တွင် မတ် ၁၁ ရက် ညပိုင်းက ဆိုင်ကယ်ခိုးမှု ထောင်ပြေးအမှုတို့ဖြင့် အလိုရှိသူ တစ်ဦးကို နယ်မြေခံရဲတပ်ဖွဲ့က လှည့်ကင်းဆောင်ရွက်စဉ် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ ည ၉နာရီခွဲက သဃ်န်းညီနောင်နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သက်နိုင်စိုးဦးစီးအဖွဲ့၊ နယ်ခြားစောင့်တပ်နယ် ၃ မှ ဦးစီးအဖွဲ့တို့ဖြင့် တက္ကသိုလ်ဝင် စာမေးပွဲကာလ လှည့်ကင်းများ ဆောင်ရွက်နေစဉ် မြဝတီမြို့နယ် မဲပလဲ့ကျေးရွာ ဗမာစုရပ်ကွက်တွင် တရားခံပြေးတစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ သက်သေများနှင့်အတူ ဝင်ရောက်ဖမ်းဆီးခဲ့ရာ ဆိုင်ကယ်ခိုးမှုဖြင့် အလိုရှိသူ သက်ပိုင်စိုး(ခ) ဒူးရှည်(ခ) သားငယ်လေး(၂၅ နှစ်) သီရိမြိုင်ရပ်ကွက် မော်လမြိုင်မြို့နေသူအား ချောင်းကမ်းနားဘေးတွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးရမိခဲ့သည့် သက်ပိုင်စိုး(ခ) ဒူးရှည်(ခ)သားငယ်လေးမှာ သဃ်န်းညီနောင် နယ်မြေရဲစခန်းတွင် ၂၀၁၆ ခုနှစ်က လက်နက်ပုဒ်မဖြင့် အရေးယူခြင်းခံခဲ့ရပြီး ထောင်ဒဏ် လေးလ ပြစ်ဒဏ်ကျခံရကာ တောင်ကလေး အကျဉ်းထောင်၌ ပြစ်ဒဏ်ခံယူနေစဉ် ထွက်ပြေးလာခဲ့သည့် ထောင်ပြေး တစ်ဦးလည်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် သက်ပိုင်စိုး(ခ) ဒူးရှည်(ခ)သားငယ်လေးအား ဆိုင်ကယ်ခိုးမှု၊ ထောင်ပြေးမှုတို့ဖြင့် ပြန်လည်လွှဲပြောင်းပေးနိုင်ရေး ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# ကမာရွတ်မြို့နယ်တွင် ငွေကျပ်သိန်း ၃၄၀ ခိုးယူသူအား နှစ်နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် မတ် ၁၂**

ကမာရွတ်မြို့နယ် (၈)ရပ်ကွက် မြန်မာ့အသံဝင်းနေ ဦး----- သည် MRTV Entertainment Ltd တွင် အထွေထွေမန်နေဂျာအဖြစ် အလုပ်လုပ်ကိုင်နေသူဖြစ်ပြီး ၎င်းသည် မတ် ၁၁ ရက် နံနက် ၉ နာရီတွင် ရုံးတက်ရန် ရုံးသို့ရောက်ရှိစဉ် CEO ရုံးခန်း၏ တံခါးမှာ ဖွင့်မရသဖြင့် မှန်ပေါက်မှ ကြည့်ခဲ့ရာ ရုံးခန်းရှိပစ္စည်းများနှင့် စာရွက်စာတမ်းများ ဖရိုဖရဲဖြစ်နေပြီး ငွေများထည့်ထားသော ဗီရိုမှာပွင့်နေ၍ စစ်ဆေးရာ ဗီရိုထဲရှိ ကွပ်ကြွပ်အိတ်ဖြင့်ထည့်ထားသော ငွေကျပ် သိန်း ၃၄၀ မှာ ပျောက်ဆုံးနေကြောင်း သိရှိရသဖြင့် ကမာရွတ်မြို့မရဲစခန်းသို့ တိုင်တန်းအမှုဖွင့်ခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များ၊ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များ၊ ကမာရွတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပူးပေါင်း၍ အခင်းဖြစ်ပတ်ဝန်းကျင်အား ကြည့်ရှုစစ်ဆေးခဲ့ရာ ပြစ်မှုကျူးလွန်သူသည် ယခင်က အဆိုပါရုံးတွင် ယာဉ်မောင်းလုပ်ကိုင်ခဲ့သော လှိုင်သာယာမြို့နယ် (၁၀)ရပ်ကွက်နေသူ ကျော်ဇေယျ(ခ)မောင်မောင်ဖြစ်ကြောင်း၊ ၎င်းသည် လမ်းမတော်မြို့နယ်ရှိ CCTV တပ်ဆင်သည့်ဆိုင်တစ်ဆိုင်တွင် အလုပ်လုပ်နေကြောင်း သတင်းရရှိသဖြင့် ပူးပေါင်းအဖွဲ့သည် အဆိုပါ ဆိုင်ဝန်းကျင်အနီးတွင် စောင့်ကြည့်နေစဉ် ထိုနေ့ ညနေ ၄ နာရီတွင် ပြစ်မှုကျူးလွန်သူ ကျော်ဇေယျ(ခ)မောင်မောင်(၃၁)နှစ်အား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ ကျော်ဇေယျ(ခ)မောင်မောင်အား စစ်ဆေးခဲ့ရာ အဆိုပါအမှုအား ကျူးလွန်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သက်သေခံငွေများအား ပြန်လည်သိမ်းဆည်းခဲ့ပြီး ၎င်းအား အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# စစ်တွေ၊ ဘိုကလေး၊ ရေတာရှည်၊ တနင်္သာရီနှင့် နန်းယွန်းမြို့နယ်တို့တွင် မီးလောင်မှုဖြစ်ပွား

## စစ်တွေ

စစ်တွေမြို့နယ် ဘုမေကျေးရွာအုပ်စု ဒါးပိုင်ကျေးရွာ(သစ်)၌ ဈေးဆိုင်တန်းများ ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်က မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒါးပိုင်ကျေးရွာသစ်နေ ဦးရော်ဖီးဈေးရောင်း နေအိမ်၌ ဦးရော်ဖီး၏ဇနီးမှ ဈေးဆိုင်နေအိမ်နောက်ဘက်တွင် ထင်းဖြင့် ထမင်းချက်ရာ မီးစလွင့်ပြီး ခာတ်ဆီပီပါသို့ မီးကူးစက်၍ မီးလောင်ခဲ့ရာမှ ငါးပေပတ်လည် ပလတ်စတစ်မိုး၊ သွပ်ကာမြေစိုက်ဆိုင်ခန်း ကိုးခန်းနှင့် ၁၀ ပေပတ်လည် ဝါးခင်းထရံကာ ပလတ်စတစ်မိုး လူနေတန်းလျား ခုနစ်ခန်းနှင့် ဖြို့ဖျက်ဆိုင်ခန်း နှစ်ခန်းတို့ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် နော်ဘီဟူဆောင်းတွင် ဒဏ်ရာအနည်းငယ်ရရှိခဲ့ပြီး မီးဘေးဒုက္ခသည်များ ယာယီတဲများတွင် နေထိုင်လျက်ရှိကြောင်း၊ မီးလောင်မှုဖြစ်စဉ်အား စစ်တွေမြို့ မြို့မရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



## ဘိုကလေး

ဖျာပုံခရိုင် ဘိုကလေးမြို့နယ်တွင် မတ် ၁၂ ရက် နံနက် ၉ နာရီက မီးလောင်မှုဖြစ်ပွားခဲ့ပြီး နေအိမ်တစ်လုံးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နံနက် ၉ နာရီက ဘိုကလေးမြို့ အမှတ်(၄)ရပ်ကွက် မနော်ဟရီလမ်း ဦးသန်းထွန်း၏ နေအိမ်အကြော်တဲ၌ ဘုရားမီးသွယ်တန်းထားသည့် လျှပ်စစ်မီးကြိုးအား အကြော်ဆီမီးဟပ်ရာမှ မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဘိုကလေး(ပြန်/ဆက်)**

## ရေတာရှည်

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင် (၁၆၉/၄)နှင့် (၁၆၉/၅)အကြား ကားလမ်းအနောက်ဘက် ပေ ၄၀၀ ခန့်အကွာ ရော်ဘာစိုက်ခင်းအတွင်းရှိ လူနေအဆောက်အအုံများ မတ် ၁၁ ရက် မွန်းလွဲ ၁ နာရီက မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရော်ဘာစိုက်ခင်းအတွင်းရှိ ခြံလုပ်သားနေထိုင်သည့် သွပ်မိုး၊ ထရံကာမြေစိုက်အဆောက်အအုံ နှစ်လုံး၊ သွပ်မိုး၊ အကာမပါ အဆောက်အအုံတစ်လုံးတို့အား မီးကွင်းမီးကျန်မှတစ်ဆင့် မီးကူးစက်လောင်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## တနင်္သာရီ

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ထုံခါကျေးရွာအနီး တနင်္သာရီ-မောတောင်သွား ကားလမ်းမပေါ်ရှိ မိုင်တိုင်(၁၄/၂)တွင် မတ် ၁၁ ရက် ည ၁၀ နာရီက ၁၀ ဘီးယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တနင်္သာရီမြို့နယ်မှ မောတောင်မြို့သို့မောင်းနှင်လာသည့် ၁၀ ဘီးယာဉ်သည် ရှေ့ဘီးတွင် မီးစွဲလောင်ရာမှ မိုင်တိုင်(၁၄/၂)၌ ယာဉ်တစ်စီးလုံးမီးလောင်ခဲ့ကြောင်း၊ ယာဉ်မောင်းမှာ ထွက်ပြေးသွားကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း(စုံစမ်းဆဲ)အား တနင်္သာရီမြို့မရဲစခန်းမှ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## နန်းယွန်း

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ် ဗိုတဲလာနူးကျေးရွာအုပ်စု ဗိုတဲနုတ်ညိုကျေးရွာတွင် မတ် ၁၁ ရက် ညနေ ၄ နာရီက တောမီးလောင်ရာမှတစ်ဆင့် လူနေအိမ် ၁၄ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အလားတူ ယင်းနေ့နံနက် ၈ နာရီခွဲက နန်းယွန်းမြို့နယ် ဟရှိတ်နုတ်ညိုကျေးရွာအုပ်စု ဟရှိတ်လုံကူးကျေးရွာနေ စိတ်ပေါ့သွပ်နေသူ ဦးနင်ဝမ်းသည် မိမိနေအိမ်ကိုမီးရှို့ရာမှ မီးလောင်ခဲ့သဖြင့် နေအိမ် ၁၃ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# တီထွင်မှုမူပိုင်ခွင့်ဥပဒေ ပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ဇ) တီထွင်မှုမူပိုင်ခွင့် သတင်းအချက်အလက်များ အသုံးပြုမှု မြှင့်တင်ပေးခြင်းဖြင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးခြင်း၊

(ဈ) မှတ်ပုံတင်အရာရှိမှ တင်ပြလာသည့် မလွှဲမသွေပေးရမည့် လိုင်စင်ဆိုင်ရာ ကိစ္စရပ်များကို ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ည) မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံဝင်မှုအား အဆုံးအဖြတ်ပြုခြင်း၊

(ဋ) ဤဥပဒေနှင့်အညီ ကောက်ခံရမည့် အခကြေးငွေများကို ဗဟိုကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ဌ) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင်ခြင်း လုပ်ငန်းများကို ခွင့်ပြုရာတွင် အသုံးပြုမည့် တံဆိပ်တုံးကို အတည်ပြုသတ်မှတ်ခြင်း၊

(ဍ) ဗဟိုကော်မတီသို့ လုပ်ငန်းအစီရင်ခံစာများနှင့် အခြားလိုအပ်သည့် အစီရင်ခံစာများကို တင်ပြခြင်း၊

(ဎ) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာကို ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဏ) ဗဟိုကော်မတီက အခါအားလျော်စွာ ပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

**အခန်း(၅)**

**ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ**

၉။ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် မှတ်ပုံတင်ခြင်းကိစ္စရပ်များကို ထုတ်ပြန်ကြေညာခြင်း၊

(ခ) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင်စာရင်းများကို ထိန်းသိမ်းထားရှိခြင်း၊

(ဂ) မူပိုင်ခွင့်ဆိုင်ရာ နယ်ပယ်အလိုက် ဖွဲ့စည်းထူထောင်ထားသည့် ဌာနခွဲများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) အေဂျင်စီက အခါအားလျော်စွာ ပေးအပ်သော တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

**အခန်း(၆)**

**မှတ်ပုံတင်အရာရှိနှင့် စစ်ဆေးရေးအရာရှိများ ခန့်အပ်ခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ခြင်း**

၁၀။ ဝန်ကြီးဌာနသည် ဦးစီးဌာနတွင် မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ လုပ်ငန်းများကို ဆောင်ရွက်ရန် မှတ်ပုံတင်အရာရှိနှင့် လိုအပ်သည့် စစ်ဆေးရေးအရာရှိတို့ကို အေဂျင်စီ၏ တင်ပြချက်အရ ခန့်အပ်တာဝန်ပေးအပ်နိုင်သည်။

၁၁။ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် စစ်ဆေးရေးအရာရှိ၏ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဂ) တီထွင်မှုမူပိုင်ခွင့် မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များကို အဆုံးအဖြတ်ပေးခြင်း၊

(ဃ) ဗဟိုကော်မတီနှင့် အေဂျင်စီတို့ကပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၁၂။ စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခြင်းများကို စစ်ဆေးခြင်း၊

(ခ) တီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်နှင့် ခုခံချေပချက်တို့ကို စစ်ဆေးပြီး တွေ့ရှိချက်ကို သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊

(ဂ) တီထွင်မှုမူပိုင်ခွင့် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်သောပုဂ္ဂိုလ်များကို ခေါ်ယူမေးမြန်းခြင်းနှင့် စာရွက်စာတမ်းအထောက်အထားများ တောင်းခံခြင်းတို့ကို မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဃ) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို စစ်ဆေးပြီးနောက် ခွင့်ပြုရန် သင့်၊ မသင့် သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊

(င) အေဂျင်စီ၊ ဦးစီးဌာနနှင့် မှတ်ပုံတင်အရာရှိတို့က ပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

**အခန်း (၇)**

**အကာအကွယ်ရရှိနိုင်သော တီထွင်မှုများ**

၁၃။ တီထွင်မှုသည် အောက်ပါအချက်များနှင့် ညီညွတ်သည့်အပြင် ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်များနှင့်လည်း ငြိစွန်းခြင်းမရှိပါက တီထွင်မှု မူပိုင်ခွင့်ဆိုင်ရာ အကာအကွယ်ရရှိနိုင်သော တီထွင်မှုဖြစ်သည်-

(က) တီထွင်မှုအသစ်ဖြစ်ခြင်း၊

ရှင်းလင်းချက် ။ ။ တီထွင်မှုသည် ယခင်ရှိပြီးသား နည်းပညာတစ်ခုအနေဖြင့် မရှိခဲ့လျှင် အသစ်ဖြစ်သည်။ ယခင်ရှိပြီးသား နည်းပညာဟုဆိုရာတွင် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသည့်နေ့ရက် သို့မဟုတ် ဦးစားပေးအခွင့်အရေး တောင်းဆိုလျှောက်ထားပါက ယင်းဦးစားပေးအခွင့်အရေး တောင်းဆိုသည့် နေ့ရက်မတိုင်မီ မည်သည့်နေရာတွင်မဆို တီထွင်မှုကို ပုံနှိပ်ထုတ်ဝေခြင်း၊ နှုတ်ဖြင့် ဖွင့်ဟပြောဆိုခြင်း၊ အသုံးပြုခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ပြည်သူသို့ ထုတ်ဖော်အသိပေးထားသည့် သို့မဟုတ် ပြည်သူမှ ရယူအသုံးပြုနိုင်မည့် နည်းပညာများ ပါဝင်သည်။

(ခ) တီထွင်မှုအဆင့်တစ်ရပ်ပါရှိခြင်း၊

ရှင်းလင်းချက် ။ ။ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသည့် တီထွင်မှုကို သက်ဆိုင်ရာ နည်းပညာနယ်ပယ်တွင် ကျွမ်းကျင်သူတစ်ဦးက အလွယ်တကူ နားလည်နိုင်စွမ်းမရှိလျှင် ယင်းတီထွင်မှုသည် တီထွင်မှုအဆင့် တစ်ရပ်ပါရှိသော တီထွင်မှုဖြစ်သည်ဟု သတ်မှတ်ရမည်။

(ဂ) တီထွင်မှုကို စက်မှုလက်မှုလုပ်ငန်းတစ်ရပ်ရပ်တွင် အသုံးချနိုင်ခြင်း။

ရှင်းလင်းချက်။ ။ တီထွင်မှုကိုစက်မှုလက်မှုလုပ်ငန်းတစ်ရပ်ရပ်၌ အသုံးချနိုင်ခြင်းဆိုရာတွင် ယင်းတီထွင်မှုကို စက်မှုလက်မှုလုပ်ငန်းတွင် ပြုလုပ်နိုင်ရမည် သို့မဟုတ် အသုံးပြုနိုင်ရမည်။ စက်မှုလက်မှုလုပ်ငန်းဟူသော စကားရပ်တွင် ကုန်ပစ္စည်းများ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများကို ရှေးရှုသည့် လူမှုစီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုများအဖြစ် ကျယ်ပြန့်စွာပါဝင်ပြီး အထူးသဖြင့် လက်မှုပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း ပါဝင်သည်။

**အခန်း (၈)**

**အကာအကွယ်မရရှိနိုင်သော တီထွင်မှုများ**

၁၄။ (က) အောက်ပါတို့သည် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အကာအကွယ်မရရှိနိုင်သော တီထွင်မှုများဖြစ်သည်-

(၁) ရှာဖွေတွေ့ရှိချက်များ၊ သိပ္ပံဆိုင်ရာ သီအိုရီများနှင့် သင်္ချာဆိုင်ရာ တွက်ချက်နည်းများ၊

(၂) စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ အပြုအမူသက်သက် ဆောင်ရွက်ခြင်း သို့မဟုတ် ဂိမ်းများကစားခြင်းနှင့်စပ်လျဉ်းသည့် စနစ်များ၊ စည်းမျဉ်းစည်းကမ်းများ သို့မဟုတ် နည်းလမ်းများ၊

(၃) ကွန်ပျူတာ ပရိုဂရမ်သက်သက်၊

(၄) ဇီဝမဟုတ်သော ထုတ်လုပ်မှုနည်းစဉ်နှင့် အဏုဇီဝ ထုတ်လုပ်မှု နည်းစဉ်များမှတစ်ပါး အပင်များ သို့မဟုတ် တိရစ္ဆာန်များကို စိုက်ပျိုးမွေးမြူရေးအတွက် အဓိကကျသော ဇီဝဆိုင်ရာ ထုတ်လုပ်မှုနည်းစဉ်များ၊

(၅) ပြုလုပ်ဖန်တီးထားသည့် အဏုဇီဝများမှတစ်ပါး သဘာဝတွင်တွေ့ရှိရသော သက်ရှိနှင့် ဇီဝပစ္စည်းတစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်း အပါအဝင် သတ္တဝါမျိုးနွယ်များနှင့် အပင်မျိုးစိတ်များအားလုံး အကျုံးဝင်သည့် အပင်များနှင့် သတ္တဝါများ၊ ဒီအင်န်အေနှင့် ဒီအင်န်အေပါဝင်သော ဆက်တန်းများ (DNA- Including complementary DNA sequences)၊ ဆဲလ်များ (Cells)၊ ဆဲလ်လိုင်းများ (Cell Lines)၊ မွေးမြူထားသော ဆဲလ်များ (Cell Cultures)နှင့် မျိုးစေ့များ၊

(၆) လူနှင့်တိရစ္ဆာန်များ၏ ခန္ဓာကိုယ်တွင် လက်တွေ့စမ်းသပ်ပြီး ရရှိလာသော ရောဂါရှာဖွေခြင်း နည်းလမ်းများအပါအဝင် လူနှင့်တိရစ္ဆာန်များ၏ ခန္ဓာကိုယ်ကို ခွဲစိတ်ခြင်း သို့မဟုတ် ကုသခြင်းနည်းလမ်းများ၊

(၇) သဘာဝအတိုင်းရှိသည့် အရာဝတ္ထုများ၊ အသုံးပြုမှုအသစ်များနှင့် ပုံသဏ္ဌာန် အသစ်များအပါအဝင် အများသိရှိထားပြီးဖြစ်သည့် အရာဝတ္ထုများ သို့မဟုတ် အခါအားလျော်စွာ သတ်မှတ်ဖော်ပြသည့် ဓာတုထုတ်ကုန်များစသည်တို့နှင့် ဆက်နွယ်သည့် တီထွင်မှုများ၊

(၈) အများပြည်သူ၏ ကိုယ်ကျင့်သိက္ခာကိုဖြစ်စေ၊ အေးချမ်းတည်ငြိမ်မှုကိုဖြစ်စေ၊ လူ၊ တိရစ္ဆာန် သို့မဟုတ် အပင်ကိုဖြစ်စေ၊ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ဖြစ်စေ ဆိုးရွားစွာ ထိခိုက်နိုင်သည့် တီထွင်မှုများနှင့် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ နိုင်ငံတော်၏ နယ်နိမိတ်အတွင်း အသုံးချမှုကို တားမြစ်ထားသော တီထွင်မှုများ။

(ခ) ဆေးဝါးနှင့်စပ်လျဉ်းသည့် ထုတ်ကုန် သို့မဟုတ် ထုတ်လုပ်မှု နည်းစဉ်သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုနှင့် သက်ဆိုင်သည့် မူပိုင်ခွင့်ဆိုင်ရာကောင်စီ၏ မူဝါဒအရ ပြည်ထောင်စုအစိုးရအဖွဲ့က သီးခြားထပ်မံ သတ်မှတ်ခြင်း မရှိလျှင် ၂၀၃၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့အထိ တီထွင်မှုမူပိုင်ခွင့် အကာအကွယ်မရရှိသော တီထွင်မှုဖြစ်သည်။

(ဂ) အောက်ပါတို့သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုနှင့်သက်ဆိုင်သည့် မူပိုင်ခွင့် ဆိုင်ရာကောင်စီ၏ မူဝါဒအရ ပြည်ထောင်စုအစိုးရအဖွဲ့က သီးခြားထပ်မံ သတ်မှတ်ခြင်း မရှိလျှင် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့အထိ တီထွင်မှုမူပိုင်ခွင့် အကာအကွယ်မရရှိသော တီထွင်မှုများဖြစ်သည်-

(၁) စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတုဗေဒထုတ်ကုန်များ၊

(၂) စားသောက်ကုန်များ၊

(၃) အဏုဇီဝပစ္စည်းများ။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့ပါ အကာအကွယ် မရရှိစေသော ကာလများကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုနှင့်သက်ဆိုင်သည့် မူပိုင်ခွင့်ဆိုင်ရာကောင်စီ၏ သဘောတူညီချက်နှင့်အညီ ပြင်ဆင်သတ်မှတ်နိုင်သည်။

**အခန်း(၉)**

**တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခွင့်ရှိသူများ**

၁၅။ (က) တီထွင်သူသည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားရန် အခွင့်အရေးရှိသူဖြစ်ပြီး အဆိုပါတီထွင်မှုမူပိုင်ခွင့်တွင် အမည်သတ်မှတ်ဖော်ပြပိုင်ခွင့်ရှိသည်။ ထို့ပြင် တီထွင်သူ၏ လုပ်ကိုင်ခွင့်လွှဲအပ်ခြင်းခံရသူကဖြစ်စေ၊ လွှဲပြောင်းပေးအပ်ခြင်းခံရသူကဖြစ်စေ တီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားခွင့်ရှိသည်။

(ခ) တစ်ဦးထက်ပိုသူများက တူညီသော တီထွင်မှုတစ်ခုကို သီးခြားစီ တီထွင်ခဲ့လျှင် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက် ဦးစွာတင်သွင်းသူ သို့မဟုတ် ဦးစားပေးအခွင့်အရေး တောင်းဆိုချက်ပါရှိလျှင် ဦးစားပေးနေ့ကို အစောဆုံး တရားဝင်ရရှိထားသော လျှောက်ထားသူသည် တီထွင်မှုမူပိုင်ခွင့်ကို ရခွင့်ရှိသည်။

၁၆။ တီထွင်မှုတစ်ခုကို တစ်ဦးထက်ပိုသူများက ပူးတွဲတီထွင်ခဲ့ခြင်းဖြစ်လျှင် ယင်းတို့အားလုံးသည် အဆိုပါ တီထွင်မှုမူပိုင်ခွင့်ကို ပူးတွဲလျှောက်ထားခွင့်ရှိသည်။

၁၇။ အလုပ်ရှင်နှင့် အလုပ်သမားတို့၏ အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရဖြစ်စေ၊ ယင်းသဘောတူညီချက်၏ အကျိုးဆက်အရဖြစ်စေ တီထွင်မှုတစ်ခုကို ပြုလုပ်ရာတွင်-

(က) အလုပ်သမားက တီထွင်မှုတစ်ခုကို ပြုလုပ်သည့်တိုင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ပါ အချက်များနှင့် ဆန့်ကျင်ကွဲလွဲမှုမရှိပါက အလုပ်ရှင်ကသာ ယင်းတီထွင်မှု မူပိုင်ခွင့်ကို လျှောက်ထားခွင့်ရှိသည်။

(ခ) တီထွင်မှုကိုပြုလုပ်ပြီးကြောင်း အလုပ်သမားက အလုပ်ရှင်ထံ စာဖြင့် ဆက်သွယ်အကြောင်းကြားသည့်နေ့မှ ခြောက်လအတွင်း အဆိုပါတီထွင်မှုကို အလုပ်ရှင်က လျှောက်ထားရန် အခွင့်အရေးကို ပျက်ကွက်ခဲ့လျှင် စွန့်လွှတ်ပြီးဖြစ်သည်ဟု မှတ်ယူပြီး အလုပ်သမားသည် ယင်းတီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားခွင့်ရှိသည်။

(ဆက်လက်ဖော်ပြပါမည်)

# မိတ္ထီလာခြေလျင်နှင့်တောင်တက်အဖွဲ့ဝင်တချို့ ဖုန်ကန်ရာဇီရေခဲတောင်အမြင့်ပေ ၁၁၀၀၀ ခန့်အထိသာ တက်ရောက်နိုင်ခဲ့




**မိတ္ထီလာ မတ် ၁၂**

ရေခဲမုန်တိုင်းနှင့် နှင်းမုန်တိုင်းကျရောက်သည့် ရာသီဥတုအခြေအနေများနှင့် ကြုံတွေ့ရ၍ ဖုန်ကန်ရာဇီရေခဲတောင် ပေ ၁၁၉၂၀ သို့ တက်ရောက်သည့် မိတ္ထီလာခြေလျင်နှင့် တောင်တက်အဖွဲ့မှာ လမ်းခရီးအခက်ကြုံခဲ့ရပြီး အမြင့်ပေ ၁၁၀၀၀ ခန့်အထိသာ တောင်တက်အဖွဲ့ဝင်တချို့ တက်ရောက်နိုင်ခဲ့ကြောင်း တောင်တက်အသင်းမှ သတင်းပြန်ကြားရေးတာဝန်ခံ ကိုထွန်းလွင်ထံမှ သိရသည်။

"မိတ္ထီလာခြေလျင်နှင့်တောင်တက်အဖွဲ့ဝင် ၂၀ ပါဝင်တဲ့အဖွဲ့ဟာ မတ် ၅ ရက် မနက်က ရေခဲတောင်တက်ခရီးကို စတင်ပါတယ်။ အသက်အကြီးဆုံးတောင်တက်အဖွဲ့ဝင်ဖြစ်တဲ့ ဦးဝင်းရှိန် ၆၇ နှစ် အပါအဝင် မိတ္ထီလာခြေလျင်နှင့်တောင်တက်အဖွဲ့ဝင် ၂၀ ဟာ ရေခဲစပ်စခန်းအမြင့်ပေ ၉၇၀၀ ခန့်အထိ မတ် ၈ ရက်က ရောက်ရှိပြီးတဲ့နောက်မှာ ရာသီဥတုက ရေခဲမုန်တိုင်းရော၊ နှင်းမုန်တိုင်းပါ ကျရောက်တဲ့အခြေအနေဖြစ်လာတော့ အခက်အခဲကြုံတွေ့ခဲ့ပါတယ်။ တောင်တက်အဖွဲ့ဝင်ခြောက်ဦး ဆက်ပြီးတက်ရောက်ခဲ့တာ ပေ ၁၁၀၀၀ ခန့်အထိပဲ တက်ရောက်နိုင်ခဲ့တယ်။ ရာသီဥတုကလည်း အလွန်ဆိုးရွားတဲ့အဆင့်ဖြစ်နေတော့ ပြန်လှည့်လာခဲ့ရတယ်။

ရေခဲစပ်စခန်းမှာ ညအိပ်တော့ ရေခဲစပ်စခန်းနေရာမှာ နှင်းထုက လေးပေလောက်ရှိနေတဲ့အနေအထားအထိ ရာသီဥတုက ကြမ်းတမ်းခဲ့ပါတယ်" ဟု အဆိုပါခရီးကို ပါဝင်တက်ရောက်ခဲ့သူ မိတ္ထီလာခြေလျင်နှင့် တောင်တက်အဖွဲ့ သတင်းပြန်ကြားရေးတာဝန်ခံထံမှ သိရသည်။

ဖုန်ကန်ရာဇီ ရေခဲတောင်တက်ခရီးသွားရောက်ခဲ့သည့် မိတ္ထီလာခြေလျင်နှင့် တောင်တက်အဖွဲ့ဝင်အားလုံး မတ် ၁၁ ရက် ညနေ ၆ နာရီခန့်က ပူတာအိုမြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**ချမ်းသာ( မိတ္ထီလာ )**

# သတင်းစာဆရာ၊ စာရေးဆရာ စိန်ခင်မောင်ရီ ကွယ်လွန်ခြင်း ၂၇ နှစ်ပြည့် အခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၁၂**

သတင်းစာဆရာ၊ စာရေးဆရာ၊ ရုပ်ရှင်ဝေဖန်ရေးဆရာ စိန်ခင်မောင်ရီ (ကြေးမုံခင်မောင်ရီ) (၁၉၈၅ ခုနှစ် ဘာသာပြန် သုတ အမျိုးသားစာပေဆုရှင်) ကွယ်လွန်ခြင်း ၂၇ နှစ်ပြည့် (၁၉၉၂-၂၀၁၉) အထိမ်းအမှတ် အခမ်းအနားကို မတ် ၁၁ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းရှိ House of Orchid ဟိုတယ်၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး သတင်းစာ ဆရာအသင်းနာယက၊ သတင်းစာဆရာ၊ စာရေးဆရာ၊ ဒါရိုက်တာ မောင်ယဉ်ကျော်က အမှာစကားပြောကြားပြီး စာရေးဆရာမကြီး ရွှေကူမေနှင်းက ဆရာစိန်ခင်မောင်ရီ၏ အတ္ထုပ္ပတ္တိအကျဉ်းကို ဖတ်ကြားသည်။

ထို့နောက် ရုပ်ရှပ်၊ ဂီတ၊ သဘင်စသည့် နယ်ပယ်ပေါင်းစုံမှ တာဝန်ရှိသူများက ဆရာစိန်ခင်မောင်ရီနှင့် ပတ်သက်သည့် မှတ်သားဖွယ်အကြောင်းအရာများ၊ အတူတကွ ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံအမှတ်တရများကို ပြန်လည်အောက်မေ့သတိရကာ မုဒိတာစကားများ ပြောကြားခဲ့ပြီး ဆရာစိန်ခင်မောင်ရီ၏ မိသားစုကိုယ်စားသားကြီးဖြစ်သူ ဦးခင်မောင်သော် (ခင်မောင်သော်-ကမာရွတ်)က အထိမ်းအမှတ် အခမ်းအနားဖြစ်မြောက်မှုနှင့်ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားခဲ့သည်။



ဆရာစိန်ခင်မောင်ရီကို ကွယ်လွန်သူ စာရေးဆရာ ပုလိပ်အရာရှိတစ်ဦး အမည်ခံ ခရိုင်ရဲဝန် ဦးဘသော် (ပြစ်မှုမဂ္ဂဇင်းစတင်တည်ထောင်သူ)နှင့် ဒေါ်မမလေးတို့က ၁၉၂၅ ခုနှစ်တွင် မုံရွာမြို့၌ မွေးဖွားခဲ့ပြီး မွေးချင်းခြောက်ယောက်အနက် အကြီးဆုံးသားဖြစ်သည်။ မုံရွာမြို့ ဗုဒ္ဓဘာသာ အထက်တန်းကျောင်းတွင် နေစဉ်ကတည်းက နယ်သတင်းထောက်အဖြစ် သတင်းစာများတွင် သတင်းဆောင်းပါးများ ရေးသားခဲ့သည်။ စာပေလောကသို့ ၁၉၅၀ ပြည့်နှစ်တွင် ဝင်ရောက်ခဲ့ပြီး ပဒေသာမဂ္ဂဇင်းတွင် အယ်ဒီတာအဖြစ် လုပ်ကိုင်ကာ နန်းမြိုင်၊ ယဉ်ညိမ်း ကလောင်အမည်များဖြင့် ဝတ္ထုတို၊ ဝတ္ထုရှည်နှင့် ဘာသာပြန်များ ရေးသားခဲ့သည်။

ထို့နောက် သတင်းစာလောကသို့ ဝင်ရောက်ခဲ့ပြီး စီးပွားရေး၊ အိုးဝေ၊ ဗမာ့ဝါဒ၊ ဗမာခေတ်နှင့် ယူနီယမ်ဂေဇက်သတင်းစာများတွင် သတင်းအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ကြေးမုံသတင်းစာ ထုတ်ဝေရာတွင် တည်ထောင်သူတစ်ဦးအဖြစ် ပါဝင်ခဲ့ပြီး အယ်ဒီတာချုပ်အဖြစ် ၁၉၆၄ ခုနှစ်အထိ လုပ်ကိုင်ခဲ့သည်။ ၁၉၉၂ ခုနှစ် မတ်လ ၇ ရက် ညပိုင်းတွင် အသည်းကင်ဆာရောဂါဖြင့် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်နေအိမ်၌ ကွယ်လွန်ခဲ့ပြီး မကွယ်လွန်မီအချိန် အထိ မဟေသီမဂ္ဂဇင်းတွင် ပင်တိုင်ရုပ်ရှင်ဝေဖန်ရေးဆောင်းပါးနှင့် အခြားမဂ္ဂဇင်း၊ စာစောင်များတွင် ရုပ်ရှင်၊ အနုပညာပြဇာတ်ဆိုင်ရာ ဆောင်းပါး၊ ဘာသာပြန်များနှင့် ဝတ္ထုအများအပြားကို ရေးသားခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ-အေးမင်းသူ**

# ချင်းတွင်းသကြံန်တွင် သဲပန်းပုများကို ပြည်တွင်းပညာရှင်များဖြင့်ထုလုပ်သွားမည်

**မုံရွာ မတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ချင်းတွင်းမြစ်ကမ်းသဲသောင်ပြင်တွင်ကျင်းပမည့် ချင်းတွင်းသကြံန်ပွဲတော်တွင် ထည့်သွင်းပြသမည့် သဲပန်းပုများကို ပြည်တွင်းပညာရှင်များဖြင့်သာ ထုလုပ်ပြသသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၏ ပြောကြားချက်အရ သိရသည်။

"အခုနှစ် ချင်းတွင်းသကြံန်မှာ မနှစ်ကအတွေ့အကြုံအရ ပြည်တွင်းက သဲပန်းပုပညာရှင်တွေကလည်းအဆင့်မီမီနဲ့ ထုလုပ်နိုင်တာကို တွေ့ရတဲ့အတွက် အခုနှစ်မှာကျင်းပမယ့် ချင်းတွင်းသကြံန်မှာတော့ သဲပန်းပုရုပ်တုတွေကို ပြည်တွင်းက သဲပန်းပုပညာရှင်တွေနဲ့ပဲ ထုလုပ်သွားဖို့ စီစဉ်နေတယ်"ဟု တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ဇော်ဝင်းက ပြောသည်။

ချင်းတွင်းမြစ်အတွင်းက ပေါများစွာရရှိသော သဲများကို လက်တွေ့အသုံးချပြီး အနုပညာလက်ရာမြောက်စွာ ဖန်တီးပြီး ထုလုပ်ထားသော သဲပန်းပုအရုပ်များကို အများပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန်နှင့် အပြည်ပြည်ဆိုင်ရာ သဲပန်းပုပြိုင်ပွဲများအထိ ထိုးဖောက်နိုင်သော သဲပန်းပုပညာရှင်များပေါ်ထွက်လာနိုင်ရန် ပြည်တွင်းရှိ ပညာရှင်များကိုသာ ရွေးချယ်ထုလုပ်ရန် စီစဉ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



ချင်းတွင်းသကြံန် (၂၀၁၈) တွင် ပြည်တွင်းသဲပန်းပုပညာရှင်များထုဆစ်သည့်လက်ရာကို တွေ့ရစဉ်။

# နေရပ်သို့ ပြန်လည်ပြောင်းရွှေ့နေထိုင်လိုသည့် မိသားစုများအား ထောက်ပံ့

**မြစ်ကြီးနား မတ် ၁၂**

ကချင်ပြည်နယ်အတွင်းရှိ မူလနေရပ်သို့ ပြန်လည်ပြောင်းရွှေ့နေထိုင်လိုသည့် မိသားစုများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကို ဝိုင်းမော်မြို့နယ် နန်ဆန်ယန်ကျေးရွာတွင် မတ် ၁၁ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။ ပြည်နယ်လူမှုရေးဝန်ကြီး ဦးနေဝင်းကနေရပ်နေပြည်သူများအား အားပေးစကား ပြောကြားပြီး ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနညွှန်ကြားရေးမှူး ဒေါ်လုကေသီမာက ထောက်ပံ့ပစ္စည်းများ ပေးအပ်မည့်အစီအစဉ်များကို ရှင်းလင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဝိုင်းမော်မြို့နယ်ရှိ နန်ဆန်ယန်ကျေးရွာသို့နေရပ်နေပြည်သူများ အိမ်ထောင်စု ၂၉ စု၊ လူဦးရေ ၁၄၁ ဦးတို့အတွက် ပြန်လည်ထူထောင်နိုင်ရေး ထောက်ပံ့ပစ္စည်းများကိုပေးအပ်ရာ မိသားစုဝင်များက လက်ခံရယူကြသည်။ထို့နောက် ပြောင်းရွှေ့ပြန်လည်နေရာချထားပေးသည့် အိမ်ထောင်စုများနှင့် လိုအပ်သည့်နေရာများတွင် ပြန်လည်ထူထောင်နိုင်ရေးအတွက် မြေနေရာများအား ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုခဲ့ကြသည်။

**ပြည်နယ် (ပြန်/ဆက်)**

# ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသ ရွှေလုပ်ကွက်(A)နှင့် ပတ်သက်သည့် သတင်းစာရှင်းလင်း

**နေပြည်တော် မတ် ၁၂**
မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသ ရွှေလုပ်ကွက်(A)နှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် လက်ရှိဆောင်ရွက်နေမှု အခြေအနေများကို အများပြည်သူ သိရှိနိုင်ရန်အတွက် လုပ်ကွက်(A)နှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သီရိရတနာခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




သတင်းစာရှင်းလင်းပွဲတွင် အမှတ်(၂)သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသံဒိုင်က မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသ ရွှေလုပ်ကွက်(A)နှင့် ပတ်သက်၍ တင်ဒါခေါ်ယူခဲ့မှု၊ တင်ဒါအောင်မြင်ခဲ့သည့် ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခဲ့မှု၊ ကုမ္ပဏီ၏ အခက်အခဲများကြောင့် စာချုပ်ပြင်ဆင် ချုပ်ဆိုပေးခဲ့မှု၊ ကုမ္ပဏီက စာချုပ်အရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ သတ်မှတ်ချက်အတိုင်း အပြည့်အဝပေးသွင်းခဲ့မှု၊ နောက်ပိုင်းပေးသွင်းရန် ပျက်ကွက်ခဲ့မှု၊ စာချုပ်အရ သတ်မှတ်ရွှေစင်များ ပေးသွင်းရန် ကျန်ရှိနေသည့်အတွက် လုပ်ကွက်ကို ထုတ်လုပ်မှု ယာယီဆိုင်းငံ့ထားရှိမှု၊ သတ္တုတွင်းဥပဒေ၊ နည်းဥပဒေပါ စီမံခန့်ခွဲရေးနည်းလမ်းများနှင့်အညီ အရေးယူဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးဆောင်ညွှန်ကြားရေးမှူးက ကုမ္ပဏီသည် ဆိုင်းငံ့ကာလအတွင်း ညွှန်ကြားချက်များကို လိုက်နာခြင်းမရှိဘဲ ရွှေသတ္တုသန့်စင်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေသည့်အတွက် သတိပေးစာ ပေးပို့ခဲ့ရာ လိုက်နာခြင်းမရှိဘဲ ဆက်လက်လုပ်ကိုင်ခဲ့သည့်အတွက် မြန်မာ့သတ္တုတွင်း ဥပဒေအရ ခွင့်ပြုမိန့်ပယ်ဖျက်ရန် အခြေအနေရောက်ရှိခဲ့မှု၊ ကုမ္ပဏီ၏ အကြောင်းပြန်ကြားချက်များသည် ခိုင်လုံသောအကြောင်းပြချက်မရှိခြင်းနှင့် ပေးသွင်းရမည့်ရွှေစင်များကို ကျေပွန်စွာ မပေးသွင်းခြင်းတို့ကြောင့် သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ စာချုပ်ရုပ်စဲခဲ့မှု၊ ခွင့်ပြုမိန့်ပယ်ဖျက်ပြီးနောက်ပိုင်း ကုမ္ပဏီသည် ရွှေသန့်စင်ထုတ်လုပ်သည့် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့သည့်အတွက် ကုမ္ပဏီဥက္ကဋ္ဌကို မြန်မာ့သတ္တုတွင်းဥပဒေနှင့် အမှုဖွင့်တိုင်တန်းခဲ့မှု၊ ကုမ္ပဏီဥက္ကဋ္ဌက သတ္တုတွင်းလုပ်ငန်းအား ဆုံးရှုံးမှုများ ပြန်လည်ရရှိရေး တရားမကြီးအမှုနှင့် တရားစွဲဆိုခဲ့မှု အခြေအနေများနှင့် လုပ်ကွက်(A)တွင် ကုမ္ပဏီက ငွေကြေးမြောက်မြားစွာ ရင်းနှီးမြှုပ်နှံထားသည့် စက်ရုံများနှင့် စက်ပစ္စည်းများ၊ Adit များ၊ ရွှေပါဖြုန်းမြေစာများနှင့် တန်ဖိုးကြီးပစ္စည်းများ ခိုးယူခံရမှု ထပ်မံမဖြစ်ပေါ်ရန် ပုဒ်မ ၁၄၄ ထုတ်ပြန်ထိန်းသိမ်းရန် ညှိနှိုင်းထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် သတင်းမီဒီယာများက ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသ ရွှေလုပ်ကွက်(A)နှင့်ပတ်သက်၍ နိုင်ငံတော်အတွက် နစ်နာမှုများမဖြစ်ပေါ်အောင် စီမံဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသံဒိုင်နှင့် အထွေထွေမန်နေဂျာ ဦးအေးဇော်တို့က ပြန်လည်ဖြေကြားကြသည်။

**သတင်းစဉ်**

# ဘုတလင်မြို့နယ်တွင် အဆင့်မြင့်လယ်ယာမြေ ဧက ၁၀၀ ဖော်ထုတ်

**ဘုတလင် မတ် ၁၂**
စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနနှင့် Tech United Power ကုမ္ပဏီတို့ ပူးပေါင်းပြီး ဘုတလင်မြို့နယ် ဆည်ဝကျေးရွာကွင်း အမှတ်(၁၄၅)တွင် အဆင့်မြင့် လယ်ယာမြေဧက ၁၀၀ ဖော်ထုတ်ခြင်းလုပ်ငန်းကို မတ်လဆန်းက စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် မြို့နယ်စက်မှုလယ်ယာ ဦးစီးဌာနမှ ထွန်စက် ကိုးစီး၊ Tech United Power ကုမ္ပဏီမှမြေထိုး၊ မြေကော်ယာဉ် တစ်စီးတို့ဖြင့် လုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိသည်။

လယ်ယာမြေဧက ၁၀၀ ကိုလယ်တစ်ကွက်လျှင် အလျား ၃၆၃ ပေ၊ အနံပေ ၁၂၀ နှုန်းဖြင့် အဆင့်မြင့် လယ်ကွက်ပေါင်း ၁၀၀ ကို ဖော်ထုတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆင့်မြင့်လယ်ယာ မြေဖော်ထုတ်မှု တစ်ဧကကုန်ကျစရိတ်မှာ ၇ ဒသမ ၅၃ သိန်းဖြစ်ကြောင်း၊ အဆင့်မြင့်လယ်ယာမြေတွင် ရေသွင်း၊ ရေထုတ်မြောင်းများပါရှိသည့်အတွက် ရေကိုလိုအပ်သလို သွင်းထုတ်နိုင်ပြီး လယ်ကွက်အတွင်းရှိရေအနည်းအများကို ထိန်းညှိပေးနိုင်သည့်အတွက် စပါးပင်ပွားကိုမျှတစွာရရှိနိုင်ခြင်းကြောင့် သီးနှံအထွက်နှုန်းတိုးတက်စေပါကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမင်းထွန်းက ပြောသည်။



အဆင့်မြင့်လယ်ယာ ဖော်ထုတ်ရာတွင် ကုန်ထုတ်လမ်းရှိခြင်း၊ စက်စွမ်းအားပြည့် အသုံးပြုနိုင်ရန် လုံလောက်သော အကျယ်အဝန်းရှိခြင်း၊ ထောင့်မှန်စတုဂံဖြစ်၍ အလျား၊ အနံ (၃း၁)ခန့် ရှိခြင်း၊ လယ်မြေမျက်နှာပြင် ညီညာမှုရှိခြင်း၊ ရေသွင်းမြောင်း၊ ရေနုတ်မြောင်းရှိခြင်း၊ ကန်သင်းများ ကောင်းမွန်ခြင်းနှင့် သဘာဝမြေသြဇာ ပြည့်စုံကောင်းမွန်ခြင်း စသည့် အင်္ဂါရပ်များနှင့်အညီ စနစ်တကျ ဖော်ထုတ် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စက်မှု လယ်ယာ ဦးစီးဌာနမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးသင်တန်းဖွင့်

**နေပြည်တော် မတ် ၁၂**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အသိပညာပေး သင်တန်းကို မတ် ၁၁ ရက် နံနက် ၁၀ နာရီက ဇီးကုန်းလေးကျေးရွာ၌ ဖွင့်လှစ်ပို့ချခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံကိန်း ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းခမ်းစမ်းရီက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်သက်သက်ညွန့်က စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကိုလည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာကျော်လင်းက မွေးမြူရေးဆိုင်ရာ အသိပညာများကိုလည်းကောင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးသန့်ဇင်မျိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း ပြောကြားပြီး ဘာသာရပ်အလိုက် သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းသို့ ဖိုးတုပ္ပံ၊ မယ်ဇလီခင်၊ ဇီးကုန်းလေး၊ သရက်တော၊ အောက်ချိုင်းလေးကျေးရွာများမှ သင်တန်းသား ၃၀ တက်ရောက်ခဲ့ပြီး သင်တန်းတွင် စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုရှုပ**



တိုတိုထွာထွာဖတ်စရာ

## စားသောက်ကုန်ထုတ်လုပ်မှုသင်တန်း မော်လမြိုင်တွင် ဖွင့်

**မော်လမြိုင်**
မွန်ပြည်နယ် မော်လမြိုင်မြို့ အိမ်တွင်းမှုသင်တန်းကျောင်း၌ စားသောက်ကုန်ထုတ်လုပ်မှုသင်တန်းကို အဆိုပါသင်တန်းကျောင်း၌ မတ် ၁၁ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပသည်။

သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကာ သင်တန်းကာလမှာမတ် ၁၁ ရက်မှ ၁၅ ရက်ထိ သဘာဝသစ်သီးယိုစုံနှင့် သစ်သီးဖျော်ရည် ထုတ်လုပ်နည်းတို့ကို အခမဲ့ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

## သမိုင်းဘူတာ မြရတနာဈေးရှေ့မှ ဆိုင်တန်းများ ဖယ်ရှား

**ရန်ကုန်**
မရမ်းကုန်းမြို့နယ် သမိုင်းဘူတာ လူကူးခုံးကျော်တံတားအောက်ရှိမြရတနာဈေးရှေ့၌ ပိတ်ဆို့ရောင်းချနေကြသော ဆိုင်တန်းများအား မတ် ၁၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"တချို့ကျူးကျော်ဆိုင်တွေဆိုရင် ဈေးရှေ့ပေါက်ဝကို ပိတ်ပြီးတော့ အခိုင်အမာ ဆိုင်ဆောက်ထားပြီး တခြားဆိုင်တွေကပါ တဖြည်းဖြည်းရှေ့တိုးလာတော့ လမ်းသွားလမ်းလာတွေအတွက်ပါ အခက်အခဲဖြစ်လာရပါတယ်။ ဆိုက်ကား၊ ဂါလီတွေပါ ဖြတ်သန်းမောင်းနှင်လို့မရတဲ့အထိကို ခက်ခဲမှုတွေဖြစ်လာပါတယ်၊ ခုတော့ သက်ဆိုင်ရာကလာရောက်ရှင်းလင်းပေးလိုက်တော့လည်းသွားလာရေးလွယ်ကူသွားတာပေါ့"ဟု သမိုင်းဈေးမှ ဈေးသည်တစ်ဦးက ပြောသည်။

**ပွင့်သစ္စာ၊ ညီညီ(သမိုင်း)**

## မှူခင်းအသိပညာပေးဟောပြော

**ရန်ကုန်**
ကျောက်တံတားမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးသက်သည် မတ် ၉ ရက်က အမှတ်(၁)ရပ်ကွက်တွင် မှုခင်းအသိပညာပေးဟောပြောရာ ဟိုတယ်၊ တည်းခိုခန်းများမှ တာဝန်ရှိသူများနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုရဲ**



**မန္တလေးခရိုင် ရဲတပ်ဖွဲ့တွင် မတ် ၁၁ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်သင်ကြားသည့် စစ်ရေးပြနှင့် လက်နက်ငယ်ကျွမ်းကျင်မှု (မွမ်းမံ)သင်တန်းအမှတ်စဉ် (၁/၂၀၁၉) ဖွင့်ပွဲအခမ်းအနားကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးအောင် သင်တန်းဖွင့်ပွဲ အမှာစကား ပြောကြားစဉ်။**

ကိုရဲ

## မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

**နေပြည်တော် မတ် ၁၂**
စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးရဲလွင်၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး အောင်စိုးနိုင်နှင့် ရဲတပ်ဖွဲ့ဝင်များက မတ် ၁၀ ရက် မွန်းလွဲပိုင်းက ဝါးတောမကျေးရွာ၊ ရွှေညောင်ပင်ကျောင်းတိုက်ရှိ ဓမ္မာရုံ၌ ပြည်သူများအား မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောခဲ့သည်။

**ရဲပြန်ကြား**

# အပြည်ပြည်ဆိုင်ရာသစ်တောများနေ့

ဝင်းချစ် (အမျိုးသားစာပေဆုရ)

မတ်လ (၂၁) ရက်နေ့ကို"အပြည်ပြည်ဆိုင်ရာသစ်တောများနေ့" - "International Day of Forests" အဖြစ်သတ်မှတ်ရန် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင်ကျင်းပခဲ့သောကုလသမဂ္ဂ အထွေထွေညီလာခံက တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြပါသည်။ ယခု ၂၀၁၉ ခုနှစ်အပြည်ပြည်ဆိုင်ရာသစ်တောများနေ့၏ အာဘော်သို့မဟုတ် အဓိကဦးတည်ချက်ခေါင်းစဉ် (Theme) သည်"Forests and Education" ဖြစ်သည်။ မြန်မာလိုတိုက်ရိုက်ပြန်ဆိုရမည်ဆိုပါက "သစ်တောများနှင့် အသိပညာ" ဖြစ်ပါမည်။ စည်းရုံးလှုံ့ဆော်ရေးအတွက် ကြွေးကြော်သံအနေဖြင့်"သစ်တောများကိုအလေးထားဖို့ အသိပညာပေးကြစို့"ဟု ဆိုလျှင်ထိရောက်မည်ထင်ပါသည်။

သစ်တောများ၊ သစ်ပင်များ၏ အရေးပါပုံများ၊ တန်ဖိုးရှိပုံများ၊ ထူးခြားချက်များနှင့်ကမ္ဘာမြေပေါ်ရှိ ဇီဝမျိုးကွဲမျိုးစုံတို့၏ ဘဝစက်ဝန်းဟန်ချက်ညီအောင် သစ်တောများ၏ ဖြည့်ဆည်းပေးမှုကိုပြည်သူလူထု (အထူးသဖြင့် ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များ) သိရှိနားလည်လက်ခံလာကြပြီး သစ်တော၊ သစ်ပင်များအား ချစ်ခင်မြတ်နိုးလာကာပိုမိုအလေးထားကြစေရေးအတွက် အသိပညာပေးရန်ဖြစ်ပါသည်။ အသိပညာပေးရာတွင် ဟောပြောပွဲများ၊ စာတမ်းဖတ်ပွဲများ၊ ဆွေးနွေးပွဲများ၊ စကားရည်လုပွဲများ၊ ပညာပေး ပြခန်းများ၊ ပန်းချီပြိုင်ပွဲ၊ ဓာတ်ပုံပြိုင်ပွဲစသည်များ ကျင်းပနိုင်ပြီး လူထုလှုပ်ရှားမှုအသွင်အဖြစ် သစ်ပင်များစိုက်ပျိုးခြင်း၊ သက်တမ်းရင့် သစ်ပင်ကြီးများ၊ ထန်းပင်များအား ထိန်းသိမ်းစောင့်ရှောက်သည့် အစီအစဉ်များကိုစုပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါသည်။ ဖော်ပြပါလှုပ်ရှားမှုများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဆက်နွယ်နေသည့် အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များက ဦးဆောင်စည်းရုံး၍ အကောင်အထည်ဖော်ကြရန်ဖြစ်ပါသည်။

**သစ်တောများ၏ ဖြည့်ဆည်းမှု**

ကမ္ဘာ့ကုန်းမြေအားလုံး၏ ၃၀ ရာခိုင်နှုန်းခန့်သည် သစ်တောများဖုံးလွှမ်းလျက်ရှိသည်။ ထိုသစ်တောများတွင် သစ်ပင်အမျိုးပေါင်း (Tree Species) ၆၀၀၀၀ ခန့်ရှိပြီး အပင်အုပ်စုနှင့် သတ္တဝါအုပ်စု (Flora and Fauna)အတွင်း အပင်မျိုးစိတ်နှင့် သတ္တဝါမျိုးစိတ်ပေါင်းသန်းချီ၍ ရှိနိုင်သည်။ ထို့ကြောင့်အဆိုပါသစ်တောများမှကုန်ကြမ်းအမျိုးမျိုး ရရှိနေသည်သာမက ဒေသတွင်း အလုပ်အကိုင်များကိုပါဖန်တီးပေးလျက်ရှိသည်။ သစ်တောများမှ ကမ္ဘာပေါ်ရှိအဆင်းရဲဆုံး လူသား ၁ ဒသမ ၆ ဘီလီယံအတွက်အစားအစာ၊ လောင်စာ၊ ဆေးဝါး၊ အဆီ၊ အစေး ၊ ကော်၊ ဆိုးဆေး ၊ လျှော်၊ စက္ကူပျော့ဖတ်နှင့် အဆောက်အအုံများ၊ တံတားများ၊ လှည်း၊ လှေစသည့်ယာဉ်များ တည်ဆောက်ရန်နှင့် စက္ကူ၊ ပရိဘောဂများနှင့်အခြားလူသုံးကုန်ပစ္စည်းများပြုလုပ်ရန်သစ်၊ ဝါး၊ ကြိမ်၊ သက်ငယ်၊ ဓနိစသည်များကိုဖြည့်ဆည်းပေးလျက်ရှိသည်။ ထို့ပြင် သစ်တောများသည် သားငှက်တိရစ္ဆာန်မျိုးစုံပေါက်ဖွားရှင်သန် နားခိုနေထိုင် မှီခိုရာအသိုက်အမြုံကြီးများလည်း ဖြစ်သည်သာမက သစ်တောများမှ ယင်းသတ္တဝါများအတွက် အစားအစာများ (Fodder) လည်းရရှိနေသည်။ သို့ရာတွင် ကျွန်ုပ်တို့လူသားများ၏ ပယောဂကြောင့် သစ်တောပြုန်းတီးခြင်း (Deforestation)နှင့်သစ်တောအဆင့်အတန်းကျဆင်းခြင်း (Forest Degradation)များ ဖြစ်ပေါ်လျက်ရှိရာ ကမ္ဘာတစ်ဝန်း၌ တစ်နှစ်လျှင် ပျမ်းမျှ သစ်တောဧရိယာ ဟက်တာပေါင်း ၁၃ သန်းခန့် (ဧက ၃၂ သန်းခန့်) ရှိနေကြောင်း မှတ်သားရပါသည်။ ဤသို့ဖြစ်နေခြင်းကြောင့်သစ်တောများအတွင်းရှိအပင်များနှင့် သတ္တဝါများ ပေါက်ဖွားရှင်သန်မှုနှင့် နေထိုင်မှုပုံစံများ ဟန်ချက်မညီတော့ဘဲအချို့မျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်သည်အထိဖြစ်လာနိုင်သည်။

မြန်မာနိုင်ငံရှိ သစ်တောများတွင် သစ်ထွက်နိုင်သောကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သစ်ရာ၊ အင်ကြင်း၊ အင်၊ ကညင်၊ တမလန်းစသည့်သစ်ပင်ကြီးမျိုးပေါင်း ၅၀၀ ကျော်၊ ကြသောင်း၊တင်း၊ ကရင်၊ မျှင်၊ ဝါးဖြူ၊ ဝါးနက်၊ ထီးရိုးဝါးစသည့် ဝါးအမျိုးပေါင်း ၁၀၂ မျိုးရှိသည်။ ထို့ပြင် သိုင်းကြိမ်၊ ကြက်ဥကြိမ်၊ ရေကြိမ်၊ ကြိမ်နီ၊ ကြိမ်ဖြူကလေး၊ ကြိမ်လက်မည်း၊ ယမထာကြိမ် စသည့် ကြိမ်အမျိုးပေါင်း ၃၄ မျိုးရှိသည်။ (ဝါးမျိုး ၁၀၂ မျိုးကို အပြည်ပြည်ဆိုင်ရာအမျိုးအမည်ခွဲခြားသတ်မှတ်ပြီးဖြစ်ပါသည်။ နယ်မြေများ အေးချမ်းလာသည်နှင့်အမျှ ယခင်က မှတ်တမ်းမတင်နိုင်သေးသည့် ဝါးနှင့် ကြိမ်မျိုးစိတ်သစ်များကို အမျိုးအမည်ခွဲခြားပေးနိုင်မည်ဖြစ်ပါသည်။ ၁၉၆၃ ခုနှစ်က ပုံနှိပ်ထုတ်ဝေခဲ့သော Rodger ၏ "A Handbook of the Forest Products of Burma" စာအုပ်တွင် ဝါးမျိုးပေါင်း ၅၀ ရှိကြောင်း ဖော်ပြထားပါသည်။)

၎င်းပြင်စာရေးသူတို့၏ သစ်တောများမှသစ်မွေး၊ ထင်းရှူးဆီ၊ ကညင်ဆီ၊ မည်စည်ဆီ၊ ဥသျှစ်ဆီ စသည့် အဆီများ၊ သစ်စေး၊ ရှားစေး၊ လျှော်ဖြူစေး (ဆေးကုလားမ)၊ အင်တွဲစသည့်အစေးများ၊ ဆူးဖြူစေး၊ တမာစေး၊ အုံတုံစသည့်ကော်များ၊ ပိန္နဲ၊ ရှား၊ နီပဆေး၊ သီတင်း၊ ပေါက်၊ တိန်းညက်စသည့်ဆိုးဆေးများ၊ ငုစပ်၊ ထနောင်း၊ ဖန်ခါးစသည့်သားရေနယ်ပစ္စည်းများ၊ လျှော်၊ ဒီးဒူး၊ လက်ပံ၊ ဘန့်ဘွေး၊ ဒွဘုတ်၊ မြားဆိပ်စသည့် လျှော် ထွက်သည့် သစ်ပင်များ၊ တောင်မဲအုပ် (လက်ပံခါး)၊ သစ်နီ၊ မျောက်လုပ်၊ ဆိတ်ချေး၊ လွန်ဘို၊ ဘန့်ဘွေး၊ သဘော်ာလက်ပံစသည့် ဆေးဖက်ဝင်သစ်ပင်များ၊ သနပ်ခါး၊ စန္ဒကူး (နံ့သာဖြူ) ကရမက်စသည့်အမွှေးနံ့သာပင်များနှင့် ကရဝေး၊ သစ်ကြံပိုးစသည့် ဟင်းခတ်အမွှေးအကြိုင်များ ရရှိသည်။ ဖော်ပြပါသစ်ပင်ထွက်ပစ္စည်းများသာမက အခြားပစ္စည်းများကိုလည်း မြန်မာ့သစ်တောများမှရရှိနေသည်။ ယင်းတို့အနက် အချို့ကိုဖော်ပြရလျှင် - ငှက်သိုက်၊ ပျားရည်၊ ပျားဖယောင်း၊ ချိပ်၊ လင်းနို့ချေး၊ သစ်ခွမျိုးစုံ၊ ဖာလာစေ့၊ ဘုမ္မရာဇာ၊ ရှားစောင်းလက်ပပ်၊ နန္ဒင်း၊ စွန်လက်သည်း၊ ဝဥ၊ သက်ငယ်၊ ဓနိ စသည်တို့ဖြစ်သည်။

သစ်တောများကမိုးရေကိုထိန်းထားနိုင်သောကြောင့် စိမ့်စမ်း၊ ရေတံခွန်များ ဖြစ်ပေါ်လာစေသည်သာမကမြေအောက်ရေ(Ground Water)ကိုလည်း ဖြည့်ဆည်းပေး (Recharge)နိုင်သည်။ မိုးရေ၏ အရှိန်ကိုလျော့နည်းစေခြင်းကြောင့်မြစ်ချောင်း၊ အင်းအိုင်များနှင့်ဆည်များ၊ ကန်များ တိမ်ကောမှုကိုသိသာစွာလျော့နည်းစေသည်။

**သစ်တောများ၏ အရေးပါမှု**

ထိုမျှမက ကမ္ဘာ့နိုင်ငံများ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသော ရာသီဥတုပြောင်းလဲမှုလျှော့ချရေးတွင် သစ်တောများသည်အလွန်အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ အကြောင်းမှု ရာသီဥတုပြောင်းလဲခြင်းသည်ကမ္ဘာ့အပူချိန်မြင့်တက်လာခြင်းကြောင့်ဖြစ်ပြီး ကမ္ဘာ့အပူချိန်မြင့်တက်ခြင်းသည် လည်း လေထုအတွင်း ယခင်ကထက်ပိုမိုများပြားလာသော မှန်လုံအိမ်ဓာတ်ငွေ့များကြောင့်ဖြစ်ရာ - မှန်လုံအိမ်ဓာတ်ငွေ့များအနက် ပါဝင်မှုအများဆုံးဖြစ်သည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့($CO_2$) ကိုသစ်တောများနှင့် သမုဒ္ဒရာများကသာ စုပ်ယူနိုင်စွမ်းရှိသောကြောင့်ဖြစ်သည်။ စက်မှုခေတ်မတိုင်မီကာလက လေထုအတွင်းသို့ ထုတ်လွှတ်လိုက်သော $CO_2$ ပမာဏသည်သစ်တောနှင့်သမုဒ္ဒရာများကစုပ်ယူနိုင်သည့်ပမာဏနှင့် ဟန်ချက်ညီနေခဲ့သည်။ ထို့ကြောင့် ထိုခေတ်က လေထုအတွင်းရှိ $CO_2$ ၏ ပါဝင်မှုနှုန်းသည် 280 ppm (parts per million) ဝန်းကျင်၌သာရှိနေခဲ့သည်။ သို့ရာတွင်စက်မှုခေတ်မှစတင်၍ကျောက်မီးသွေး၊ ဒီဇယ်၊ ဓာတ်ဆီစသည့် ရုပ်ကြွင်းလောင်စာများသုံးစွဲမှုတစ်နှစ်ထက်တစ်နှစ်ပိုများလာခဲ့ရာ$CO_2$ ထုတ်လွှတ်မှုပမာဏကသစ်တောများနှင့် သမုဒ္ဒရာများက စုပ်ယူပေးနိုင်သည့်ပမာဏထက်ပို၍ များလာခဲ့သည်။ အကျိုးဆက်အနေဖြင့် $CO_2$ ၏ ပမာဏသည်တစ်နှစ်ပြီး တစ်နှစ်ထပ်ဆင့်စုဆောင်းထားခဲ့ သကဲ့သို့ဖြစ်လာခဲ့ရာ ယခုအခါလေထုအတွင်း၌ $CO_2$ ၏ ပါဝင်မှုနှုန်းသည် 407 ppm တိုင်ရှိနေပြီဖြစ်သည်။ ထို့ကြောင့်သစ်တောများ ပြုန်းတီးမှုနှင့်အတန်းအစားကျဆင်းမှုကိုအချိန်မီတားဆီးရန်အလွန်အရေးကြီးနေသည်။ မတားဆီးနိုင်ပါက $CO_2$ များကိုစုပ်ယူပေးမည့်အစား $CO_2$ များ ကိုလေထုထဲသို့ထုတ်လွှတ်မည်ဖြစ်သဖြင့်အပေါင်းလက္ခဏာအစား အနုတ်လက္ခဏာပြမည်ဖြစ်ရာ နှစ်ခါပြန်ဆုံးရှုံးမည်ဖြစ်ပါသည်။

၎င်းအပြင် သစ်ပင်များက $CO_2$ ကို စုပ်ယူပြီး အောက်ဆီဂျင် ($O_2$) ကို ပြန်လည်ထုတ်လွှတ်ပေးသဖြင့် လေထုအတွင်း ပါဝင်မှုများလာသည့် မှန်လုံအိမ်ဓာတ်ငွေ့များနှင့်ညစ်ညမ်းဓာတ်ငွေ့များကြောင့် ပါဝင်မှုနှုန်းကျဆင်းနေသည့် $O_2$ ၏ ပါဝင်မှုနှုန်းကို သစ်တောများက ပြန်လည်မြှင့်တင်ပေးရာလည်းရောက်သည်။ ကမ္ဘာ့လေထုသည် တစ်ဆက်တစ်စပ်တည်း ရှိနေခြင်းကြောင့် သစ်တောသစ်ပင်များက ထုတ်လွှတ်ပေးသည့် $O_2$ များသည် ကမ္ဘာဂြိုဟ်ပေါ်ရှိ လူသားအားလုံးကိုအကျိုးရှိစေသည်။

မြို့ကြီးများတွင် သစ်ပင်များရှိနေခြင်းဖြင့် လေထုညစ်ညမ်းမှုကို လျှော့ချနိုင်သည်။ ပန်းခြံများ၊ အပန်းဖြေဥယျာဉ်များ (Recreation Park)နှင့်ရပ်ကွက်များတွင်ရှိသော သစ်ပင်များသည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း $O_2$ ၏ ပါဝင်မှုနှုန်းကို မြှင့်တင်ပေးနိုင်သည် သာမကသစ်ရွက်များရှိလေပေါက်များ (Stomata) က ညစ်ညမ်းဓာတ်ငွေ့များတွင် ပါဝင်သည့် နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် ($NO_2$) နှင့် ဆာလ်ဖာဒိုင်အောက်ဆိုက် ($SO_2$) ဓာတ်ငွေ့များကိုစုပ်ယူပေးနိုင်သည်။ ထို့ပြင် လမ်းများတွင်သစ်ပင်များရှိခြင်းဖြင့်ညစ်ညမ်းအမှုန်များ၏ ပမာဏကို ၆၀ ရာခိုင်နှုန်းခန့်လျှော့ချပေးနိုင်သည်။

သစ်ပင်များ၏ အရိပ်အာဝါသများကြောင့် အပူချိန်ကိုလျော့နည်းစေသည်။ ထို့ကြောင့်သစ်ပင်များ ပေါများသည့်ရပ်ကွက်များ၏ အပူချိန်သည် သစ်ပင်မရှိသော ရပ်ကွက်များ၏ အပူချိန်ထက် 12ºF (6.7ºC) အထိ ပို၍နည်းနိုင်သည်။ သစ်ပင်အရိပ် ကောင်းမွန်စွာရရှိသည့် အိမ်များ၊ ရုံးများတွင် လေအေးစက်များအတွက် လျှပ်စစ်ဓာတ်အားကုန်ကျမှု ၃၀ ရာခိုင်နှုန်းခန့် သက်သာစေပြီး အေးသောနိုင်ငံများတွင်ဆောင်းလေများ၏ တိုက်ခတ်မှုကိုလျှော့ချပေးနိုင်ခြင်းကြောင့်အပူပေးစက်အတွက်လျှပ်စစ်ဓာတ်အား ကုန်ကျမှုသိသာစွာ လျော့နည်းကြောင်း မှတ်သားထားဖူးပါသည်။

**အစိမ်းရောင်မြင်ကွင်းညွှန်းကိန်း**

ထို့ကြောင့်ပင် ကမ္ဘာတစ်ဝန်းရှိမြို့ကြီးများတွင် အပန်းဖြေဥယျာဉ်များကို အလေးထား၍ တည်ထောင်ကြသည့်နည်းတူ ရုံးများ၊ ကျောင်းများ၊ ဆေးရုံများ၊ ဟိုတယ်များနှင့်အခြားအဆောက်အအုံများ တည်ဆောက်ရာတွင်လည်း သစ်ပင်များကိုဦးစားပေး၍ထည့်သွင်းစိုက်ပျိုးလျက်ရှိကြသည်။ အမေရိကန်ပြည်ထောင်စုရှိ မက်ဆာချူးဆက်တက္ကသိုလ်(MIT) မှ Senseable Labနှင့်World Economic Forum (WEF)တို့ ပူးပေါင်း၍ ကမ္ဘာပေါ်ရှိ အဓိကမြို့ကြီးများတွင်ရှိသော သစ်ပင်များ၏ ဖုံးလွှမ်းမှုအခြေအနေကို သိရှိနိုင်ရန် "Treepedia"တစ်ခုကိုဖန်တီးထားပြီး "Green View Index"- (GVI) - "အစိမ်းရောင်မြင်ကွင်းညွှန်းကိန်း" ဖြင့်တိုင်းတာမှုများ ပြုလုပ်လျက်ရှိသည်။ GVI ဆိုသည်မှာ - မြို့တစ်မြို့တွင်ရှိသောသစ်ပင်များ၏ ရွက်အုပ်များ ဖုံးလွှမ်းထားသည့်စုစုပေါင်းဧရိယာ(Conopy Coverage)နှင့်ထိုမြို့ဧရိယာတို့၏ အချိုးကိုရာခိုင်နှုန်းဖြင့်ဖော်ပြထားခြင်းဖြစ်သည်။

ယင်းအဖွဲ့ GVI အများဆုံးရှိသော ကမ္ဘာ့မြို့ကြီး ၁၉ မြို့ကို ဖော်ပြထားရာ အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်မှတင်မ်ပါ(Tempa)မြို့ကြီးက GVI - ၃၆ ဒသမ ၁ ရာခိုင်နှုန်းဖြင့်ပထမ၊ စင်ကာပူက ၂၉ ဒသမ ၃ ရာခိုင်နှုန်းဖြင့် ဒုတိယ နော်ဝေမှ အော်စလို (Oslo) မြို့ကြီးက ၂၈ ဒသမ ၈ ရာခိုင်နှုန်းဖြင့် တတိယနေရာများတွင် ရပ်တည်လျက်ရှိသည်ကို တွေ့ရှိရပြီး ကာလီဖိုးနီးယားပြည်နယ်မှ လော့စ်အိန်ဂျလိစ်မြို့ကြီးက GVI - ၁၅ ဒသမ ၂ ရာခိုင်နှုန်းဖြင့်အဆင့် ၁၉ တွင်ရှိနေပါသည်။ (စာရေးသူတို့နိုင်ငံမှပြင်ဦးလွင်၊ ကလောစသည့်မြို့များ၏ GVIကိုသစ်တောသုတေသီများက တိုင်းတာကြည့်မည်ဆိုပါလျှင် စိတ်ဝင်စားဖွယ် ရလဒ်ကောင်းများ ပေါ်ထွက်လာနိုင်ပါသည်။)

သစ်ပင်များ ပန်းခြံများနှင့် ဥယျာဉ်များရှိသော မြို့ကြီးများရှိမြို့လူထုသည်ကျန်းမာရေးနှင့်ပို၍ညီညွတ်ကြသည်။ လေကောင်းလေသန့်ရရှိပြီး အပန်းဖြေစရာများရှိသောကြောင့်ဖြစ်သည်။ ကမ္ဘာလှည့်ခရီးသွားများကိုလည်း ဆွဲဆောင်နိုင်သည်။

> **သစ်ပင်များ၊ ပန်းခြံများနှင့် ဥယျာဉ်များရှိသော မြို့ကြီးများရှိ မြို့လူထုသည် ကျန်းမာရေးနှင့် ပို၍ညီညွတ်ကြသည်။ လေကောင်းလေသန့်ရရှိပြီး အပန်းဖြေစရာများရှိသောကြောင့် ဖြစ်သည်။ ကမ္ဘာလှည့်ခရီးသွားများကိုလည်း ဆွဲဆောင်နိုင် . . .**

စာမျက်နှာ ၁၉ သို့

## အနုပညာ

## MAMAMOO ရဲ့ တေးဗီဒီယိုသစ် စမ်းသပ်ထုတ်လွှင့်

အမျိုးသမီး ကေပေါ့ပ်တေးဂီတအဖွဲ့ "MAMAMOO" ဟာ လတ်တလောမှာတော့ အဖွဲ့ရဲ့တေးသီချင်းသစ်အတွက် တေးဗီဒီယိုကို စမ်းသပ်ထုတ်လွှင့်ပေးခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တေးအယ်လ်ဘမ်သစ်နဲ့အတူ ပရိသတ်ရှေ့အရောက် ပြန်လာဖို့ရာ စီစဉ်ထားတဲ့ "MAMAMOO" ဟာ လတ်တလောမှာတော့ "White Wind" တေးဗီဒီယိုကို စမ်းသပ်ထုတ်လွှင့်ပေးခဲ့တာပါ။ ဒီတေးဗီဒီယိုဟာ အဖွဲ့ရဲ့တေးအယ်လ်ဘမ်သစ် "White Wind" မှာ ပါဝင်တဲ့ ခေါင်းစီးတေးတစ်ပုဒ်ဖြစ်ပါတယ်။ ဒီတေးဗီဒီယိုမှာတော့ အဖွဲ့ဝင်တွေဟာ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိရှိနဲ့ ဆန်းသစ်တဲ့ကကွက်တွေနဲ့ ဖန်တီးထားတာကိုလည်း တွေ့ရပါတယ်။

"White Wind" တေးဗီဒီယိုတစ်ခုလုံးကိုတော့ လာမယ့် မတ် ၁၄ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်တယ်လို့ သိရပါတယ်။



## BTS ရဲ့တေးအယ်လ်ဘမ်သစ်ထုတ်လွှင့်မယ့်ရက်ကြေညာ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS" ဟာ လတ်တလောမှာတော့ အဖွဲ့ရဲ့တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မယ့်ရက်ကို ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ တေးအယ်လ်ဘမ်သစ်ကိုတော့ "Map of the Soul: Persona" လို့အမည်ပေးထားပြီး လာမယ့် ဧပြီ ၁၂ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကမ္ဘာတစ်ဝန်းက "BTS" ရဲ့ ပရိသတ်တွေအတွက်တော့ ပျော်စရာသတင်းကောင်းဖြစ်ပါတယ်။ "BTS" က အဖွဲ့ရဲ့တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်းနဲ့ လက်ရှိမှာပြင်ဆင်မှုတွေ ပြုလုပ်နေကြောင်း ထုတ်ဖော်ပြောကြားပါတယ်။ ဒီတေးအယ်လ်ဘမ်သစ်ထုတ်လုပ်ရာမှာတော့ ပရိသတ်ရှေ့ထုတ်လွှင့်သည်အထိ ပြင်ဆင်ရတဲ့အဆင့်ပေါင်း ၃၂ ဆင့်ရှိခဲ့တယ်လို့လည်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**



## Riverdale မှာ အဓိကဇာတ်ဆောင်အဖြစ် ပါဝင်ထားတဲ့ လူစီဟေးလ်

တစ်ချိန်က အလွန်ကျော်ကြားခဲ့တဲ့ ရုပ်ရှင်တစ်ကားဖြစ်တဲ့ "Riverdale" ကို ပြန်လည်ဆန်းသစ်ရိုက်ကူးသွားမယ့် ရုပ်ရှင်သစ်မှာတော့ တက်သစ်စမင်းသမီးတစ်ဦးဖြစ်တဲ့ လူစီဟေးလ်ဟာ အဓိကဇာတ်ဆောင်တစ်ဦးအဖြစ် ပါဝင်ထားကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တေးဂီတကို အသားပေးရိုက်ကူးထားတဲ့ "Riverdale" ရုပ်ရှင်သစ်မှာတော့ လူစီဟေးလ်ဟာ အဓိကဇာတ်ကောင်တစ်ဦးဖြစ်တဲ့ ကတ်တီကင်းန်နေရာကနေ ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း လတ်တလောမှာတော့ ဟောလိဝုဒ်မီဒီယာများစွာမှာလည်း ရေးသားဖော်ပြခဲ့ကြတာကို တွေ့ရပါတယ်။ ဒီရုပ်ရှင်မှာတော့ သူတို့ရဲ့အိပ်မက်တွေ အမှန်တကယ်ဖြစ်လာဖို့ရာ နယူးယောက်ကိုလာရောက်ကြတဲ့ အသက် ၂၀ ဝန်းကျင်ရှိပြီဖြစ်တဲ့ ရယ်ရွှင်ဖွယ်အဓိကဇာတ်ကောင်လေးဦးကို ဇာတ်လမ်းတည်ကာ ရိုက်ကူးထားတာဖြစ်ပြီး အဓိကဇာတ်ကောင်တွေအထဲကတစ်ဦးဖြစ်တဲ့ ကတ်တီကင်းန်နေရာကနေ မင်းသမီး လူစီဟေးလ် ပါဝင်သွားမှာ ဖြစ်ပါတယ်။

"Riverdale" ရုပ်ရှင်သစ်မှာ ပါဝင်ထားတဲ့ လူစီဟေးလ်ရဲ့ဇာတ်ကောင် ကတ်တီကင်းန်ဟာ ဖက်ရှင်အကြောင်းကို စိတ်ဝင်စားသူတစ်ဦးပါ။ သူ့ရဲ့ရည်မှန်းချက်တွေပြည့်မြောက်ဖို့ရာ နယူးယောက်ကိုရောက်ရှိလာခဲ့ပြီးနောက် ကတ်တီဟာ အိပ်မက်တွေကို အကောင်အထည်ဖော်ရင်း တစ်ဖက်မှာလည်း သူငယ်ချင်းတွေနဲ့ဆက်ဆံရေးကို ထိန်းထားချင်ကာ ချစ်သူနဲ့လည်း ဆက်လက်လက်တွဲလိုနေသူတစ်ဦးလည်း ဖြစ်ပါတယ်။

ဒီသတင်းနဲ့ပတ်သက်ပြီး အသက် ၂၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ လူစီဟေးလ်က သူ့ရဲ့အင်စတာဂရမ် စာမျက်နှာပေါ်မှာ ပြီးခဲ့တဲ့တနင်္လာနေ့က အတည်ပြုဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။ ရုပ်ရှင်သစ်မှာ ပါဝင်သရုပ်ဆောင်ရဖို့အရေး စိတ်လှုပ်ရှားနေကြောင်းလည်း လူစီက ရေးသားဖော်ပြခဲ့တယ်လို့လည်း သိရပါတယ်။

**စာမျက်နှာ ၁၈ မှ**

သာဓကအနေဖြင့် ဂျပန်နိုင်ငံမှ လက်ဆောင်ပေးထားသည့် ချယ်ရီပင်များရှိသော အမေရိကန်၊ ဝါရှင်တန်ဒီစီ မြို့တော်ရှိ Mounumen ဝန်းကျင်တွင် ချယ်ရီပန်းများပွင့်သည့် ရာသီရောက်ရှိသည့်အခါ အမေရိကန် ပြည်သူများသာမက နိုင်ငံပေါင်းစုံမှ လူမျိုးပေါင်းစုံ လာရောက်ပြီး ချယ်ရီပန်းများ၏ အလှကို တအံ့တသြခံစားကြပါသည်။

ကနေဒါနိုင်ငံတွင် မေပယ်လ်(Maple) သစ်ပင်မှ အရွက်များ Autumn (Fall)ရာသီရောက်တိုင်း ပြောင်းလဲသွားသည့် နီညိုဝါရောင်ရောယှက်ထားသော သဘာဝအလှအပကို ကြည့်ရှုခံစားကြသူ အများအပြားရှိပါသည်။ စာရေးသူတို့နိုင်ငံမှ ချင်းတောင်တွင်တောင်ဇလပ်နီပန်းပွင့်ချိန်၊ ပြင်ဦးလွင်တွင် ချယ်ရီပန်းပွင့်ချိန်တွင်လည်း တကူးတကသွားရောက်လည်ပတ်ကြသူ အများအပြားရှိပါသည်။

အချုပ်အားဖြင့် မကြာမီကျရောက်တော့မည့် "အပြည်ပြည်ဆိုင်ရာသစ်တောများနေ့" အထိမ်းအမှတ်အဖြစ် အဖွဲ့အစည်းအသီးသီးက ဆောင်ရွက်ကြမည့် အထက်ဖော်ပြပါပညာပေးအစီအစဉ်များနှင့်လှုပ်ရှားမှုများ၏ ရလဒ်အဖြစ် ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များ၊ ပြည်သူများသည် သစ်တော၊ သစ်ပင်များကို ချစ်ခင်မြတ်နိုး၊ တန်ဖိုးထားလာကြခြင်းကြောင့် သစ်ပင်များ စိုက်ပျိုးခြင်း၊ စိုက်ပျိုးပြီး သစ်ပင်များရှင်သန်အောင်ပြုစုစောင့်ရှောက်ခြင်း၊ မြို့ရွာများရှိသစ်ပင်ကြီးများအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းစသည်တို့ကို ပိုမိုဆောင်ရွက်လာကြကာ မြန်မာ့သစ်တောများ ရေရှည်တည်တံ့ရေးအတွက် ဒေသခံအစုအဖွဲ့များအနေဖြင့် အစိုးရအဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းပါဝင် ဆောင်ရွက်လာကြလိမ့်မည်ဟု ယုံကြည်ပါသည်။

**ကိုးကားသည့်အထောက်အထားများ**

- International Day of Forests 2019. https:// sdg.iisd.org
- International Day of Forests. www.fao.org
- City Forests around the World. https:// www.google.com
- The 19 Cities with the most trees around the world - Business insider. https://www.businessinsider.com

## ဝေရောစနကျောက်စိမ်းစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

**မန္တလေး မတ် ၁၂**

မန္တလေးမြို့ အမရပူရမြို့နယ် ဆင်ရွာမြင်းမူကျေးရွာ မန္တလေး-ရန်ကုန် အမြန်လမ်း မိုင်တိုင် ၃၆၁ အနောက်ဘက်၌ တည်ထားကိုးကွယ်တော်မူသည့် ကမ္ဘာ့ပထမဦးဆုံး ဝေရောစန ကျောက်စိမ်းစေတီတော်မြတ်ကြီး၏ စတုတ္ထအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို တပေါင်းလပြည့်နေ့တွင် ကျင်းပမည်ဖြစ်သည်။

စတုတ္ထအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို မတ် ၂၀ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး လောင်းလှူရမည့် မဏ္ဍပ်နေရာများကို မတ် ၁၅ ရက်နောက်ဆုံးထား၍ ကျင်းပရေးကော်မတီဂေါပကရုံး ဖုန်း ၀၉-၂၅၄၃၃၀၅၉၅နှင့် ၀၉-၇၉၁၄၈၅၆၈၀တို့သို့ စာရင်းပေးသွင်းရမည်ဖြစ်ကာ မတ် ၁၈ ရက်တွင် လောင်းလှူရမည့်မဏ္ဍပ်နေရာများ အပြီးသတ် နေရာချထားပေးမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## မရမ်းကုန်းမြို့နယ်တွင် မူခင်းကျဆင်းရေးဆောင်ရွက်

**ရန်ကုန် မတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၆)ရပ်ကွက် ဇေယျာခေမာလမ်းရှိ ဆွေဗမာဓမ္မာရုံ၌ မတ် ၈ ရက်က မရမ်းကုန်း မြို့မရဲစခန်းမှူး ဒုတိယရဲမှူးအောင်သန်းဝင်းနှင့် နယ်ထိန်းအရာရှိ ဒုရဲအုပ် ဝေလင်းဦးတို့က သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မူခင်းကျဆင်းရေးဟောပြောပွဲ ကျင်းပခဲ့ရာ ဟောပြောပွဲသို့ ရပ်ကွက်အတွင်းရှိ ပြည်သူ ၁၅၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

**ဇာနည်မောင်**



ပဲခူးမြို့ ညောင်အင်းစက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံများတွင် မတ် ၉ ရက်က စက်ရုံရှိအလုပ်သမား ၄၉၅ ဦးအား တိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူးဦးဆောင်ကာ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသည့် စက်ရုံဝန်ထမ်းများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။

၀၇၅ (ပဲခူး)

## သီပေါတွင် စားနပ်ရိက္ခာများထောက်ပံ့

**သီပေါ မတ် ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် အရှေ့တောင်ခြမ်းဒေသမှ တိုက်ပွဲရှောင်သူ ၁၃၉၉ ဦးအတွက် ဆောင်၊ အနွေးထည်၊ ခြင်ထောင်၊ လက်နှိပ်ဓာတ်မီး စသည့်အသုံးအဆောင်ပစ္စည်းများကို မတ် ၁၁ ရက်က မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဇေယျနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ၎င်းတို့ခိုလှုံရာစခန်းများသို့ သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အေးထွန်းမောင်သည် မတ် ၁၀ ရက်ညနေ ၅ နာရီက ဘောဂရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေးနှင့် ယာဉ်အန္တရာယ် ကင်းဝေးရေး ဟောပြောစဉ်။

**တင်ဝင်းတင်**

# Public Announcement

Under the instructions of my clients:

(a) PUMA ENERGY INTERNATIONAL S.A., a company registered in Switzerland;

(b) PUMA ENERGY IRRAWADDY PTE LTD, a company incorporated under laws of Singapore,

(c) PUMA ENERGY ASIA SUN COMPANY LIMITED, a company incorporated under the Myanmar Companies Act; and

(d) National Energy Puma Aviation Services Co., Ltd., a joint venture company with Myanma Petroleum Products Enterprise and incorporated under the Myanmar Companies Act,

I do hereby announce as follows.

**My clients wish to advise all Myanmar consumers of petroleum products that petrol stations branded with the words "Puma Power" and displaying a logo similar or identical to Puma Energy's global logo, in particular a running wildcat silhouette, are not associated, connected or affiliated in any way with my clients. My clients do not supply products to these petrol stations nor do my clients endorse, recommend or approve in any manner the provision and quality of products being sold under the "Puma Power" name. This use occurred without my clients' consent.**

My clients are the companies carrying out transportation, distribution and sales of oil and petroleum products using the following PUMA trademark across 48 countries:

("**PUMA Trademark**")

Moreover, my clients have registered the PUMA Trademark and trade name of PUMA internationally at the World Intellectual Property Organization ("**WIPO**") (of which Myanmar is a member state since 2001) in Geneva, Switzerland since 2010. The PUMA Trademark is the subject of International Registration Nos. 016969198, 01354408, 897671 and 845479 registered with WIPO.

Further, the PUMA Trademark and trade name PUMA is protected in Myanmar. The declaration of the ownership of trademark was registered in Myanmar under the Registration Nos. 4/3351/2013 on 29-3-2013 and 4/12008/2018 on 18-10-2018 at the Office of the Registration of Deeds. My clients have used the PUMA Trademark in Myanmar since 2013.

The PUMA brand was created in Argentina in 1929. The PUMA Trademark and trade name are globally trusted among international consumers of petroleum products.

My clients have also been carrying out the following businesses in Myanmar using the PUMA Trademark:

(a) Since 2013, pursuant to the approval of the Myanmar Investment Commission– importation, storage and distribution of diesel, petrol, jet fuel, liquefied petroleum gas (LPG), bitumen, heavy fuel oil (HFO) and engine oil; and

(b) Jet fuel distribution in joint venture with the Myanma Petroleum Products Enterprise (MPPE).

Puma Energy is well-established worldwide and through its extensive and long period of use of the PUMA name and Trademark in relation to the provision and publicity of its services in Myanmar and elsewhere, my clients own substantial goodwill in the business which is attached to the use of the PUMA name and Trademark.

I strongly caution you from using any trademark and trade name that is similar or identical to the PUMA Trademark and trade name in petroleum products distributions and operation of petrol stations, which are similar businesses to my clients' businesses.

My clients will not hesitate to take all steps necessary to protect its rights in the PUMA name and Trademark and the substantial goodwill in the business attached to the use of the PUMA name and Trademark, including taking legal action against all unlawful and infringing use of its registered trademark and passing off.

Under instruction,

U Nay La
Advocate (Sr. 2062)
55, 2nd Floor, Maha Bandoola Park Street,
Kyauktada Township, Yangon
01 373580
nlandassociate@gmail.com

## ဒေါ်ယဉ်မင်းကျော်
### အသက် (၅၈) နှစ်

(ဦးခင်ကျော်-ဒေါ်ညွန့်ညွန့်မြိုင်)တို့၏သမီး၊ ဦးအောင်ဒင်-ဒေါ်မြစုတို့၏သမီးချွေးမ၊ ဒေါက်တာရဲထွန်း-ဒေါက်တာသန္တာကျော်၊ Mr.Chris Tylee-ဒေါ်နီလာကျော်တို့၏ညီမ၊ နေပြည်တော်၊ ကုံကော်အိမ်ရာ၊ တိုက်(၂၄၀/၂၁)နေ ဦးဇေယျာမျိုးအောင် (ညွှန်ကြားရေးမှူး၊ ဟိုတယ်/ခရီး)၏ ချစ်လှစွာသောဇနီး၊ မခန့်ဇေယျာမောင် (အထက-၆၊ နေပြည်တော်)၏ ချစ်လှစွာသောမိခင်သည် ၁၂-၃-၂၀၁၉ (အင်္ဂါ နေ့) နံနက် ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၀း၃၀ နာရီတွင် နေပြည်တော်၊ ခုတင် (၁၀၀၀)မှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်း တို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီ တွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၃-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်စမ်းစမ်းအေး
### စာရင်းကိုင်(၃)၊ ဘဏ္ဍာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်
### အသက် (၄၂)နှစ်

ရန်ကုန်မြို့ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်နေ (ဦးဘပု-ဒေါ်ရင်ကြွေ)၊ (ဦးပွ-ဒေါ်ရွှေတင်)တို့၏မြေး၊ (ဦးမြအောင်)-ဒေါ်တင်လှတို့၏သမီး၊ (ဦးသန်းဦး-ဒေါ်သင်းသင်းခိုင်)၊ (ဦးသန်းဝင်း)၊ ဦးမြင့်ဇော်-ဒေါ်သိဂီစိန်၊ ဒေါ်တင်တင်အေး၊ ဦးမိုးဆွေ(ခ) ဦးမိုးကြီးတို့၏ ညီမ၊ တူ/တူမ ငါးယောက်တို့၏အဒေါ်၊ တောင်ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၈၈)ရပ်ကွက်၊ ခိုင်သဇင်လမ်း၊ အမှတ် (၉၅၇)နေ ဦးသက်အောင်၏ဇနီး ဒေါ်စမ်းစမ်းအေးသည် ၁၂-၃-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (တောင်ဒဂုံဆိပ်ကမ်းမြို့နယ်နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွန်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ တောင်ဒဂုံဆိပ်ကမ်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါက်တာမေဇင်ထွန်း
### ကထိက-ဇီဝကမ္မဗေဒဌာန၊ ဆေးတက္ကသိုလ်-၁ ရန်ကုန်
### ဆာကူရာဆေးရုံ၊ EMO-အရေးပေါ်ဌာန
### အသက် (၄၁) နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မြေသာစည်အိမ်ရာ၊ အောင်ချမ်းသာ (၅)လမ်း၊ အမှတ်(၇၅)နေ (ဦးနီ)-ဒေါ်ဖြိုင်တို့၏ သမီးချွေးမ၊ ဦးသန့်ဇင်ဝင်း (YIT 1996 Intake, B.E-EC)၏ ချစ်လှစွာသောဇနီး၊ မောင်ဟိန်းထွဋ်ဦး (Year -8, PISM)၊ မောင်မိုးလွင်ဦး(KG-Nurture Private Primary School)တို့၏ ချစ်လှစွာသောမိခင် ဒေါက်တာမေဇင်ထွန်းသည် ၁၁-၃-၂၀၁၉ ရက် ညနေ ၅း၂၅ နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကမာရွတ်မြို့နယ်နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကြည်ကြည်
### အသက်(၈၉)နှစ်

ဦးသန်းကြည် (1994 Sr Agri)၏မိခင်ဖြစ်သူ ဒေါ်ကြည်ကြည် အသက်(၈၉)နှစ်သည် ၁၀-၃-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၉၄ စီနီယာ စိုက်ပျိုးရေးတက္ကသိုလ်**
**ကျောင်းသူ/ကျောင်းသားများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဝေမင်း
### အသက်(၆၇)နှစ်
### နိုင်ငံခြားရေးဝန်ကြီးဌာန(ငြိမ်း)

ဒေါ်မြမြအုန်း(နိုင်ငံခြားရေးဝန်ကြီးဌာန-ငြိမ်း)၏ခင်ပွန်း ဦးဝေမင်း သည် ၈-၃-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် အတူတကွ တာဝန်ထမ်းဆောင်ခဲ့သော လုပ်ဖော်ကိုင်ဖက် အငြိမ်းစားဝန်ထမ်းဟောင်းများက မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**အငြိမ်းစားဝန်ထမ်းဟောင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ရဲ-၂၂၁၄၊ ဒုတိယရဲမှူးကြီးသိန်းဝင်း(ငြိမ်း)
### ဒုရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၆/၈၄)
### အသက်(၆၀)

သူငယ်ချင်းတစ်ယောက် ၁၁-၃-၂၀၁၉ ရက် နံနက် ၁၁း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူငယ်ချင်းတစ်ယောက် ကောင်းရာသုဂတိလားပါစေ။

**SIP(16th)မှ သူငယ်ချင်းများ**
**သာရေး၊ နာရေးအဖွဲ့(ရန်ကုန်/မန္တလေး)**

## အထူးကျေးဇူးတင်ရှိခြင်း

၁၁-၃-၂၀၁၉ ရက် ညနေ ၅း၂၅ နာရီတွင် ကွယ်လွန်သွားခဲ့သော ဒေါက်တာမေဇင်ထွန်း၊ ကထိက-ဆေးတက္ကသိုလ်(၁)၊ EMO-အရေးပေါ်ဌာန (ဆာကူရာဆေးရုံ)၏ ဆာကူရာဆေးရုံတွင် တက်ရောက်ကုသစဉ် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆာကူရာဆေးရုံအုပ်ကြီး ဦးထင်ပေါ်၊ တွဲဖက် ပါမောက္ခ ဦးလှမ်းမိုးထက် (အထွေထွေနှင့် ရင်ခေါင်းခွဲစိတ်အထူးကုဆရာဝန်ကြီး)၊ တွဲဖက်ပါမောက္ခ ဒေါ်ဥမ္မာ (ဦးနှောက်နှင့် အာရုံကြောအထူးကု ဆရာဝန်ကြီး)၊ ဒေါက်တာ ဦးထွန်းထွန်းဝင်း (အဆုတ်နှင့် ရင်ခေါင်းအထူးကုဆရာဝန်ကြီး)၊ မေ့ဆေးဆရာဝန်ကြီး ဦးမောင်မောင်ကြီး၊ ဦးဝေဖြိုးသိန်းနှင့် ဆာကူရာဆေးရုံရှိ လုပ်ဖော်ကိုင်ဖက် ဆရာဝန်သူငယ်ချင်းများ၊ ဝန်ထမ်းများ၊ မိတ်ဆွေများ၊ ဆွေမျိုးများနှင့် ဆေးတက္ကသိုလ်(၁) မှ ပါမောက္ခနှင့် သူငယ်ချင်းများအားလုံးကို ကျန်ရစ်သူမိသားစုမှ အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## အနိစ္စ

### ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ဦးသန်းစိန် (ခ)အိုသန်း
### (ပုလော/ရှပ်ပုံ)
### အသက်(၇၂)နှစ်
### အသင်းဝင်အမှတ်-၃၆၆

ရန်ကုန်မြို့ တောင်ဒဂုံမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ B(1)လမ်း၊ တိုက်(၂၄)၊ အခန်း(၂၀၂)နေ (ဒေါ်အုန်းတင်)၏ ခင်ပွန်းသည် ၁၁-၃-၂၀၁၉ (တနင်္လာနေ့) ည ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ကျီစုသုသာန်၌ မီးသဂြိုဟ်ပါမည်။(အသင်းမှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-င၊ မြေကွက်အမှတ်-၃၁၉၊ မြေကွက်တည် နေရာအမှတ်(၃၁၉)၊ သုမဒ္ဒါလမ်း၊ (င)ရပ်ကွက်၊ ဦးဆိုင်[၁၂/ဥကမ(နိုင်)၀၈၉၂၃၉]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်(ဖခင်)ဦးဆိုင်သည် ၁၃-၇-၂၀၀၅ ရက်တွင်လည်းကောင်း၊ (မိခင်)ဒေါ်ကျင်လှိုင်သည် ၁၄-၁၂-၁၉၉၄ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးလှမြင့် [၁၂/သဃက(နိုင်)၀၂၉၉၈၁]၊ ဦးသောင်းစိန် [၁၂/လသန(နိုင်)၀၀၆၇၈၄]၊ ဒေါ်အေးရီ [၁၂/ဥကမ(နိုင်)၁၁၀၀၉၆]၊ ဦးလမင်း[၁၂/မရက(နိုင်)၁၀၀၄၄၈]တို့မှ အမွေဆက်ခံခွင့်ရှိကြောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၊ ကျမ်းကျိန်လွှာ အမှတ်-၃/၉၇၉၊ သေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ဦးလှမြင့်၊ ဦးသောင်းစိန်၊ ဦးလမင်းတို့ထံမှ G.P No.-၁၅၉၈/၁၈(၇-၂-၁၈)ဖြင့် ကိုယ်စားလှယ်လွှဲစာရရှိသူ ဦးစိုးနိုင်[၁၂/ဒဂန(နိုင်)၀၁၀၃၁၉]နှင့် ဒေါ်အေးရီတို့မှ ပိုင်ဆိုင်ကြောင်းနှင့်စွန့်လွှတ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင်(၂)ထပ်တိုက် လျှောက်ထားသူကိုယ်တိုင်နေထိုင်ကြောင်း စစ်ဆေးတွေ့ရှိရပါသဖြင့် အဆိုပါပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(၃၄/အိုင်)၊ မြေကွက်အမှတ်(၂၁၉)၊ စက်မှု(၃)လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ ဧရိယာ(၀.၀၅၇)ဧက၊ အတိုင်းအတာ (၅၀'× ၅၀')=၂၅၀၀ စတုရန်းပေ၊ ဦးချစ်ခိုင် [၁၂/တမန(နိုင်)၀၃၄၀၉၂]၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်(ခင်ပွန်း) ဦးချစ်ခိုင်သည် (၈-၁၁-၂၀၁၈)ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ ဒေါ်သန်းယဉ် [၁၂/တမန(နိုင်)၀၃၄၆၄၉]က မြေကွက်နှင့် အကျိုးခံစားခွင့်တို့အား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိသည်မှာ မှန်ကန်ကြောင်း (၂၂-၁-၂၀၁၉)ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ မြေခွန်ပြေစာဦးချစ်ခိုင် အမည်ပေါက် နှစ်(၆၀)ဂရန် မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားသဖြင့် မြေပြင်ကွင်းဆင်း စစ်ဆေးရာတွင် (၁)ထပ်အုတ်ညှပ်တိုက်(၁)လုံးရှိပြီး လျှောက်ထားသူကိုယ်တိုင်နေထိုင်ပါသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

သင့်သွေးဖြင့် အသက်ကယ်ပါ

## ဦးရဲနိုင် (လားရှိုး)
### အသက်(၇၇)နှစ်
### (မြို့/ယာ-ငြိမ်း) MEPE လားရှိုးမြို့
### ကျိုင်းတုံစွမ်းအားကုမ္ပဏီ၊ ကျိုင်းတုံမြို့

ပဲခူးမြို့ ညောင်ဝိုင်း၊ (၈)လမ်း၊ အမှတ်(၉၃)နေ (ဦးဘမောင်-ဒေါ်စန်းရှင်၊ ဒေါ်အုန်းကြည်)တို့၏ သား၊ ရန်ကုန်မြို့ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ နံ့သာလမ်း၊ အမှတ်(၁၁/ငါးလွှာ)နေ ဒေါ်သန်းသန်းနွဲ့၏ခင်ပွန်း၊ (ဗိုလ်မှူးကျော်မင်းဦး)-ဒေါ်ဝါဝါနိုင်၊ လားရှိုးနေ ဦးသူရနိုင်-ဒေါ်ကေသန္တာစော၊ မစပါယ်နိုင်၊ U.S.Aနေ ကိုသီဟနိုင်-မဇာဇာကျော်တို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၁၀-၃-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၆း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၃-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်သန်း (သမဝါယမဝန်ကြီးဌာန-ငြိမ်း)
### အသက်(၇၆)နှစ်

ရန်ကုန်မြို့ အမှတ်(၅၀)၊ ဂန္ဓာမာလမ်း၊ မုန့်/တောင် ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ (ဦးလွန်း-ဒေါ်စိန်ကြင်)တို့၏ သမီး၊ [ဦးကျော်လှိုင် (ကုန်သွယ်ရေးဝန်ကြီးဌာန-ငြိမ်း)]၏ ဇနီး၊ ဒေါ်စိန်စိန်၏ ညီမ၊ ဒေါ်မာမာစိန်၊ ဦးငွေလှိုင်၊ ဒေါ်မာမာထွေး၊ ဒေါ်သောင်းလှိုင်၊ ဒေါ်ညိုတို့၏ အစ်မ၊ အရာခံဗိုလ်မောင်လင်း(မြဝတီရုပ်မြင်သံကြား)-ဒေါ်စန်းစန်းလှိုင်၊ ဒေါ်နုနုလှိုင်၊ ဦးသန်းဇော်-ဒေါ်မိုးမိုးလှိုင်၊ ရဲအုပ်သန်းထွန်းလှိုင် (မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့)တို့၏ မွေးသမိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၁၂-၃-၂၀၁၉ (အင်္ဂါနေ့)နံနက် ၁၁း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါက်တာဒေါ်မူယာတင် [IM-(1)77]
### ယခင် အရှေ့ပိုင်းဆေးရုံကြီး
### MEHS ကျောင်းသူဟောင်း
### အသက် (၆၉)နှစ်

[ပါမောက္ခ ဒေါက်တာဦးရွှေတင် (မီးယပ်/သားဖွား)-ဒေါက်တာဒေါ်တင်တင်မွန်း(မိခင်/ကလေး)]တို့၏ သမီး၊ [ဦးအောင်ကျော်မြင့် (ဖြိုတိသျှသံရုံး)-ဒေါ်ခင်မိ]တို့၏ သမီးချွေးမ၊ ဦးမျိုးအောင်(ခ)ဘပု(ပုလဲနှင့်ငါး၊ Sun Ship Repair)၏ ဇနီး၊ Dr.ဉာဏ်ကျော်တင်(UK)-Alison (UK)၊ ဦးတင်မောင်ဝင်း (Australia)-Dr.သူဇာမေတင်(Australia)၊ (ဦးဝင်းမြင့်)-ဒေါ် Annie တင်ဦး၊ ဦးညွန့်တင်-ဒေါ်မေအောင်မြင့်၊ ဒေါ်ချစ်ချစ်မြင့်၊ Capt. အောင်ခင်မြင့်-ဒေါ်တိုးတိုးမြင့် (A & T Meccadamia)တို့၏ညီမ/အစ်မ ဒေါက်တာဒေါ်မူယာတင်သည် ၁၀-၃-၂၀၁၉ ရက် နံနက် ၁ နာရီတွင် Australia နိုင်ငံ၊ Perth မြို့၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်လှဲ့လှဲ့အေးခိုင်
### အသက်(၆၀)

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ အမှတ်(၆၅)၊ မင်္ဂလာလမ်း၊ သုံးလွှာနေ [ဦးဖုန်းမြင့် (MEIC)-ဒေါ်ခင်တင့်]၏သမီး၊ ဒေါ်ပင်စီမြင့် (ကျောင်းဆရာမ-ငြိမ်း)၊ ဒေါ်စောသွဲ့ခိုင် (အထက-၁၊ စမ်းချောင်း-ငြိမ်း)၊ ဦးခိုင်ထွေး-ဒေါ်သူဇာမြင့် (တရားလွှတ်တော်ရှေ့နေ)၊ ဒေါက်တာသွယ်သွယ်ခိုင် (ခေတ္တ-အင်္ဂလန်)၊ [ဦးညီညီအေး(ခ) ဦးဇော်ဗလ]-ဒေါ်သင်းသင်းခိုင် (ခေတ္တ-ထိုင်း)၊ ဦးထွန်းလွင်-ဒေါ်နီလာခိုင်တို့၏ ညီမ၊ ဦးမောင်မောင်စိန်-ဒေါ်ဆွေဆွေမြင့်တို့၏ အစ်မသည် ၁၀-၃-၂၀၁၉ ရက် ညနေ ၅း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၆း၃၀ နာရီတွင် ထွက်ပါသည်။)

ကျန်ရစ်သူမိသားစု

## ဦးခင်ဇော် (စောင်စက်ရုံ-၃၊ ငြိမ်း) (၅၈) နှစ်

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်၊ (င/က)ရပ်ကွက်၊ ဇာဝေယာလမ်းထောင့်၊ စောင်စက်ရုံလိုင်းခန်းနေ (ဦးအောင်ကြည်-ဒေါ်ခင်ကြည်)တို့၏သား၊ (ဦးလှအောင်-ဒေါ်သဲမြ)တို့၏သားသမက်၊ ဦးကြည်ဝင်း-ဒေါ်ခင်စန်းကြည်၊ ဦးဝင်းမြင့်အောင် (ဒုအရာခံဗိုလ်-ငြိမ်း)-ဒေါ်မြင့်မြင့်ဦး၊ (ဦးမြင့်လွင်-ဒေါ်ခင်စန်းရီ)တို့၏ ညီ/မောင်၊ (ဦးမြင့်ကြည်)-ဒေါ်အေးမော်၊ (ဦးမောင်မောင်ရီ)-ဒေါ်ခင်ဌေးကြည်၊ ဦးမြအေး-ဒေါ်ခင်သန်းကြည်၊ တပ်ကြပ်မြင့်နိုင်-ဒေါ်မြင့်မြင့်သန်း၊ ဦးရဲဝင်းထွဋ်တို့၏အစ်ကို၊ ဒေါ်ခင်မျိုးမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးဇော်ဇော်ဦး-ဒေါ်မေသူဝင်း၊ ကိုသော်ဇင်ဦး(AA Medical Product Co., Ltd)၊ မသန်းသန်းဆင့် (Life Photography Studio)တို့၏ ချစ်လှစွာသောမွေးသဖခင်ကျေးဇူးရှင်၊ မောင်ခန့်နေ၊ မောင်ဘုန်းသစ်ခန့်တို့၏ ချစ်လှစွာသောအဘိုးသည် ၁၁-၃-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် စံပြဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၃-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် တွင် သဃ်န်းကျွန်းမြို့နယ်၊ (င/က)ရပ်ကွက်၊ ဇာဝေယာလမ်းထောင့်၊ စောင်စက်ရုံလိုင်းခန်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဇော်ဝင်း (Chief Engineer)
### အသက်(၅၇)နှစ်

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၃)ရပ်ကွက်၊ အမှတ်(၄၅၅)နေ (ဦးထွန်းအောင်-ဒေါ်လှကြည်)တို့၏ သား၊ (ဦးမြသိန်း-ဒေါ်ခင်ဝင်း)တို့၏ သားသမက်၊ (ဦးဝင်းဖေ)၊ (ဦးသောင်းထွန်း)-ဒေါ်ခင်စုဝင်း၊ (ဦးညွန့်ဝေ)-ဒေါ်စန်းစန်းမော်၊ ဦးအေးဇော်-ဒေါ်တင်တင်အောင်၊ ဦးမျိုးလွင်-ဒေါ်စန်းစန်းလွင်တို့၏ မောင်၊ (ဦးသိန်းနိုင်)၏ အစ်ကို၊ ဦးထွန်းမင်း-ဒေါ်တင်တင်မျိုး၊ ဦးညိုမင်း-ဒေါ်ခင်မြသီတို့၏ အစ်ကို၊ ဦးဇော်လှမ်းမိုးနိုင်-ဒေါ်နန်းမေဇင်ကျော်၊ ဦးအောင်ဇော်မိုးနိုင်-ဒေါ်ဟန်သီထွန်း၊ ဒေါ်ခင်ဖုန်းဇော်တို့၏ ဖခင်၊ မလဝန်းကဗျာမေ၊ မောင်ဘုန်းသစ်နေ၊ မောင်ရှင်းသစ်နေတို့၏ အဘိုး၊ ဒေါ်ဝင်းဝင်းနိုင်၏ ချစ်လှစွာသောခင်ပွန်းသည် ၁၁-၃-၂၀၁၉ ရက် နံနက် ၆း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၃-၂၀၁၉ (တနင်္ဂနွေနေ့) နံနက်တွင် သဃ်န်းကျွန်းမြို့နယ်၊ ၁၆/၃ ရပ်ကွက်၊ သုမနလမ်း၊ အမှတ်(၄၅၅) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ကျင်
### အသက် (၇၈) နှစ်

ပဲခူးမြို့ ဇိုင်းဂနိုင်းတောင်ပိုင်း၊ ပတ္တမြားဖြတ်လမ်းနေ (ဦးပွ-ဒေါ်စောမြိုင်)တို့၏ သမီး၊ (ဦးဇော်ထွဋ်-ဒေါ်နန်းမှိုင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၃)ရပ်ကွက်၊ အေးရိပ်သာ(၄)လမ်း၊ အမှတ်(၇၄၂)နေ (ဦးဂွန်ဂျာနော်)၏ ဇနီး၊ ဦးဇော်ရှောင်-ဒေါ်ယဉ်ယဉ်အေး၊ (ဦးဇော်လတ်)၊ ဦးဇော်နိုင်၊ ဦးစိုးဝင်း-ဒေါ်ခေါ်န် ငြိမ်းထက်၊ ဦးတင်ထူးအောင်-ဒေါ်မြတ်ဇာနည်ကျော် (မန်နေဂျာ၊ နေပြည်တော် စာတိုက်ကြီး)၊ (ဒေါ်ဒွဲရာ)၊ ဦးအုံ့ဘနန်း-ဒေါ်လတ်လတ်နွယ်၊ ကိုရဲမင်းရည်- မနွယ်နွယ်ဦး တို့၏ ချစ်လှစွာသောမိခင်၊ မြေး ခြောက်ယောက်တို့၏အဘွားသည် ၁၁-၃-၂၀၁၉ (တနင်္လာနေ့) ည ၁၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၃-၂၀၁၉ (တနင်္ဂနွေနေ့)တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၃)ရပ်ကွက်၊ အေးရိပ်သာ(၄)လမ်း၊ အမှတ်(၇၄၂)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ယဉ်ရွှေ (ကွမ်းခြံကုန်း)
### သန့် အီလက်ထရောနစ်
### အသက်(၇၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့ ဗိုလ်ချုပ်လမ်းနေ ဦးမောင်ညို (သန့် အီလက်ထရောနစ်)၏ ဇနီး၊ ဦးမျိုးမင်းသန့်-ဒေါ်မို့မို့ဇင်(သန့်လျှပ်စစ်-လှိုင်)၊ ဦးကျော်မင်းထွန်း (လ/ထ အထွေထွေမန်နေဂျာ-YESC)-ဒေါ်သန္တာညိုတို့၏မိခင်၊ မောင်ဘုန်းသန့်ထူး၊ မောင်ကောင်းသန့်စိုး၊ မခန့်ရတီကျော်တို့၏ အဘွားသည် ၁၁-၃-၂၀၁၉ (တနင်္လာနေ့) ည ၁၀း၂၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ကွမ်းခြံကုန်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဒေါက်တာ ဒေါ်အက်စတာတင်ထက်
### သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး (ငြိမ်း)
### အသက် (၇၁) နှစ်

ရန်ကုန်မြို့နေ ဂုဏ်ထူးဆောင်ပါမောက္ခ ဆရာကြီးဦးသီဟ-(ဒေါ်ချိုချိုထက်)တို့၏သမီးကြီး၊ ပါမောက္ခ ဦးစောထူးဘော(ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဒေါက်တာဦးထက်ကြူ-ဒေါ်အေးအေးထက်ဆွေ၊ Mr.Hiroyuki Suzuki-ဒေါ်ခင်ဌေးကြူ၊ ဒေါက်တာဦးသက်ကြူ-နော်ဂျမီးမ၊ သူရဦးအောင်မျိုးမြင့်-ဒေါ်သီတာကြူ၊ ဒေါ်နီလာကြူတို့၏ ချစ်လှစွာသောအစ်မကြီး၊ ဒေါက်တာစပယ်ထက်ထက်ထူး၊ စောဝါးအယ်ထူး ဘဆိုင်-နော်ယဉ်သွယ်ထူး၊ ဒေါက်တာစောမင်းထူး-မအေးစန္ဒာတို့၏ ချစ်လှစွာသော မိခင်ကြီး၊ စောသီအိုဝါးထက်ဆိုင်၊ စောဂျေဒင်ဝါးထက်ဆိုင်၊ စောအေရွန်မြတ်ထူးပိုင်တို့၏ ချစ်လှစွာသောအဘွားသည် ၁၂-၃-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၀း၁၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၄-၃-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ်(၁၄၅)၊ သစ်တောလမ်း၊ ပြင်ဦးလွင်မြို့ရှိ နေအိမ်၌ ဝတ်ပြုကိုးကွယ်ပြီး ပြင်ဦးလွင်မြို့ ရှစ်မိုင်ခရစ်ယာန်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ အောက်မေ့ဘွယ် ဝတ်ပြုစည်းဝေးကို ၁၆-၃-၂၀၁၉ (စနေနေ့) နံနက် ၁၀ နာရီတွင် ပြင်ဦးလွင်မြို့နေအိမ်၌ ပြုလုပ်မည်ဖြစ်ပါကြောင်း မိသားစု ဆွေမျိုးမိတ်သင်္ဂဟအားလုံးသို့ အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်လင်း(ခ)တီယုတ်ပင်း
### အသက်(၆၆)နှစ်
### ဖြိုးစုအောင်စာရေးကိရိယာ (မင်္ဂလာဈေး)

ရန်ကုန်မြို့ လသာမြို့နယ်နေ (ဦးတီလှိုင်ဝှက်-ဒေါ်အင်တင်)တို့၏ သားငယ်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးသန်းတင့်ဆွေ)-ဒေါ်ခင်လွှမ်းတို့၏ သားသမက်၊ တာမွေမြို့နယ်၊ မအူကုန်းလမ်းကျယ်၊ အမှတ်(၂၂/B)နေ ဒေါ်ဆွေဆွေဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ စင်ကာပူနိုင်ငံနေ Lee Yong Liang-မဖြိုးစုအောင် (ခေတ္တ-စင်ကာပူ)၊ မောင်ဇင်မင်းထွန်း၊ မသွန်းမှီမှီအောင်၊ မောင်အောင်ဟန်ဆင့်တို့၏ ချစ်လှစွာသော မွေးသဖခင် သည် ၁၂-၃-၂၀၁၉ (အင်္ဂါနေ့) နံနက် ၀၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၁၉ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်အေးအေးဝင်း (ဦးစီးအရာရှိ-ငြိမ်း)
### ကျောက်တန်းမြို့နယ်စာရင်းစစ်ရုံး
### အသက်(၅၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့ သောက်တော်တွင်းရပ်ကွက်၊ အဝေရာသုခလမ်း၊ အမှတ်(၁၆)နေ (ဦးကျော်တင့်-ဒေါ်ငြိမ်းလှ)တို့၏ သမီးကြီး ဒေါ်အေးအေးဝင်းသည် ၁၂-၃-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၁း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် အမိုးနီသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၁၉ (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါက်တာမေဇင်ထွန်း
### ကထိက-ဇီဝကမ္မဗေဒဌာန၊ ဆေးတက္ကသိုလ်-၁ ရန်ကုန်
### ဆာကူရာဆေးရုံ၊ EMO-အရေးပေါ်ဌာန
### အသက် (၄၁) နှစ်

ရန်ကုန်မြို့ အလုံမြို့နယ်၊ အမှတ် (၁၆၆/၁၅)၊ ပထမသီရိရိပ်သာနေ ဦးသိန်းထွန်း-ဒေါ်မေမေခင်တို့၏သမီးကြီး၊ ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မြေသာစည်အိမ်ရာ၊ အောင်ချမ်းသာ(၅)လမ်း၊ အမှတ်(၇၅)နေ (ဦးနီ)-ဒေါ်ဖြိုင်တို့၏ သမီးချွေးမ၊ ဦးသန့်ဇင်ဝင်း (YIT 1996 Intake, B.E-EC)၏ ချစ်လှစွာသောဇနီး၊ မောင်ဟိန်းထွဋ်ဦး(Year -8, PISM)၊ မောင်မိုးလွင်ဦး(KG-Nurture Private Primary School)တို့၏ ချစ်လှစွာသောမိခင်၊ မမေသူထွန်း၊ မမေသန္တာထွန်း၊ မောင်ဖြိုးဝေထွန်းတို့၏ ချစ်လှစွာသောအစ်မ ဒေါက်တာမေဇင်ထွန်းသည် ၁၁-၃-၂၀၁၉ ရက် ညနေ ၅း၂၅ နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကမာရွတ်မြို့နယ်နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ကြေးမုံ



# မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ တင်ပြချက်အပေါ် မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်း တုံ့ပြန်ပြောကြား

နေပြည်တော် မတ် ၁၂

**ဂျီနီဗာမြို့ ကုလသမဂ္ဂရုံး၌ ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၂၂ ရက်အထိ ကျင်းပလျက်ရှိသည့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ အကြိမ် (၄၀) မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူနှင့် အပြန်အလှန်ဆွေးနွေးမှု (Interactive Dialogue)တစ်ရပ်ကို မတ် ၁၁ ရက်တွင် ပြုလုပ်ခဲ့သည်။**

ယင်းဆွေးနွေးမှုတွင် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူက မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေနှင့် စပ်လျဉ်း၍ ၎င်း၏အစီရင်ခံစာကို နှုတ်ဖြင့် တင်သွင်းခဲ့သည်။

**လူ့အခွင့်အရေးနှင့် အားလုံးပါဝင်မှု**

အထူးအစီရင်ခံစာတင်သွင်းသူ၏ ဘက်လိုက်၍ အပြုသဘောမဆောင်သည့် မှတ်ချက်များနှင့်ပတ်သက်၍ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်းက မိန့်ခွန်းတစ်ရပ်ကို တုံ့ပြန်ပြောကြားခဲ့သည်။

မြန်မာအမြဲတမ်းကိုယ်စားလှယ်က မိန့်ခွန်းပြောကြားရာတွင် လူ့အခွင့်အရေးနှင့် အားလုံးပါဝင်မှုသည် မြန်မာနိုင်ငံ၏ဒီမိုကရေစီလူ့အဖွဲ့အစည်းသို့ အောင်မြင်စွာ အသွင်ကူးပြောင်းရေးအတွက် အဓိကကျကြောင်း၊ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး၊ စစ်မှန်သော အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အားလုံးပါဝင်သောဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးမှုမြှင့်တင်ရေး၊ ဒီမိုကရေစီနည်းလမ်းကျသောအလေ့အထများ ထွန်းကားရေးနှင့် ကောင်းမွန်သောအုပ်ချုပ်မှုပုံစံရှိရေးတို့အတွက် အစိုးရကကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေး၊ ပညာရေးအပါအဝင် နယ်ပယ်အများအပြားတွင် ထင်သာမြင်သာသည့် တိုးတက်မှုများရှိနေပြီဖြစ်ကြောင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များနှင့်အညီ မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (၂၀၁၈-၂၀၃၀) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း အလေးပေးပြောကြားခဲ့သည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကို (၃) ကြိမ်တိုင်တိုင် အောင်မြင်စွာ ကျင်းပခဲ့ပြီး ရလဒ်ကောင်းများ ရှိခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တိုင် နောက်ထပ်ညီလာခံ (၃) ကြိမ် ကျင်းပသွားရန်ရှိကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာစီမံအုပ်ချုပ်မှုပုံစံတို့ကို ထည့်သွင်းစဉ်းစားလျက် တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုကို အားပေးခြင်းဖြင့် စီးပွားရေးနယ်ပယ်တွင် ပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်လျက်ရှိကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှ ဒီမိုကရေစီကျင့်စဉ်နှင့်ကိုက်ညီမှုမရှိသော ဖော်ပြချက်များကို ပြင်ဆင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအခြေအနေနှင့် ပတ်သက်၍ စိန်ခေါ်မှုများနှင့် အကန့်အသတ်များစွာ ရင်ဆိုင်ကြုံတွေ့နေရသော်လည်း မြန်မာနိုင်ငံအနေဖြင့် ပြည်သူများ၏ အခွင့်အရေးများ ကာကွယ်မြှင့်တင်ရေးကို

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**



ရှမ်းယူနိုက်တက်နှင့် ပါဆီဂျာအသင်း ယှဉ်ပြိုင်နေစဉ်။

## ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်းAFC Cup ပြိုင်ပွဲ၌ ရှုံးပွဲကြုံတွေ့

**ရန်ကုန် မတ် ၁၂**

၂၀၁၉ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ မြန်မာကလပ်အသင်းများဖြစ်သည့် ရှမ်းယူနိုက်တက်အသင်းမှာ အိမ်ကွင်းနှင့် ရန်ကုန်အသင်းမှာ အဝေးကွင်း၌ ရှုံးပွဲကြုံတွေ့ခဲ့သည်။

**(သုဝဏ္ဏကွင်း)**

**ပါဆီဂျာဂျကာတာ (အင်ဒိုနီးရှား) - သုံးဂိုး**
**ရှမ်းယူနိုက်တက် (မြန်မာ) - တစ်ဂိုး**

ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်း၌ ရလဒ်ကောင်းရရန် ကြိုးပမ်းခဲ့ပြီး ပထမပိုင်းတွင် တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် ဂိုးများပြန်ပေးရကာ နှစ်ပွဲဆက်ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

**ရလဒ်ကောင်းရယူနိုင်ခဲ့**

ရှမ်းယူနိုက်တက်အသင်းသည် နှစ်ပွဲဆက်အရှုံးကြောင့် နောက်တစ်ဆင့်တက်ရန် ရုန်းကန်ရတော့မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနှင့် MNL ကလပ် ရန်ကုန်အသင်းနည်းပြချုပ်ဟောင်း အိုင်ဗန်ကိုလက်ဗ်၏ ပါဆီဂျာအသင်းသည် အဝေးကွင်း၌ ရလဒ်ကောင်း ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။

**အပြန်အလှန်ကစား**

ရှမ်းယူနိုက်တက်အသင်းသည် နိုင်ငံခြားသားကစားသမားသုံးဦး အပါအဝင် ထိုက်ထိုက်အောင်၊ ဒေးဗစ်ဒန်း၊ ဟိန်းသီဟဇော်တို့ဖြင့် ပွဲထွက်ခဲ့ပြီး ပါဆီဂျာအသင်းမှာလည်း အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက အပြန်အလှန်ကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်များလည်း ဖန်တီးနိုင်ခဲ့သည်။

ပွဲအစတွင် ပါဆီဂျာအသင်း ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်သော်လည်း ၁၄ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်း ဂိုးစရခဲ့ပြီး ကွင်းလယ်ကစားသမား နာကာမူရာက သွင်းယူခဲ့ခြင်းဖြစ်သည်။ အခွင့်အရေးများ အသုံးမချနိုင်သည့် ပါဆီဂျာအသင်းသည် ချေပဂိုးရရန် ဒုတိယပိုင်းတွင်

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့ »»»**

## မြန်မာ့လက်ရွေးစင်အသင်း ကစားသမားနှစ်ဦး အားဖြည့်

**ရန်ကုန် မတ် ၁၂**

ယခုလအတွင်း ယှဉ်ပြိုင်ကစားရမည့် နိုင်ငံတကာခြေစမ်းပွဲများအတွက် မြန်မာ့လက်ရွေးစင်အမျိုးသားအသင်းသည် ကစားသမားသစ်နှစ်ဦး အားဖြည့်ခဲ့ပြီး ကစားသမားစုစုပေါင်း ၂၉ ဦး ရှိလာခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်း ယာယီနည်းပြချုပ် ဦးမျိုးမင်းထွန်းသည် ပဏာမကစားသမား ၂၇ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့သော်လည်း နောက်တန်းအစွန်လူများဖြစ်သည့် ဟိန်းနေဆန်း (ရတနာပုံ)နှင့် ကျော်ဇင်လွင် (ဧရာဝတီ) တို့ကို ထပ်မံအားဖြည့်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မတ် ၁၁ ရက်မှစ၍ မန္တလေးမြို့၌ စခန်းဝင်လေ့ကျင့်လျက်ရှိပြီး

**စာမျက်နှာ ၁၃ ကော်လံ ၅ သို့ ❂**



ထပ်မံရွေးချယ်ခံရသည့် နောက်ခံလူ ဟိန်းနေဆန်း။